# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၄ ခုနှစ် ၊ ပြာသိုလပြည့်ကျော် (၁၃) ရက် ၊ ဗုဒ္ဓဟူးနေ့ ၊ (18-1-2023) ၊ အတွဲ (၃၁) ၊ အမှတ် (၂၆၃)


ဒို့တာဝန်အရေးသုံးပါး

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် ကိုဗစ်-၁၉ ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံး ကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# တရုတ်နိုင်ငံ ရွှေလီလေကြောင်းလိုင်း မန်စီ-မန္တလေး ပုံမှန်ခရီးစဉ်များ ဇန်နဝါရီ ၂၁ ရက်မှစတင်၍ ပြန်လည်ပျံသန်းပြေးဆွဲမည်




**မန္တလေး ဇန်နဝါရီ ၁၇**

တရုတ်နိုင်ငံ ရွှေလီလေကြောင်းလိုင်း **(Ruili Airlines)**သည် ခရီးစဉ်ဆင်းသက်မှု နှစ်နှစ်ကြာရပ်ဆိုင်းထားရာမှ ဇန်နဝါရီ ၂၁ ရက်မှ စတင်၍ မန်စီအပြည်ပြည်ဆိုင်ရာ လေဆိပ်မှ မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ မန်စီ-မန္တလေး ပုံမှန်ခရီးစဉ်များ ပြန်လည်ပျံသန်းပြေးဆွဲတော့မည်ဖြစ်ကြောင်း တက်ဟုန်းပြည်နယ်ခွဲ ကုန်သည်ကြီးများအသင်း မြန်မာနိုင်ငံကိုယ်စားလှယ်ရုံးမှ သိရသည်။


**စာမျက်နှာ ၁၈ ကော်လံ ၃ ✈**


# မြန်မာနိုင်ငံမြောက်ပျား ရေခဲတောင်များပေါ်တွင် နှင်းကျားသစ်တည်ရှိမှု သုတေသနခရီးစဉ်ကို ဆောင်ရွက်နိုင်ခဲ့



တရုတ်နှင့် အိန္ဒိယနိုင်ငံရှိ ရေခဲတောင်များပေါ်တွင် နေထိုင်ကျက်စားနေသော နှင်းကျားသစ်ကို တွေ့ရစဉ်။

**ရန်ကုန် ဇန်နဝါရီ ၁၇**

ကမ္ဘာပေါ်ရှိ ဆီးနှင်းဖုံးလွှမ်းသော ဗဟိုအာရှနိုင်ငံ ၁၂ နိုင်ငံတွင် အကောင်ရေ ၃၀၀၀ မှ ၆၀၀၀ ကျော်သာ ကျန်ရှိသော နှင်းကျားသစ် **(Snow Leopard)**မြန်မာနိုင်ငံမြောက်ဖျားရှိ ခါကာဘိုရာဇီ အမျိုးသားဥယျာဉ်ဧရိယာအတွင်း တည်ရှိကျက်စားမှုရှိမရှိကို ခါကာဘိုရာဇီအမျိုးသားဥယျာဉ်မှ ဝန်ထမ်းများနှင့် အမေရိကန်အခြေစိုက် **Panthera Corporation** မှ ပညာရှင်များပူးပေါင်း၍ သုတေသနပြုနိုင်ခဲ့ကြောင်း သိရသည်။

အပြည်ပြည်ဆိုင်ရာ သဘာဝအရင်းအမြစ်များထိန်းသိမ်းရေးအဖွဲ့ **(International Union for**


**စာမျက်နှာ ၁၈ ကော်လံ ၁ ❑**





ရတနာပုံ

၂၀၂၂ ခုနှစ် ဇန်နဝါရီ ၁၈ ရက်

အယ်ဒီတာ့အာဘော်

# မြေပြင်ကွင်းဆင်းလူဦးရေစာရင်းမှန်ကန်ရေး ပြည်သူများကူညီပေး

လူဦးရေစာရင်းမှန်ကန်စွာရရှိရေးတွင် မြေပြင်တစ်အိမ်တက်ဆင်း ကွင်းဆင်းစာရင်းကောက်ယူရေးအဖွဲ့သည် အခြေခံအကျဆုံးနှင့် အရေးအကြီးဆုံးဖြစ်သည်။ ထို့ကြောင့် နိုင်ငံတစ်ဝန်းတိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးတွင် နေရာမထပ်မကျန်စေရန် လူဦးရေစာရင်းများ စတင်ကောက်ယူလျက်ရှိသည်ကို တွေ့ရသည်။

၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် အဓိကမှားယွင်းသည်များမှာ နိုင်ငံသားစိစစ်ရေးကတ်များစနစ်တကျမရှိခြင်း၊ နိုင်ငံသားစိစစ်ရေးကတ်များဖောင်းပွခြင်းနှင့် တစ်ဦးတည်းဆပွားပုံစံဖြင့် ဆောင်ရွက်သည့်ကိစ္စရပ်များကြောင့် မဲစာရင်းများမမှန်မကန်ဖြစ်ပြီး ရလဒ်အဖြေများမှားယွင်းခဲ့သည့်ကိစ္စရပ်များဖြစ်သည်။ လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပြီးခဲ့သည့် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲနှင့်ပတ်သက်သည့် အမှားများကဲ့သို့မဖြစ်စေရေး အဓိကထားဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၏ ဦးဆောင်မှုဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ လူဦးရေစာရင်း တိကျမှန်ကန်ရေး အမြန်ဆုံးမြေပြင်ကွင်းဆင်းစာရင်းကောက်ယူဆောင်ရွက်ကြမည်ဖြစ်သည်။ ထိုသို့ တိကျမှန်ကန်စွာစာရင်းကောက်ယူနိုင်မှသာ ရွေးကောက်ပွဲမဲစာရင်းများအမှန်တကယ်ပြုစုနိုင်မည်ဖြစ်သည်။

လွတ်လပ်ပြီး တရားမျှတသောရွေးကောက်ပွဲဖြစ်စေရေးမှာ မဲဆန္ဒရှင်စာရင်းမှန်ကန်ရေးသည် အဓိကအကျဆုံးအခြေခံအချက်ဖြစ်သည်။ မှန်ကန်သောမဲဆန္ဒနှင့် စာရင်းရရှိရန်မှာ လက်ရှိလူဦးရေစာရင်းမှန်ကန်ရေးက အခြေခံကျနေသည်။ မှန်ကန်သောလူဦးရေစာရင်းမှသည် တိကျသောမဲစာရင်းကို ပြုစုနိုင်မည်ဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လမ်းညွှန်ချက်အရ လူဦးရေစာရင်းများမှန်ကန်စေရေးအတွက် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူခြင်းလုပ်ငန်းများကို တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးတွင် ဇန်နဝါရီ ၉ ရက်မှ စတင်ကောက်ယူလျက်ရှိရာ ဇန်နဝါရီ ၁၃ ရက်ထိ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးလိုသည့် အကြမ်းဖက်အဖွဲ့အစည်းများမှ နှောင့်ယှက်ဖျက်ဆီးမှု (၇) ကြိမ်ဖြစ်ပွားခဲ့ရာ တနင်္သာရီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့တွင် ထိခိုက်ဆုံးရှုံးမှုများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်တချို့ ကျဆုံးမှုများရှိခဲ့သည်ကို သတင်းများတွင် ဖော်ပြထားသည်ကို တွေ့ရသည်။

နိုင်ငံတော်၏အနာဂတ်အတွက် ပြည်သူများ၏မျှော်လင့်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန် လူဦးရေစာရင်းမှန်ကန်ရေးအတွက် ဇန်နဝါရီ ၉ ရက်မှ ၃၁ ရက်ထိ ကွင်းဆင်းစာရင်းကောက်ယူရေးလုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်နိုင်ရန် အရေးကြီးသည်။ ၎င်းလုပ်ဆောင်ချက်ကို မကြိုက်သူများကလည်း ဆက်လက်၍ ဖျက်လိုဖျက်ဆီးလုပ်လာနိုင်သည်။ နိုင်ငံတော်ကလည်း ဘက်ပေါင်းစုံမှကြည့်၍ အပြုသဘောဆောင်အောင်မြင်အောင်ဆောင်ရွက်သွားမည်သာ။ နိုင်ငံ့အကျိုး၊ အများအကျိုးအတွက် မဆုတ်မနစ်သောဇွဲလုံ့လအပြည့်ဖြင့် ကြိုးပမ်းနေမည်ဖြစ်သည်။

သို့ဖြစ်ရာ လူဦးရေစာရင်းမှန်ကန်ရေး ကွင်းဆင်းကောက်ယူသူများ တစ်အိမ်တက်ဆင်း မမောနိုင်မပန်းနိုင် ကောက်ယူနေကြပြီဖြစ်သည်။ ထို့ကြောင့် မေးမြန်းကောက်ယူသူများအပေါ် ဖြေကြားမည့်ပြည်သူများကလည်း နိုင်ငံတော်၏အနာဂတ်အတွက် တစ်တပ်တစ်အားပါဝင်ပူးပေါင်းကူညီကြစေလိုကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။

# မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမောင်ကိုနှင့် ကျေးရွာစာကြည့်တိုက်များ ငွေပဒေသာပင်ရန်ပုံငွေကြီးကြပ်မှုကော်မတီအဖွဲ့ဝင်များ တွေ့ဆုံ




**မန္တလေး ဇန်နဝါရီ ၁၇**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမောင်ကိုနှင့် ကျေးရွာစာကြည့်တိုက်များ ငွေပဒေသာပင်ရန်ပုံငွေကြီးကြပ်မှုကော်မတီအဖွဲ့ဝင်များ တွေ့ဆုံပွဲအခမ်းအနားကို ဇန်နဝါရီ ၁၆ ရက် နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး (၂)ထပ်ဆောင် အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမောင်ကို၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ကျေးရွာစာကြည့်တိုက်များ ငွေပဒေသာပင်ရန်ပုံငွေကြီးကြပ်မှုကော်မတီအဖွဲ့ဝင်များ၊ အလှူရှင်များနှင့်ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်က နိုင်ငံတော်က ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်နေသည့်ကဏ္ဍများတွင် စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးအခန်းကဏ္ဍလည်း ပါဝင်ရာ တိုင်းဒေသကြီးအတွင်းရှိ တက္ကသိုလ်၊ ဒီဂရီ၊ ကောလိပ်၊ အခြေခံပညာကျောင်းများ၏ စာကြည့်တိုက်များနှင့် ကျေးရွာ၊ ရပ်ကွက်၊ မြို့နယ်၊ ခရိုင်အတွင်းရှိ ပြည်သူ့စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့က လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးနေကြောင်း၊ စာကြည့်တိုက်များ ပိုမိုဖွံ့ဖြိုးလာအောင်နှင့် လူငယ်များအကြား စာဖတ်ရှိန်မြင့်မားလာအောင် အားလုံးဝိုင်းဝန်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း စသည်ဖြင့် အမှာစကားပြောကြားသည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး ကျေးရွာစာကြည့်တိုက်များ ငွေပဒေသာပင်ရန်ပုံငွေကြီးကြပ်မှုကော်မတီမှ တာဝန်ရှိသူများက ကျေးရွာစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး၊ ရေရှည်တည်တံ့ခိုင်မြဲရေး၊ ရန်ပုံငွေတိုးပွားရေးတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကာ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၏ ဖြည့်စွက်တင်ပြချက်များနှင့် တက်ရောက်လာသူများ၏ အကြံပြုဆွေးနွေးမှုများအပေါ် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်က စာကြည့်တိုက်များအတွက် ဝန်ကြီးချုပ်မိသားစုမှ လှူဒါန်းသည့် ဓမ္မဒါနစာအုပ် ၁၀၀၀ ကို ပေးအပ်လှူဒါန်းပြီးနောက် အလှူရှင်များမှ လှူဒါန်းငွေကျပ်သိန်း ၆၀ ကို ကျေးရွာစာကြည့်တိုက်များ ငွေပဒေသာပင်ရန်ပုံငွေကြီးကြပ်မှုကော်မတီဥက္ကဋ္ဌက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**မျိုးကျော်**

# တန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာသင်တန်း ဖွင့်လှစ်မည်

**မန္တလေး ဇန်နဝါရီ ၁၇**

မန္တလေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက သီးနှံအခြေခံတန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာသင်တန်း ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း အဆိုပါဌာနမှ သိရသည်။

အဆိုပါသင်တန်းကို ရာသီအလိုက် ပေါများစွာထွက်ရှိသော ဆန်၊ ပဲ၊ ပြောင်း၊ ဂျုံနှင့် သီးနှံများကို တန်ဖိုးမြှင့်စားသောက်ကုန်အနေဖြင့် ထုတ်လုပ်တတ်စေရန်၊ ဈေးကွက်အတွင်း ကျန်းမာရေးနှင့်ညီညွတ်သော ပြည်တွင်းဖြစ်စားသောက်ကုန်များဖြင့် အစားထိုးရန်ရည်ရွယ်၍ ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း၊ သင်တန်းကို ဇန်နဝါရီ ၂၀ ရက်မှ ၂၇ ရက်ထိ အောင်မြေသာစံမြို့နယ် ၈၂ လမ်း၊ ၂၅ လမ်းထောင့်ရှိ တိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတွင် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းဗိုလ်က ပြောပြသည်။

"မိမိတို့ဒေသမှာ စိုက်ပျိုးထားရှိတဲ့သီးနှံတွေ၊ သစ်သီးဝလံတွေကို တန်ဖိုးမြှင့်ထုတ်ကုန် ထုတ်လုပ်လာစေဖို့ပါ။ ဂျုံကနေ မုန့်မျိုးစုံပြုလုပ်တဲ့အတတ်ပညာတွေ ရရှိစေပြီး ဝင်ငွေတွေလဲတိုးစေဖို့ ရည်ရွယ်ချက်နဲ့ဖွင့်လှစ်ပို့ချတာပါ။ သင်တန်းကာလကတော့ ရှစ်ရက်ကြာ ဖွင့်လှစ်မှာဖြစ်ပါတယ်။ တက်ရောက်လာတဲ့ သင်တန်းသား၊ သင်တန်းသူတွေ သင်တန်းပြီးဆုံးသွားတာနဲ့ စီးပွားဖြစ်ထုတ်လုပ်ရောင်းချနိုင်တဲ့ထိ သင်ကြားပေးသွားမှာပါ။ သင်တန်းဆင်းလက်မှတ်လဲ ပေးအပ်သွားမှာပါ။ သင်တန်းကြေးအနေနဲ့ကတော့ ငွေကျပ် ၁၀၀၀၀ ပေးသွင်းရမှာပါ"ဟု ဦးဝင်းဗိုလ်က ပြောပြသည်။

အဆိုပါ သင်တန်းတွင် ကိတ်မုန့်မျိုးစုံ၊ စာကလေးချေးကြော်၊ သစ်သီးအနှစ်ရည်မျိုးစုံ၊ သစ်သီးယိုမျိုးစုံ၊ ပြောင်းဖူးပေါက်ပေါက်ထုတ်လုပ်နည်းများ စသည်တို့ကို သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

(၁၈၅)

# ဧရာဝတီမြစ်အတွင်း ဆည်သည်ရေလမ်းကြောင်းတစ်လျှောက်တွင် သောင်ထွန်းမှု များခြင်းကြောင့် ရေယာဉ်များသတိပြုသွားလာသင့်ဟုဆို

**မန္တလေး ဇန်နဝါရီ ၁၇**

ဧရာဝတီမြစ်အတွင်း မြစ်ကြောင်းတိုင်းတာရေးလုပ်ငန်းများ ဆောင်ရွက်မှုအရ ဆည်သည်ရေလမ်းကြောင်းတစ်လျှောက်တွင် သောင်ထွန်းမှု များခြင်းကြောင့် ရေယာဉ်များ သတိပြုသွားလာသင့်ကြောင်း ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ-၅၊ မန္တလေးတိုင်းဒေသကြီး၊ မြစ်ကြောင်းတိုင်းတာရေးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသိန်းခိုင်ဝင်းက ပြောပြ၍ သိရသည်။

ယခုအခါ ဧရာဝတီမြစ်အတွင်း ရေနည်းချိန်ကာလသို့ ရောက်ရှိနေပြီဖြစ်ကြောင်း၊ ထိုသို့ ရေနည်းချိန်ကာလတွင် သောင်ထွန်းမှုများ ဖြစ်ပေါ်နေခြင်းကြောင့် ရေယာဉ်များ အဆင်ပြေစွာသွားလာနိုင်ရေးအတွက် ဧရာဝတီမြစ်ကြောင်းတစ်လျှောက် မန္တလေးမြို့ ရေလမ်းကြောင်း၊ မတ္တရာမြို့နယ် သဖန်းထောင့် ရေလမ်းကြောင်း၊ စဉ့်ကူးမြို့နယ် ဆည်သည်ရေလမ်းကြောင်းနှင့် ရွှေလှေရေလမ်းကြောင်းတစ်လျှောက်တွင် မြစ်ကြောင်းတိုင်းတာရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

"နို့ဝင်ဘာလကနေစပြီးတော့ မြစ်ကြောင်းတိုင်းတာရေးလုပ်ငန်းတွေ စပြီးလုပ်ဆောင်ခဲ့တာ ဇန်နဝါရီလ ပထမပတ်ထဲမှာပဲ လုပ်ငန်းအားလုံးပြီးစီးသွားပါပြီ။ မြစ်ကြောင်းတိုင်းတာရေးလုပ်ငန်းဆောင်ရွက်မှုအရကတော့ စဉ့်ကူးမြို့နယ် ဆည်သည်ရေလမ်းကြောင်းမှာ သောင်ဖြစ်ထွန်းမှု များတာကြောင့် ရေလမ်းကြောင်းများပြီး သောင်တင်တာတွေဖြစ်နိုင်ပါတယ်။ ဧရာဝတီမြစ်အတွင်း ရေလမ်းကြောင်းလေးခုကို တိုင်းတာတဲ့လုပ်ငန်းမှာ အဓိကကတော့ ရေကျချိန်မှာ ဘယ်နေရာတွေမှာ သောင်အများဆုံးဖြစ်ထွန်းနိုင်တယ်။ ရေအနက်နည်းတဲ့နေရာတွေက ဘယ်နေရာတွေမှာလဲဆိုပြီး ကြိုတင်သိရအောင်လို့ မြစ်ကြောင်းတိုင်းတာရေးလုပ်ငန်းတွေကို ဆောင်ရွက်ပေးခဲ့တာပါ" ဟု ဦးသိန်းခိုင်ဝင်းက ပြောပြ၍ သိရသည်။

(၁၈၄)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ ဓာတ်ပုံသတင်း(ဖုန်း)-၀၃၃-၇၂၇၈၁၊၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ၈၀ရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ကွတ်ခိုင်မြို့နယ် နားလည်ကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး

**ကွတ်ခိုင် ဇန်နဝါရီ ၁၇**

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကွတ်ခိုင်ခရိုင် ကွတ်ခိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့် နားလည်ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်ပြီးစီးမှုအခြေအနေများကို ဇန်နဝါရီ ၁၆ ရက် နံနက် ၁၁ နာရီက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကွတ်ခိုင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးယိုင်ဆိုင်နှင့် တာဝန်ရှိသူများက ကျေးရွာကုန်ထုတ်လမ်းကော်မတီဝင်များနှင့်အတူ နားလည်ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လမ်းရေရှည်တည်တံ့စေရေး ပိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ကွတ်ခိုင်မြို့နယ် နားလည်ကျေးရွာ၌ ကုန်ထုတ်လမ်းအရှည် တစ်မိုင် ငါးဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ သဲဖြူန်းကျောက်ခင်းခြင်းလုပ်ငန်းကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခွင့်ပြုရန်ပုံငွေကျပ် ၆၃ ဒသမ ၇ သန်းဖြင့် တင်ဒါအောင်မြင်သည့် ရှိုင်းမင်းခကုမ္ပဏီက ၂၀၂၂ ခုနှစ် ဇွန်လပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်နိုင်မှုကြောင့် နားလည်ကျေးရွာရှိ အိမ်ခြေ ၈၀၊ လူဦးရေ ၃၈၀ တို့၏ စိုက်ပျိုးမြေဧက ၁၅၀ ကျော်မှ ထွက်ရှိသော ထုတ်ကုန်၊ ထွက်ကုန်များဈေးကွက်အတွင်း ကုန်ကျစရိတ်သက်သာစွာ အလွယ်တကူသယ်ယူပို့ဆောင်နိုင်ပြီဖြစ်ကြောင်း ကွတ်ခိုင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးယိုင်ဆိုင်က ပြောပြ၍ သိရသည်။

**မြတ်ဆု**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဓိဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မိုးညှင်းမြို့နေ ဒေါက်တာ ဒေါ်နုနုဆွေနှင့် မောင်မြင့်စိန်မိသားစုက ဒေါ်လှဝင်းအား ရည်စူး၍ ဆွမ်းအလှူငွေကျပ် ၄၀၀၀၀၀ လှူဒါန်းရာ ရုံးအဖွဲ့မှူး ဦးသန့်ဇင်က လက်ခံရယူစဉ်။

# ရခိုင်ပြည်နယ် ငပလီကမ်းခြေသို့ ၂၀၂၂ ခုနှစ်အတွင်း ပြည်တွင်း၊ ပြည်ပခရီးသွား ၇၆၈၆၂ ဦး လာရောက်လည်ပတ်ခဲ့



**စစ်တွေ ဇန်နဝါရီ ၁၇**

ရခိုင်ပြည်နယ် ငပလီကမ်းခြေသို့ ၂၀၂၂ ခုနှစ်အတွင်း ပြည်တွင်း၊ ပြည်ပခရီးသွား ၇၆၈၆၂ ဦး လာရောက်လည်ပတ်ခဲ့ကြောင်း ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန (ရခိုင်ပြည်နယ်) ညွှန်ကြားရေးမှူး ဦးတင်ထွန်းအောင်က ပြောပြ၍ သိရသည်။

၂၀၂၂ ခုနှစ်အတွင်း ငပလီကမ်းခြေကို ပြည်တွင်းခရီးသွား ၇၅၁၆၆ ဦးနှင့် ပြည်ပခရီးသွား ၁၆၉၆ ဦး စုစုပေါင်း ပြည်တွင်း၊ ပြည်ပခရီးသွား ၇၆၈၆၂ ဦး လာရောက်လည်ပတ်ခဲ့ပြီး ရခိုင်ပြည်နယ်တစ်ခုလုံးရှိ ခရီးစဉ်ဒေသများသို့ ပြည်တွင်း၊ ပြည်ပခရီးသွားဦးရေ ၂၇၂၃၈၀ လာရောက်လည်ပတ်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့နှစ်ကတော့ သကြ်န်ကာလကတည်းက ကမ်းခြေတစ်လျှောက် ခရီးသွားဝင်ရောက်မှု မပြတ်တမ်းရှိခဲ့ပါတယ်။ အထူးသဖြင့် အစိုးရရုံးပိတ်ရက်ဆက်တိုက်ဖြစ်တဲ့လတွေဆိုရင် သိသိသာသာ ခရီးသွားလာရောက်မှု များပြားပါတယ်။ ၂၀၂၁ ခုနှစ်က ငပလီကမ်းခြေကို ပြည်တွင်း၊ ပြည်ပခရီးသွား ၂၈၅၃၅ ယောက်သာ လာရောက်လည်ပတ်ခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် ၂၀၂၁ ခုနှစ်နဲ့နှိုင်းယှဉ်ရင် ၂၀၂၂ ခုနှစ် ခရီးသွား ဝင်ရောက်မှုသိသိသာသာ တိုးလာတာဖြစ်ပါတယ်"ဟု ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန(ရခိုင်ပြည်နယ်) ညွှန်ကြားရေးမှူး ဦးတင်ထွန်းအောင်က ပြောပြသည်။

ငပလီကမ်းခြေသည် ရခိုင်ပြည်နယ် သံတွဲခရိုင်အတွင်းတည်ရှိပြီး သံတွဲမြို့နှင့် ခုနစ်မိုင်ခန့်အကွာတွင်တည်ရှိကာ ငပလီကမ်းခြေသည် အလျား နှစ်မိုင်ရှည်လျားကြောင်း၊ လက်ရှိ ငပလီကမ်းခြေသို့ အလည်အပတ်ရောက်ရှိလာသူများမှာ ပုလဲကျွန်းသို့ သွားရောက်လည်ပတ်သူများပြားကြောင်း၊ ပုလဲကျွန်းမှာ ငပလီဂျိတ်တောမှ မိနစ် ၂၀ ခန့် စက်လှေဖြင့်သွားရသည့် ကျွန်းဖြစ်ကြောင်း ဦးတင်ထွန်းအောင်က ပြောပြ၍ သိရသည်။

**ASH**

# ဆင်ပေါင်ဝဲမြို့နယ် ကြေးခိုင်မကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဆင်ပေါင်ဝဲ ဇန်နဝါရီ ၁၇**

မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးလက်နေပြည်သူများ ဝင်ငွေလျော့နည်းလာမှုနှင့် စားဝတ်နေရေးအခက်အခဲများကို ကုစားပေးနိုင်ရန်နှင့် လူမှုစီးပွားဘဝများဖွံ့ဖြိုးလာစေရန်ရည်ရွယ်၍ ညောင်ပင်သာကျေးရွာအုပ်စု ကြေးခိုင်မကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ ပဉ္စမအကြိမ် ထုတ်ချေးခြင်းကို ဇန်နဝါရီ ၁၆ ရက် နံနက် ၁၀ နာရီက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ဈေးဦးစွာ ဆင်ပေါင်ဝဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ဇေယျက ကျေးလက်နေပြည်သူများ၏ ဝင်ငွေလျော့နည်းလာမှုနှင့် စားဝတ်နေရေးအခက်အခဲများကို ကုစားပေးနိုင်ရန်နှင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးလာစေရန် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၃၇၆ သိန်းလွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များက ကြေးခိုင်မကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၄၁ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၃၉ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၀ ဦး စုစုပေါင်း အသင်းသား၊ အသင်းသူဦးရေ ၁၉၀ ကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၃၇၆ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ကျော်ဦး**

# ဆိပ်ဖြူမြို့နယ် ချင်တောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ)လုပ်ငန်းများ စစ်ဆေး

**ဆိပ်ဖြူ ဇန်နဝါရီ ၁၇**

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ဆိပ်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ချင်တောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ)လုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများကို ဇန်နဝါရီ ၁၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဆိပ်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးရဲမင်းအောင်၊ ဆိပ်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးသိမ့်သိမ့်ကျော်နှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ) လုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ချင်တောင်ကျေးရွာ၌ တောင်သူ ၉၆ ဦးက ဆောင်းနှေကြာအပါအဝင် အခြားဆီထွက်သီးနှံများ စိုက်ပျိုးထားရှိမှုအခြေအနေများ၊ လစဉ်ဖြည့်သွင်းရမည့်ငွေစာရင်းဇယားများ စနစ်တကျဖြည့်သွင်းထားရှိမှုနှင့် စီမံကိန်းဆိုင်ရာညွှန်ကြားချက်များအတိုင်း ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းများနှင့်ပတ်သက်၍ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ချင်တောင်ကျေးရွာတွင် ဆောင်းနှေကြာအပါအဝင် အခြားဆီထွက်သီးနှံများ စိုက်ပျိုးသည့်တောင်သူများ လိုအပ်လျက်ရှိသည့် မျိုးစေ့၊ သွင်းအားစုများဝယ်ယူသုံးစွဲနိုင်ရန် အတိုးနှုန်းသက်သာသောချေးငွေများပံ့ပိုးပေးနိုင်ရန် စသည့်ရည်ရွယ်ချက်များဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၁၉၆ သိန်း ထုတ်ချေးပေးထားကြောင်း၊ ယခုအခါ အဆိုပါရန်ပုံငွေများဖြင့် ကျေးရွာရှိ တောင်သူများအနေဖြင့် ဆီထွက်သီးနှံ ၉၈ ဧကတွင် နေကြာအပါအဝင် အခြားဆီထွက်သီးနှံများ စိုက်ပျိုးလျက်ရှိကြောင်း ဆိပ်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးရဲမင်းအောင်က ပြောပြ၍ သိရသည်။

**နွဲ့ယဉ်**



# လမ်းလျှောက်ခြင်းဖြင့် ကြွက်သားများ သန်မာစေနိုင်သည်



မိမိတို့ရဲ့ ခန္ဓာကိုယ်မှာ အဆီပိုတွေ မရှိတော့ဘူးဆိုရင် ကြွက်သားတွေကလည်း ပိုမို ပေါ်လွင်လာပြီး သန်မာလာမှာ ဖြစ်ပါတယ်။ ဒီလို ဖြစ်ချင်တယ်ဆိုရင်တော့ တစ်ရက်ကို ခြေလှမ်းရေ ၁၀၀၀၀ လောက် လမ်းလျှောက်ပေးရုံနဲ့တင် ရရှိနိုင်ပါတယ်။

ဒီထက်ပိုပြီး ပြင်းထန်တဲ့ လေ့ကျင့်ခန်းမျိုးလိုချင်တယ်ဆိုရင်တော့ တောင်တက်လမ်းလျှောက်ခြင်းကိုလည်း ကြိုးစားကြည့်သင့်ပါတယ်။

ဒါ့အပြင် စက္ကန့် ၃၀ မှ ၁ မိနစ်၊ ၂ မိနစ်အထိ ခပ်မြန်မြန်လမ်းလျှောက်ပြီး ပုံမှန်လမ်းပြန်လျှောက်ခြင်း၊ အဲဒီနောက် ခပ်မြန်မြန်ပြန်ပြီး လမ်းလျှောက်ခြင်းလိုမျိုး လေ့ကျင့်ခန်းတွေကလည်း ထိရောက်မှုရှိလှပါတယ်။

လမ်းလျှောက်ခြင်းဟာ သင့်ခန္ဓာကိုယ်တစ်လျှောက်မှာရှိတဲ့ ကြွက်သားတွေရဲ့ တင်းအားကို တိုးမြင့်စေတာသာဖြစ်ပါတယ်။

လမ်းလျှောက်ခြင်းဟာ ပြင်းထန်တဲ့ လေ့ကျင့်ခန်းမဟုတ်တဲ့အတွက် ကြွက်သားတွေနာကျင်ခြင်းမရှိစေပါဘူး။ ဒါကြောင့် အနာတရဖြစ်တာမျိုး၊ နောက်တစ်ခေါက် လမ်းလျှောက်ဖို့အတွက် ကြွက်သားတွေနာလို့ မလျှောက်နိုင်တာမျိုးလည်း မဖြစ်စေပါဘူး။

# ကျုံပျော်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံ ၂၉၇၆ ဧက စိုက်ပျိုးပြီးစီး

**ကျုံပျော် ဇန်နဝါရီ ၁၇**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံ ၂၉၇၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကျုံပျော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ကျော်က ပြောပြ၍ သိရသည်။

ကျုံပျော်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံ ၂၉၇၆ ဧကလျာထားပြီး ၂၀၂၂ ခုနှစ် နိုဝင်ဘာလ ပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ပဲမျိုးစုံ လျာထားဧကအားလုံး ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

“ဆောင်းသီးနှံစိုက်ပျိုးရာသီ ကျုံပျော်မြို့နယ်မှာ ပဲမျိုးစုံ ၂၉၇၆ ဧက လျာထားစိုက်ပျိုးခဲ့ပါတယ်။ ဆောင်းသီးနှံ စိုက်ပျိုးရာသီမှာ သီးနှံတွေအားလုံး အခက်အခဲမရှိ စိုက်ပျိုးဖို့ လိုအပ်တဲ့မြေယာပြုပြင်တဲ့ လုပ်ငန်းတွေကို အောက်တိုဘာလထဲမှာ လုပ်ဆောင်ပေးခဲ့ပါတယ်။ နိုဝင်ဘာလထဲမှာ သီးနှံတွေကို စတင်စိုက်ပျိုးခဲ့ပါတယ်။ စိုက်ပျိုးထားတဲ့ ပဲသီးနှံတွေ ပိုးမွှားအန္တရာယ်ကင်းရှင်းစေဖို့နဲ့ အထွက်နှုန်းကောင်းစေဖို့ အသိပညာပေးလုပ်ငန်းတွေကိုလဲ ဆောင်ရွက်ပေးခဲ့ပါတယ်။ လက်ရှိ ပဲမျိုးစုံ ၂၉၇၆ ဧက စိုက်ပျိုးပြီးပြီဖြစ်ပါတယ်။ ဆောင်းသီးနှံတွေကို ပြန်လည်သိမ်းဆည်းတဲ့ အချိန်ထိ ဆက်လက်ပြီး ကူညီဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်”ဟု ကျုံပျော်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ကျော်က ပြောပြသည်။

ကျုံပျော်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံ စိုက်ပျိုးပြီးစီးမှုအနေဖြင့် ဗိုလ်ကိတ်ပဲ ၂၂၂၁ ဧက၊ ပဲနောက် ၃၁ ဧက၊ ပဲကြီး ၂၈ ဧက၊ ပဲပုပ် ၅၈၇ ဧက၊ ပဲယဉ်း ၁၀၉ ဧကဖြစ်ကြောင်း၊ အဆိုပါစိုက်ပျိုးထားသည့် ပဲမျိုးစုံကို အောင်မြင်ဖြစ်ထွန်းစေရန်၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေရန်၊ သဘာဝဘေးနှင့် အခြားအကြောင်းများကြောင့် ပျက်စီးလေလွင့်မှုမရှိစေရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ကျုံပျော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**ကျော်ကျော်လင်း**



# လမ်းမှန်သို့

- လှမ္မေးပန်းလည်း
  နွမ်းနွမ်းခွေခွေ
  မြေသက်ကြွေရ သဘာဝ။

- ချိုမြသစ်သီး
  သီးခိုင်ဖြိုးလည်း
  ရင့်ပြီးမှည့်ကြွေ ပုပ်သိုးပေ။

- တောင်ပံဟုန်ပြင်း
  မိုးယံခွင်းငှက်
  ပြိုပျက်မသွေ ခန္ဓာကြွေ။

- ရေကူးငုပ်ကျွမ်း
  ငါးတို့လမ်းမှာ
  ကူးသန်းရင်းသာဆုံးရရှာ။

- တောသုံးထောင်စိုး
  ခြင်္သေ့မျိုးလည်း
  ဆင့်တိုးဆုံးရ သင်္ခါရ။

- ဘုံဓမ္မတာ မျှားသူငါတို့
  ကြုံလာခဏ တစ်ဘဝတွင်
  မြဲအစဉ်ရှု ပျက်ယွင်းမှုကို
  ပေါင်းစုပိုင်ပိုင် အတွေးခိုင်၍
  မယိုင်သောလမ်း လျှောက်ကာလှမ်းရန်
  စိတ်ဝမ်းဖြူမှ တော်မည်ကို။ ။

**မန်းတင့်မော်**

# မိုင်းဖြတ်မြို့နယ် ပါပူးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မိုင်းဖြတ် ဇန်နဝါရီ ၁၇**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်ခရိုင် မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန်ရည်ရွယ်၍ ပါပူးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၃၄၅ သိန်းဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ် လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ဇန်နဝါရီ ၁၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေလွင်နှင့် တာဝန်ရှိသူများက ပါပူးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လည်ပတ်ရန်ပုံငွေဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းများနှင့် လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေလွင်က လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်း ပြည့်မီစေရေး ဝိုင်းဝန်းဆောင်ရွက်ကြရန် မှာကြားခဲ့သည်။

ပါပူးကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ်သိန်း ၃၀၀ ဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ ဆဋ္ဌမအကြိမ်မြောက်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ငါးဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ သုံးဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ငါးဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းလည်ပတ်ရန်ပုံငွေကျပ် ၃၄၅ သိန်း ထုတ်ချေးပေးခဲ့ပြီး စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေလွင်က ပြောပြ၍ သိရသည်။

**စင်မာ**

# ပင်းတယမြို့နယ် လယ်ပြင်ကျေးရွာ၌ စိုက်ပျိုးရေးသင်တန်းဖွင့်ပွဲကျင်းပ

**ပင်းတယ ဇန်နဝါရီ ၁၇**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်းတယမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက စိုက်ပျိုးရေးဦးစီးဌာနနှင့် ပူးပေါင်းဖွင့်လှစ်သည့် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု စိုက်ပျိုးရေးသင်တန်းဖွင့်ပွဲကို ဇန်နဝါရီ ၁၆ ရက် နံနက်ပိုင်းက တောင်ရှည်ကျေးရွာအုပ်စု လယ်ပြင်ကျေးရွာ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပင်းတယမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကျော်က ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိစေရန်၊ မိသားစုဝင်ငွေတိုးပွားလာစေရန်၊ ကျွမ်းကျင်လုပ်သားများ ပေါ်ပေါက်လာစေရန် ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု စိုက်ပျိုးရေးသင်တန်းဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် စိုက်ပျိုးရေးဦးစီးဌာနမှ သင်တန်းနည်းပြဆရာ၊ ဆရာမများက သင်တန်းတွင် သင်ကြားပို့ချမည့် ဘာသာရပ်များကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသော ဌာနဆိုင်ရာ တာဝန်ရှိသူများက စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးလက်ကမ်း စာစောင်များနှင့် သင်ထောက်ကူပစ္စည်းများကို သင်တန်းသား၊ သင်တန်းသူများထံ လွှဲပြောင်းပေးအပ်ခဲ့သည်။

အဆိုပါအသက်မွေးဝမ်းကျောင်းအထောက်အကူပြု စိုက်ပျိုးရေးသင်တန်းသို့ ပင်းတယမြို့နယ်အတွင်းရှိ ကျေးရွာများမှ သင်တန်းသား၊ သင်တန်းသူ ဦးရေ ၂၀ တက်ရောက်ကြပြီး သင်တန်းတွင် ကောင်းမွန်သော စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများနှင့် သက်ဆိုင်သည့်သင်ခန်းစာများ၊ GAP စိုက်ပျိုးနည်း၊ ရူပါဘိုကာရှိ မြေဩဇာပြုလုပ်သုံးစွဲနည်း၊ နေကြာစိုက်ပျိုးနည်းစနစ်နှင့် မျိုးစေ့ဥပဒေများ၊ စပါး၊ နေကြာမျိုးစေ့ထုတ်လုပ်နည်း၊ သဘာဝပိုးသတ်ဆေးပြုလုပ်နည်းများကို ဇန်နဝါရီ ၁၆ ရက်မှ ဇန်နဝါရီ ၂၀ ရက်ထိ ငါးရက်ကြာ အခမဲ့သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း ပင်းတယမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကျော်က ပြောပြ၍ သိရသည်။

**ချိုသန်းညွန့်**

## နိုင်ငံတကာ သတင်းများ

# ဗီယက်နမ်သမ္မတ ငုယင်ရွှန်ဖု ရာထူးမှနုတ်ထွက်

**ဟနွိုင်း ဇန်နဝါရီ ၁၇**

ဗီယက်နမ်သမ္မတ ငုယင်ရွှန်ဖုသည် သမ္မတရာထူးမှ နုတ်ထွက်လိုက်ပြီဖြစ်ကြောင်း ဗီယက်နမ်အစိုးရက ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။

ဝန်ကြီးချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့စဉ် လက်ထောက်အရာရှိများ ကျူးလွန်ခဲ့သည့် ဥပဒေချိုးဖောက်မှုများအတွက် လက်ရှိအာဏာရ ကွန်မြူနစ်ပါတီက ၎င်းကို အပြစ်တင်ခဲ့ပြီးနောက် ဗီယက်နမ် သမ္မတရာထူးမှ ငုယင်ရွှန်ဖု နုတ်ထွက်ခဲ့ခြင်းဖြစ်ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

အသက် ၆၈ နှစ်ရှိ ငုယင်ရွှန်ဖုသည် သမ္မတရာထူး မရယူမီ ဗီယက်နမ်ဝန်ကြီးချုပ်အဖြစ် ၂၀၁၆ ခုနှစ်မှ ၂၀၂၁ ခုနှစ်ထိ တာဝန်ထမ်းဆောင်ခဲ့သူဖြစ်သည်။

ပါတီနှင့်ပြည်သူတို့ ရှေ့မှောက်၌ ၎င်း၏ တာဝန်ဝတ္တရားများကို အပြည့်အဝနားလည်ကြောင်း ပြသသည့်အနေဖြင့် သမ္မတ ငုယင်ရွှန်ဖုက သမ္မတရာထူးမှနုတ်ထွက်စာကို တင်သွင်းထားကြောင်း ဗီယက်နမ်အစိုးရကြေညာချက်၌ ဖော်ပြထားသည်။

လက်ရှိအချိန်တွင် ကွန်မြူနစ်ပါတီအနေဖြင့် သမ္မတသစ်တစ်ဦး ရွေးချယ်ထားခြင်း ရှိ၊ မရှိ မသိရသေးကြောင်း သိရသည်။

ရာထူးနုတ်ထွက်မှု အတည်ဖြစ်ရေးအတွက် ငုယင်ရွှန်ဖု၏ ရာထူးနုတ်ထွက်စာကို ဗီယက်နမ် အမျိုးသားလွှတ်တော်က အတည်ပြုပေးရမည် ဖြစ်ကြောင်း သိရသည်။

KKO

# အလိုအရှိဆုံး မာဖီးယားဂိုဏ်းခေါင်းဆောင်ကို အီတလီရဲတပ်ဖွဲ့ ဖမ်းဆီးနိုင်ခဲ့

**ရောမ ဇန်နဝါရီ ၁၇**

အီတလီနိုင်ငံ၏ အလိုအရှိဆုံး တရားခံတစ်ဦးဖြစ်သော မာဖီးယားဂိုဏ်းခေါင်းဆောင် မက်တီယိုမက်ဆီနာကို အီတလီရဲတပ်ဖွဲ့က ဇန်နဝါရီ ၁၆ ရက်တွင် ဖမ်းဆီးနိုင်ခဲ့ကြောင်း စီအင်န်အင်န် သတင်းဌာနက ဖော်ပြခဲ့သည်။

နှစ်ပေါင်း ၃၀ ကြာ ရှောင်တိမ်းနေသည့် မက်တီယိုမက်ဆီနာကို စစ္စလီကျွန်းပေါ်ရှိ ပုဂ္ဂလိက ဆေးရုံတစ်ရုံပေါ်၌ ဖမ်းဆီးနိုင်ခဲ့ခြင်းဖြစ်သည်။

၁၉၉၃ ခုနှစ်မှစ၍ ရှောင်တိမ်းနေခဲ့သော မက်တီယိုမက်ဆီနာသည် အဆိုပါပုဂ္ဂလိကဆေးရုံ၌ ကင်ဆာရောဂါ ကုသရေးအတွက် တက်ရောက်နေခြင်းဖြစ်သည်။

မက်တီယိုမက်ဆီနာသည် ၁၉၉၂ ခုနှစ်အတွင်း မာဖီးယားဆန့်ကျင်ရေးသမားရှေ့နေနှစ်ဦးကို သတ်ဖြတ်မှုဖြင့် ထောင်ဒဏ်တစ်သက်တစ်ကျွန်း ချမှတ်ခံထားရသူဖြစ်ကြောင်း သိရသည်။

အသက် ၆၀ အရွယ် မက်တီယိုမက်ဆီနာသည်အမည်တုတစ်ခုဖြင့် စစ္စလီကျွန်း ပါလာမိုမြို့ရှိ အဆိုပါဆေးရုံ၌ ကင်ဆာရောဂါကုသမှုခံယူနေခြင်းဖြစ်ကြောင်း အီတလီတရားရေးဝန်ကြီးဌာန တာဝန်ရှိသူများက ပြောကြားခဲ့သည်။

မက်တီယိုမက်ဆီနာကို ဖမ်းဆီးနိုင်ခဲ့ပြီးနောက် အီတလီဝန်ကြီးချုပ် ဂျော်ဂျီယာမီလိုနီသည် စစ္စလီကျွန်းသို့ ကိုယ်တိုင်သွားရောက်၍ ရဲတပ်ဖွဲ့တာဝန်ရှိသူများကို ဂုဏ်ပြုစကားပြောကြား ခဲ့ကြောင်း သိရသည်။

KKO



# နှစ်နိုင်ငံကြားပြဿနာများ တွေ့ဆုံဆွေးနွေးရန် ပါကစ္စတန်ဝန်ကြီးချုပ်က အိန္ဒိယဝန်ကြီးချုပ်ကို ကမ်းလှမ်း



**အဗူဒါဘီ ဇန်နဝါရီ ၁၇**

ပိုင်ဆိုင်ခွင့် အငြင်းပွားကက်ရှ်မီးယားပြဿနာအပါအဝင် နှစ်နိုင်ငံကြား ပြဿနာများအတွက် ဆွေးနွေးရန် ပါကစ္စတန်ဝန်ကြီးချုပ် ရှာဘတ်ရှရစ်ဖ်က အိန္ဒိယဝန်ကြီးချုပ်ကို ယနေ့တွင် အဆိုပြုကမ်းလှမ်းခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

နှစ်နိုင်ငံကြား ပြဿနာများ ရှင်းလင်းရေးအတွက် ဆွေးနွေးပွဲစားပွဲဝိုင်း၌ အလေးအနက်ရိုးသားစွာဆွေးနွေးကြရန် အိန္ဒိယဝန်ကြီးချုပ် မိုဒီကို မိမိသတင်းစကားပါးလိုကြောင်း ပါကစ္စတန်ဝန်ကြီးချုပ်က အယ်လ်အာရေဗီးယား ရုပ်သံဌာနနှင့်ပြုလုပ်ခဲ့သော တွေ့ဆုံမေးမြန်းခန်း၌ ပြောကြားခဲ့ကြောင်း သိရသည်။

အိန္ဒိယဝန်ကြီးချုပ်နှင့်၎င်းကြား တွေ့ဆုံဆွေးနွေးနိုင်ရေးကို အာရပ်စော်ဘွားများ ပြည်ထောင်စု (ယူအေအီး)နိုင်ငံက စီစဉ်ပေးနိုင်မည်ဟုယုံကြည်ကြောင်း ပါကစ္စတန်ဝန်ကြီးချုပ်က ပြောကြားခဲ့သည်။

ပါကစ္စတန်ဝန်ကြီးချုပ် ရှာဘတ်ရှရစ်ဖ်သည် မကြာသေးမီက သွားရောက်ခဲ့သော ယူအေအီးခရီးစဉ်အတွင်း ယူအေအီးသမ္မတနှင့် တွေ့ဆုံစဉ် အိန္ဒိယနှင့်ပါကစ္စတန်ကြားဆွေးနွေးမှုများ ပြုလုပ်နိုင်ရေးကိစ္စကိုလည်း ထည့်သွင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

ပါကစ္စတန် ဝန်ကြီးချုပ်၏ တွေ့ဆုံဆွေးနွေးရေး အဆိုပြုချက်နှင့်ပတ်သက်၍ အိန္ဒိယနိုင်ငံခြားရေးဝန်ကြီးဌာနက တစ်စုံတစ်ရာ တုံ့ပြန်ခြင်း မရှိသေးကြောင်း သိရသည်။

အိန္ဒိယနှင့် ပါကစ္စတန်တို့သည် အင်္ဂလိပ်လက်အောက်မှ လွတ်လပ်ရေးရရှိခဲ့သည့် ၁၉၄၇ ခုနှစ် နောက်ပိုင်း စစ်ပွဲသုံးကြိမ်ဖြစ်ခဲ့ဖူးကြောင်း သိရသည်။

KKO

# ပျောက်ဆုံးနေသည့် ခရီးသည် နှစ်ဦးကို နီပေါကယ်ဆယ်ရေးသမားများ ရှာဖွေနေဆဲဖြစ်

**ခတ္တမန္ဒူ ဇန်နဝါရီ ၁၇**

ပိုခါရာမြို့၌ ပျက်ကျခဲ့သော ခရီးသည်တင်လေယာဉ်မှပျောက်ဆုံးနေဆဲ ခရီးသည်နှစ်ဦးကို ရှာဖွေရေးအတွက် နီပေါရှာဖွေကယ်ဆယ်ရေးသမားများသည် ပေပေါင်း ၆၅၆ပေအနက်ရှိသည့် ချောက်အတွင်းသို့ ယနေ့တွင် ကြိုးဖြင့်တွယ်ဆင်းခဲ့ကြရကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။



ဇန်နဝါရီ ၁၅ ရက်က ပိုခါရာမြို့၌ အေတီအာရ်-၇၂ အမျိုးအစား ခရီးသည်တင် လေယာဉ်တစ်စင်း ပျက်ကျခဲ့ရာ လိုက်ပါလာသူ ၇၂ဦးအနက် အနည်းဆုံး ဦးရေ ၇၀ သေဆုံးခဲ့ရပြီး နှစ်ဦးပျောက်ဆုံးနေဆဲဖြစ်သည်။

သို့သော် နီပေါကယ်ဆယ်ရေးသမားများသည် လေယာဉ်အစိတ်အပိုင်းများ ကျရောက်ခဲ့ရာ ချောက်နက်ထဲသို့ ကြိုးဖြင့်တွယ်ဆင်း၍ ပျောက်ဆုံးနေသူများကို ရှာဖွေနေကြောင်း နီပေါတာဝန်ရှိသူများက ပြောကြားခဲ့သည်။

နီပေါ တာဝန်ရှိသူများသည် ပျောက်ဆုံးနေသည့် ခရီးသည်နှစ်ဦးကို ရှာဖွေရေးအတွက် မောင်းသူမဲ့လေယာဉ်များကိုလည်း အသုံးပြုနေကြောင်း သိရသည်။

ဇန်နဝါရီ ၁၅ ရက် လေယာဉ်ပျက်ကျမှုသည် နီပေါနိုင်ငံအတွက် နှစ်ပေါင်း ၃၀ အတွင်း အသေအပျောက်အများဆုံးလေယာဉ်ပျက်ကျမှုဖြစ်သည်။

အဆိုပါလေယာဉ်၏ လေယာဉ်မှူးခန်း အသံမှတ်တမ်းတင်ကိရိယာနှင့် ပျံသန်းမှုမှတ်တမ်းတင်ကိရိယာများကို နီပေါတာဝန်ရှိသူများက တွေ့ရှိထားပြီး ဖြစ်ကြောင်း သိရသည်။

KKO

# တရုတ်နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးမှုနှုန်း နှစ်ပေါင်း ၄၀ အတွင်း ဒုတိယမြောက်အနိမ့်ဆုံးအဆင့်သို့ ကျဆင်း

**ပေကျင်း ဇန်နဝါရီ ၁၇**

၂၀၂၂ ခုနှစ်အတွင်း တရုတ်နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးမှုနှုန်းသည် အနည်းဆုံး နှစ်ပေါင်း ၄၀ အတွင်း ဒုတိယမြောက် အနိမ့်ဆုံးအဆင့်သို့ ကျဆင်းခဲ့ရကြောင်း အေပီသတင်းဌာနက ဇန်နဝါရီ ၁၆ ရက်တွင် ဖော်ပြခဲ့သည်။

တရုတ်နိုင်ငံ၏ ၂၀၂၂ ခုနှစ် စီးပွားရေး ဖွံ့ဖြိုးမှုနှုန်းသည် သုံးရာခိုင်နှုန်းသာရှိခဲ့ရာ ရှေ့ယခင်နှစ်စီးပွားရေး ဖွံ့ဖြိုးမှုနှုန်း၏ ထက်ဝက်မျှသာရှိခဲ့သည်။

တရုတ်နိုင်ငံ၏ ၂၀၂၂ ခုနှစ် စီးပွားရေးဖွံ့ဖြိုးမှုနှုန်းသည် ၁၉၇၀ ပြည့်နှစ်နောက်ပိုင်း ဒုတိယမြောက် အနိမ့်ဆုံး စီးပွားရေးဖွံ့ဖြိုးမှုဖြစ်ခဲ့ရသည်။

အနည်းဆုံး နှစ် ၄၀ အတွင်း စီးပွားရေးဖွံ့ဖြိုးမှုနှုန်း အနိမ့်ဆုံးအဆင့်သို့ ကျဆင်းခဲ့ရသည့်နှစ်မှာ ကိုဗစ်-၁၉ ရောဂါကပ်ဘေးစတင်ချိန် ၂၀၂၀ ပြည့်နှစ်ဖြစ်ပြီး ယင်းနှစ်၏ စီးပွားရေးဖွံ့ဖြိုးမှုနှုန်းမှာ ၂ ဒသမ ၄ ရာခိုင်နှုန်းသာ ရှိခဲ့ကြောင်း သိရသည်။

တရုတ်နိုင်ငံ၏ ၂၀၂၂ ခုနှစ် စီးပွားရေးဖွံ့ဖြိုးမှုနှုန်းမှာ ကိုဗစ်-၁၉ ရောဂါကူးစက်မှု ထိန်းချုပ်ရေး စည်းမျဉ်းများနှင့် အိမ်ခြံမြေဈေးကွက် ပြဿနာများကြောင့် ကျဆင်းခဲ့ရခြင်းဖြစ်သည်။

သို့သော် ကိုဗစ်-၁၉ ရောဂါကူးစက်မှု လုံးဝကင်းစင်ရေးမူဝါဒကို ရုပ်သိမ်းခဲ့ပြီးနောက်ပိုင်း တရုတ်စီးပွားရေးလှုပ်ရှားမှုများ ပြန်လည်တိုးတက် ကောင်းမွန်လာသည်ဟု တရုတ်တာဝန်ရှိသူများကပြောကြားထားကြောင်း သိရသည်။

KKO

# SCIENCE AND TECHNOLOGY

## နာဆာ၏ Lunar Gateway လပတ်အာကာသစခန်းယာဉ်မှာ အရွယ်အစားအားဖြင့် လွန်စွာသေးငယ်မည်ဖြစ်



**ဝါရှင်တန် ဇန်နဝါရီ ၁၇**

အမေရိကန်အစိုးရ အမျိုးသား လေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)၏ Lunar Gateway လပတ်အာကာသစခန်းယာဉ်မှာ အရွယ်အစားအားဖြင့် လွန်စွာသေးငယ်မည်ဖြစ်ကြောင်း ၎င်းလပတ်အာကာသစခန်းယာဉ်ကို ပုံစံထုတ်ထားသော ဒီဇိုင်းပညာရှင်များ၏ အဆိုအရ The Daily Mail သတင်းစာက ဇန်နဝါရီ ၁၆ ရက်က ရေးသားတင်ပြထားသည်။

Lunar Gateway လပတ်အာကာသစခန်းယာဉ်၏ လူနေခန်းများသည် အာကာသယာဉ်မှူးများ မတ်တတ်မတ်မတ် မရပ်နိုင်လောက်အောင် ကျဉ်းမြောင်းသေးငယ်မည်ဖြစ်ကြောင်း၊ အဆိုပါ လပတ်အာကာသစခန်းယာဉ်၏ ယာဉ်မှူးခန်းများသည် အကျယ်အဝန်း ရှစ်ကုဗမီတာမျှသာ ရှိသည်ဟု ဒီဇိုင်းပညာရှင်များက ပြောကြားကြောင်း သိရသည်။

Lunar Gateway လပတ်အာကာသစခန်းယာဉ်သည် တည်ဆောက်ပြီးစီးချိန်တွင် အရွယ်အစားအားဖြင့် နိုင်ငံတကာအာကာသစခန်းယာဉ်အရွယ်အစား၏ခြောက်ပုံ တစ်ပုံမျှသာ ရှိမည်ဖြစ်ကြောင်း သိရသည်။

နာဆာအဖွဲ့သည် လပေါ်သို့ လူသားများပြန်လည်စေလွှတ်ရေး အစီအစဉ်အရ Lunar Gateway အာကာသစခန်း စီမံကိန်းကို အကောင်အထည်ဖော်နေခြင်းဖြစ်ကြောင်း သိရသည်။

Lunar Gateway လပတ်အာကာသစခန်းယာဉ်သည် တည်ဆောက်ပြီးစီးချိန်တွင် အာကာသယာဉ်မှူး လေးဦးထိ လက်ခံနေရာပေးနိုင်မည်ဖြစ်ကြောင်း နာဆာ၏ အဆိုအရ သိရသည်။

KKO


## နာဆာ၏ ကျူရီယိုစီတီ အင်္ဂါဂြိုဟ်မျက်နှာပြင်လေ့လာရေးယာဉ်က ဂေးလ်ဥက္ကာချိုင့်ဝှမ်းနယ်မြေ၌ ရွှဲကျောက်များရှာဖွေတွေ့ရှိ

**ဝါရှင်တန် ဇန်နဝါရီ ၁၇**

အမေရိကန်အစိုးရ အမျိုးသား လေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)၏ ကျူရီယိုစီတီ အင်္ဂါဂြိုဟ်မျက်နှာပြင်လေ့လာရေးယာဉ်သည် ရွှဲ(Opal) ခေါ် ကျောက်သားတစ်မျိုးကို အင်္ဂါဂြိုဟ် ဂေးလ်ဥက္ကာချိုင့်ဝှမ်းနယ်မြေ၌ ရှာဖွေတွေ့ရှိထားကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က ဇန်နဝါရီ ၁၆ ရက်က ရေးသားတင်ပြထားသည်။

ရွှဲကျောက်များသည် ရေဓာတ်ပါဝင်မှုမြင့်မားသော ကျောက်များဖြစ်ကြရာ ဂေးလ်ဥက္ကာချိုင့်ဝှမ်းနယ်မြေ၏ရေဓာတ်တည်ရှိမှုသမိုင်းကိုလေ့လာရာတွင် အထောက်အကူပေးနိုင်ကြောင်း နာဆာသိပ္ပံပညာရှင်များက ပြောကြားသည်။

အင်္ဂါဂြိုဟ်ပေါ်၌ ရေခဲများကို ဝင်ရိုးစွန်းနယ်မြေများ၌ ပေါများစွာတွေ့ရသော်လည်း ဂေးလ်ဥက္ကာချိုင့်ဝှမ်းတည်ရှိရာ အီကွေတာရပ်ဝန်းတွင်မူ များများစားစားမရှိကြောင်း သိရသည်။



အင်္ဂါဂြိုဟ်ပေါ်ရှိ ရွှဲကျောက်များသည် တစ်နေ့နေ့တစ်ချိန်ချိန်တွင် ရေဓာတ်ကိုထုတ်ပေးနိုင်မည့် အရင်းအမြစ်များ ဖြစ်လာနိုင်ကြောင်း နာဆာသိပ္ပံပညာရှင်များက သုံးသပ်ထားသည်။

ရွှဲကျောက်များသည် ရေဓာတ်နှင့်ဆီလီကာတို့ပေါင်းစပ်မိချိန်တွင် ပေါ်ထွက်လာတတ်သော ကျောက်တစ်မျိုးဖြစ်ကြောင်း သိရသည်။

အဆိုပါကျောက်ကို ကမ္ဘာမြေပေါ်တွင် ရေပူစမ်း၊ ရေပူရေပန်းပေါက်နယ်မြေများနှင့် သမုဒ္ဒရာကြမ်းပြင်များ၌ တွေ့ရတတ်ကြောင်း သိရသည်။ KKO

## H260-18 MW အမည်ရှိ ကမ္ဘာ့အကြီးဆုံးလေရဟတ်ကို တရုတ်နိုင်ငံမှ အင်ဂျင်နီယာများက တည်ဆောက်ထားပြီးဖြစ်

**ပေကျင်း ဇန်နဝါရီ ၁၇**

တရုတ်နိုင်ငံမှ အင်ဂျင်နီယာများသည် H260-18 MW အမည်ရှိ ကမ္ဘာ့အကြီးဆုံး လေရဟတ်ကို တည်ဆောက်ထားပြီးဖြစ်ကြောင်း The Daily Mail သတင်းစာက ဇန်နဝါရီ ၁၆ ရက်က ရေးသားတင်ပြထားသည်။

H260-18 MWကမ္ဘာ့အကြီးဆုံး လေရဟတ်၏ဒလက်များသည် ပေ ၄၂၀ ရှည်လျားပြီး အဝန်းတစ်ခုလုံးမှာ အချင်း ၈၅၃ ပေထိရှိကြောင်း သိရသည်။

H260-18 MW ကမ္ဘာ့အကြီးဆုံးလေရဟတ်သည် နေအိမ်ပေါင်း ၄၀၀၀၀ ထိကို တစ်နှစ်တာလုံး လျှပ်စစ်ဓာတ်အား ဖြည့်ဆည်းပေးနိုင်သည်ဟု တရုတ်အစိုးရပိုင် သတင်းတည်ဆောက်ရေးကော်ပိုရေးရှင်းက သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

ယခင်ကမ္ဘာ့အကြီးဆုံး လေရဟတ်အဖြစ် စံချိန်တင်ထားသော လေရဟတ်ကိုလည်း တရုတ်အခြေစိုက် ဂိုးလ်ဝင်းကုမ္ပဏီက တည်ဆောက်ခဲ့ရာ ၎င်းလေရဟတ်၏ အဝန်းတစ်ခုလုံးအချင်းမှာ ၈၂၈ ပေထိရှိခဲ့ကြောင်း သိရသည်။

H260-18 MW ကမ္ဘာ့အကြီးဆုံး လေရဟတ်၏ လေအားအပြည့်ရချိန်၌ ဒလက်တစ်ပတ်လျှင် လျှပ်စစ်ဓာတ်အား ၄၄ ဒသမ ၈ ကီလိုဝပ် ထုတ်ပေးနိုင်ကြောင်း၊ သို့ဖြစ်ရာ အဆိုပါလေရဟတ်သည် တစ်နှစ်လျှင် လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီ ၇၄ သန်းကျော်ထိ ထုတ်ပေးနိုင်သည်ဖြစ်ရာ ကျောက်မီးသွေးသုံးစွဲရမှုကို တန်ချိန် ၂၅၀၀၀ လျှော့ချပေးနိုင်ကြောင်း သိရသည်။ KKO

# HEALTH

## နှလုံးဖောက်သူများအတွက် ထိုးဆေးတစ်မျိုး Moderna ကုမ္ပဏီ စတင်စမ်းသပ်နေ

**နယူးယောက် ဇန်နဝါရီ ၁၇**

အမေရိကန်နိုင်ငံ အခြေစိုက် Moderna ဇီဝနည်းပညာကုမ္ပဏီသည် နှလုံးဖောက်သူ၊ နှလုံးခုန်ရှုတ်တရက် ရပ်တန့်သူလူနာများ၏ နှလုံးအတွင်းသို့ တိုက်ရိုက်ထိုးနှံပေးရမည့် ထိုးဆေးတစ်မျိုးအတွက် လက်တွေ့စမ်းသပ်မှုများ စတင်နေပြီဖြစ်ကြောင်း The Daily Mail သတင်းစာက ဇန်နဝါရီ ၁၆ ရက်က ရေးသားတင်ပြထားသည်။

အဆိုပါထိုးဆေးသည် ကိုဗစ်ကာကွယ်ဆေးအတွက် အသုံးပြုသည့် မက်ဆင်ဂျာရီဘိုနျူကလီးအက်စစ်(mRNA) နည်းပညာဖြင့် ထုတ်လုပ်ထားသော ထိုးဆေးဖြစ်ကြောင်း သိရသည်။

အဆိုပါထိုးဆေးသည် သွေးဝင်ရောက်စီးဆင်းမှုကို မြှင့်တင်ပေးနိုင်သော Relaxin ခေါ် ဟော်မုန်းတစ်မျိုးထုတ်ပေးရေးအတွက် နှလုံးဆဲလ်များကို လှုံ့ဆော်ပေးနိုင်ပြီး နှလုံးကြွက်သားများ ပျက်စီးမှုကို ပြုပြင်ရာတွင်လည်း အထောက်အကူပေးနိုင်ကြောင်း Moderna ဇီဝနည်းပညာကုမ္ပဏီမှ သုတေသန ပညာရှင်များ၏ အဆိုအရ သိရသည်။

အဆိုပါ ထိုးဆေးကို ပထမအဆင့် စမ်းသပ်မှုများပြုလုပ်နေပြီး ပထမဆုံးလူနာများကို ထိုးနှံပေးထားကြောင်း Moderna ဇီဝနည်းပညာ သုတေသန ပညာရှင်များက ပြောကြားသည်။

လက်ရှိအချိန်တွင် အဆိုပါ ထိုးဆေးကို mRNA-0184 ဟူ၍ Moderna ဇီဝနည်းပညာ ကုမ္ပဏီက အမည်ပေးထားကြောင်း သိရသည်။

KKO

## ကင်ဆာရောဂါများကို ဖော်ထုတ်ပေးနိုင်မည့် ရိုးစင်းသောသွေးစစ်နည်းတစ်မျိုးကို စမ်းသပ်နေ

**နယူးယောက် ဇန်နဝါရီ ၁၇**

ရိုးစင်း၍ စရိတ်စက မများသော်လည်း ကင်ဆာရောဂါအများအပြားကို ဖော်ထုတ်ပေးနိုင်မည့် သွေးစစ်နည်းတစ်မျိုးကို သုတေသနပညာရှင်များက ဖန်တီးစမ်းသပ်နေကြောင်း Health Day News ဆေးပညာ သတင်းဝက်ဘ်ဆိုက်က ဇန်နဝါရီ ၁၆ ရက်က ရေးသားတင်ပြထားသည်။

အဆိုပါ သွေးစစ်နည်းသည် မမျှော်လင့်သည့်နေရာများမှ မျိုးဗီဇအခြေခံ မော်လီကျူးပြိုကွဲမှုများကို ရှာဖွေခြင်းဖြင့် ကင်ဆာရောဂါများကို ဖော်ထုတ်ပေးနိုင်ကြောင်း သိရသည်။

အဆိုပါ သွေးစစ်နည်းသည် လက်တွေ့စမ်းသပ်မှုရလဒ်များအရ ကင်ဆာရောဂါ အမျိုးအစား ၁၁ မျိုးကို ဖော်ထုတ်ပေးနိုင်ကြောင်း အမေရိကန်နိုင်ငံ ဝစ်ကွန်ဆာတက္ကသိုလ်မှ သုတေသနပညာရှင်များက ပြောကြားသည်။

ကင်ဆာဆဲလ်နှင့် ကျန်းမာသောဆဲလ်နှစ်မျိုးလုံးသည် ပြိုကွဲနေသော DNA များထုတ်ပေးတတ်ကြသော်လည်း DNA ပြိုကွဲမှုပုံစံများမှာမူ တစ်ခုနှင့်တစ်ခု မတူကြောင်း သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

မိမိတို့၏ သွေးစစ်နည်းသည် အခြားသွေးစစ်နည်းများနှင့် နှိုင်းယှဉ်ပါက DNA အကန့်အသတ်ဖြင့်သာ ပါဝင်သည့်သွေးပမာဏကို အနည်းငယ်သာရယူရန် လိုအပ်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

သို့ရာတွင် အဆိုပါသွေးစစ်နည်းကို လက်တွေ့အသုံးချနိုင်ရေးအတွက် စမ်းသပ်မှုများကျယ်ကျယ်ပြန့်ပြန့်လုပ်ရန် လိုအပ်ဆဲဖြစ်ကြောင်း အမေရိကန် သုတေသနပညာရှင်များက ဝန်ခံထားသည်။

KKO



# ၂၀၂၂ အာဆီယံမစ်ဆူဘီရှီအီလက်ထရစ်ဖလားပြိုင်ပွဲတွင် ထိုင်းအသင်းချန်ပီယံဆု ဆွတ်ခူး



**ဗန်ကောက် ဇန်နဝါရီ ၁၇**

အာဆီယံနိုင်ငံ ဘောလုံးအဖွဲ့ချုပ်နှင့် မစ်ဆူဘီရှီအီလက်ထရစ်ကုမ္ပဏီတို့ ပူးပေါင်းကျင်းပသည့် ၂၀၂၂ အာဆီယံမစ်ဆူဘီရှီအီလက်ထရစ်ဖလားပြိုင်ပွဲ (အာဆီယံချန်ပီယံရှစ်ပြိုင်ပွဲ)တွင် ထိုင်းအသင်းက နှစ်ကျော့ပေါင်းရလဒ် သုံးဂိုး နှစ်ဂိုးဖြင့် ချန်ပီယံဆုကို ဆွတ်ခူးခဲ့သည်။

၂၀၂၂ အာဆီယံမစ်ဆူဘီရှီ အီလက်ထရစ်ဖလားပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့် ပွဲစဉ်များအဖြစ် ဗီယက်နမ်အသင်းနှင့် အင်ဒိုနီးရှားအသင်းတို့ကစားခဲ့ရာ ဗီယက်နမ်အသင်းက နှစ်ကျော့ပေါင်းရလဒ် နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး ဗိုလ်လုပွဲအဆင့်တက်ရောက်ခဲ့သကဲ့သို့ ထိုင်းအသင်းနှင့် မလေးရှားအသင်းတို့ပွဲစဉ်တွင်လည်း ထိုင်းအသင်းက နှစ်ကျော့ပေါင်းရလဒ် သုံးဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ဗိုလ်လုပွဲအဆင့်သို့ တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။

ဗိုလ်လုပွဲစဉ်အဖြစ် ဗီယက်နမ်အသင်းနှင့်ထိုင်းအသင်းတို့ ကစားခဲ့ရာ ပထမအကျော့ပွဲစဉ်အဖြစ် ဗီယက်နမ်အသင်း အိမ်ကွင်းတွင် ကစားခဲ့ရာ နှစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့ပြီး ဒုတိယအကျော့ပွဲစဉ်အဖြစ် ထိုင်းအသင်းအိမ်ကွင်းတွင် ကစားခဲ့ရာ ထိုင်းအသင်းက တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့်အတွက် ထိုင်းအသင်းက နှစ်ကျော့ပေါင်းရလဒ် သုံးဂိုး နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး နှစ်ကြိမ်ဆက် ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

ထိုင်းအသင်းသည် အာဆီယံချန်ပီယံရှစ်ဖလားပြိုင်ပွဲတွင် ချန်ပီယံဆုများကို ၁၉၉၆ ခုနှစ်၊ ၂၀၀၀ ပြည့်နှစ်၊ ၂၀၀၂ ခုနှစ်၊ ၂၀၁၄ ခုနှစ်၊ ၂၀၁၆ ခုနှစ်၊ ၂၀၂၀ပြည့်နှစ်နှင့် ၂၀၂၂ ခုနှစ်ပြိုင်ပွဲတို့တွင် ခုနစ်ကြိမ်ထိဆွတ်ခူးနိုင်ခဲ့ပြီး ပြိုင်ပွဲသမိုင်းတစ်လျှောက်အအောင်မြင်ဆုံးအသင်းအဖြစ်လည်း ရပ်တည်လျက်ရှိကြောင်း သိရသည်။ STA

## နိုင်ငံတကာ အားကစားသတင်းများ

# ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်သို့ ရူဘလက်ဗ် တက်ရောက်

**ကင်ဘာရာ ဇန်နဝါရီ ၁၇**

ဩစတြေးလျနိုင်ငံတွင် ကျင်းပနေသည့် ဩစတြေးလျအိုးပင်း အမျိုးသားတစ်ဦးချင်း တင်းနစ်ပြိုင်ပွဲ၏ အဖွင့်ပွဲစဉ်တစ်ပွဲအဖြစ် ရုရှား တင်းနစ်ကစားသမား ရူဘလက်ဗ်နှင့် ဩစတြီးယား တင်းနစ်ကစားသမား ဒိုမီနစ်သမ်တို့ ယှဉ်ပြိုင်ကစားခဲ့ရာ ရူဘလက်ဗ်က (၆-၃၊ ၆-၄၊ ၆-၂) ရလဒ်ဖြင့် အနိုင်ရရှိကာ ဒုတိယအဆင့်သို့ တက်ရောက်ခဲ့ကြောင်း Tennis 365 သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

၂၀၂၀ ပြည့်နှစ် ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲတွင် ဒုတိယနေရာရခဲ့သူ ဒိုမီနစ်သမ်သည် ၂၀၂၂ ခုနှစ် တင်းနစ်ရာသီတွင် ဒဏ်ရာပြဿနာကြောင့် ပြိုင်ပွဲများဖြင့် လွဲချော်ခဲ့ရသည့်အတွက် ၂၀၂၃ ခုနှစ် ဩစတြေးလျ တင်းနစ်ပြိုင်ပွဲသို့ တိုက်ရိုက်ဝင်ရောက်ယှဉ်ပြိုင်ခွင့်မရခဲ့သော်လည်း ပြိုင်ပွဲကျင်းပရေး ကော်မတီက ပေးအပ်သည့် Wildcard ကို ရရှိခဲ့သည့်အတွက် တိုက်ရိုက်ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရခဲ့သူဖြစ်သည်။

ဒိုမီနစ်သမ်အနေဖြင့် ဩစတြေးလျ အိုးပင်းတင်းနစ်ပြိုင်ပွဲအတွက် အကောင်းဆုံးပြင်ဆင်လာခဲ့သော်လည်း ပုံစံကောင်းရရှိရန် ရုန်းကန်ခဲ့ရပြီး ပွဲငယ်သုံးပွဲစလုံးတွင် ပြတ်သားသည့်ရလဒ်များဖြင့် ရှုံးနိမ့်ခဲ့ရသည်။

ရူဘလက်ဗ်က "ဒိုမီနစ်သမ်လိုကစားသမားမျိုးနဲ့ ယှဉ်ပြိုင်ကစားရမဲ့ပွဲစဉ်ဟာ ခက်ခဲမဲ့ပွဲစဉ် တစ်ပွဲဖြစ်လာမယ်ဆိုတာကို ကြိုတွေးပြီးသားပါ။ ဒိုမီနစ်သမ်ဟာခက်ခဲတဲ့ အချိန်ကာလတွေကို ဖြတ်ကျော်ပြီး ရာသီသစ်မှာ အကောင်းဆုံးပြင်ဆင်နေတဲ့ ကစားသမားတစ်ယောက်ပါ။ ကျွန်တော့်အနေနဲ့ကလဲ ဒိုမီနစ်သမ်လို ပြိုင်ဘက်မျိုးနဲ့ ယှဉ်ပြိုင်ရမှာဖြစ်တဲ့အတွက်ကြောင့် အကောင်းဆုံးပြင်ဆင်ထားတယ်။ ဒီပွဲစဉ်မှာ ဒိုမီနစ်သမ်ကို အနိုင်ရခဲ့တယ်ဆိုပေမဲ့လဲ ခက်ခက်ခဲခဲယှဉ်ပြိုင်ကစားခဲ့ရတာပါ။ ဒါတောင် ဒိုမီနစ်သမ်ဟာ အကောင်းဆုံး ပုံစံပြန်မရသေးပါဘူး။ အကောင်းဆုံးပုံစံအမြန်ဆုံးပြန်ရပါစေလို့ ကျွန်တော်ဆုတောင်းပေးပါတယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။ AZL



# ဂျိုတာနှင့် ဒါဝင်နူနက်တို့ အသင်းနှင့်အတူ လေ့ကျင့်ခန်း ပြန်ဆင်းနေပြီဖြစ်ကြောင်း လီဗာပူးနည်းပြ ကလော့ပ်ပြောကြား

**လန်ဒန် ဇန်နဝါရီ ၁၇**

လီဗာပူးအသင်းတွင် ဒဏ်ရာပြဿနာကြောင့် အနားယူနေရသည့် တောင်ပံကစားသမား ဂျိုတာနှင့် တိုက်စစ်မှူး ဒါဝင်နူနက်တို့အနေဖြင့် အသင်းနှင့် လေ့ကျင့်ခန်းပြန်ဆင်းနေပြီဖြစ်ကြောင်း နည်းပြကလော့ပ်က ပြောကြားခဲ့သည်ဟု 90Min.com က ယနေ့တွင် ဖော်ပြခဲ့သည်။

တောင်ပံကစားသမား ဂျိုတာသည် ရာသီအကြိုခြေစမ်းပွဲကာလကတည်းက ဒဏ်ရာပြဿနာကြောင့် အနားယူခဲ့ရကာ ပြိုင်ပွဲစုံ ၂၁ ပွဲထိ လွဲချော်ခဲ့ရပြီး လက်ရှိတွင် အသင်းနှင့်လေ့ကျင့်ခန်း ပြန်ဆင်းနေပြီဖြစ်သောကြောင့် လာမည့် ပွဲစဉ်များတွင် ပြန်လည်ပါဝင်နိုင်မည်ဖြစ်သည်။

အမှတ်ပေးပြိုင်ပွဲတွင် အသင်းအတွက် သွင်းဂိုး ငါးဂိုးထိ သွင်းယူနိုင်ခဲ့သည့် တိုက်စစ်မှူး ဒါဝင်နူနက်သည်လည်း ခြေဖနောင့်ဒဏ်ရာကြောင့် အနားယူခဲ့ရကာ အသင်းနှင့် လေ့ကျင့်ခန်း ပြန်လည်ပြုလုပ်နေပြီး လာမည့်ပွဲစဉ်များတွင် ပြန်လည် ပါဝင်မည်ဖြစ်ကြောင်း နည်းပြကလော့ပ်က ပြောကြားခဲ့ခြင်းဖြစ်သည်။

နည်းပြကလော့ပ်"ကြွက်သားဒဏ်ရာကြောင့် ကာလရှည် အနားယူနေရတဲ့ ဂျိုတာကတော့ အသင်းနဲ့ လေ့ကျင့်ခန်းပြန်ဆင်းနေပါပြီ။ သူ့အနေနဲ့ ဒဏ်ရာသက်သာလာတာကြောင့် လာမဲ့ပွဲစဉ်တွေမှာ ပါဝင်နိုင်မယ်လို့ ကျွန်တော်ထင်ပါတယ်။ တိုက်စစ်မှူး နူနက်ကတော့ ဝုဖ်အသင်းနဲ့ အက်ဖ်အေဖလားပွဲစဉ်မှာ ပါဝင်ဖို့သေချာပါတယ်" ဟု ဆက်လက်ပြောကြားခဲ့သည်။ ML

# ဒေါ့မွန်အသင်းက မန်ယူအသင်းကစားသမား အယ်လန်ဂါကို ခေါ်ယူရန်ပြင်ဆင်

**ဘာလင် ဇန်နဝါရီ ၁၇**

မန်ယူအသင်းမှ ပုံမှန်ပွဲထွက်ခွင့်ရရှိရန် ရုန်းကန်နေရသည့် တောင်ပံကစားသမား အယ်လန်ဂါ အနေဖြင့် အသင်းမှ ထွက်ခွာရန် ဆန္ဒရှိနေသောကြောင့် ဘွန်ဒက်လီဂါကလပ် ဒေါ့မွန်အသင်းက ခေါ်ယူရန် ပြင်ဆင်နေကြောင်း ဒေးလီးမေးလ်သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

လက်ရှိတွင် မန်ယူအသင်းနည်းပြ တန်ဟတ်က ဝက်ဖို့ဒ်အသင်းနှင့် ဗလင်စီယာအသင်းတို့က စိတ်ဝင်စားနေသည့်အယ်လန်ဂါကို အငှားစာချုပ်ဖြင့် စေလွှတ်ရန် ပြင်ဆင်နေပြီး ကစားသမားကိုယ်တိုင်ကလည်း ပုံမှန်ပွဲကစားခွင့်ရရန် အခြားကလပ်အသင်းတစ်ခုခုသို့ သွားရောက်ကစားရန် တောင်းဆိုထားသောကြောင့် ဒေါ့မွန်အသင်းက အယ်လန်ဂါကို အငှားစာချုပ်ဖြင့်ခေါ်ယူရန် ကြိုးပမ်းခဲ့ကြောင်း သိရသည်။

မန်ယူ လူငယ်အသင်းမှ ထွက်ပေါ်လာသည့် အသက် ၂၀ ရှိ အယ်လန်ဂါသည် ယခင်နည်းပြ ရန်းဂ်နစ်လက်ထက်တွင် အသင်းကြီး၌ ပုံမှန်ပွဲကစားခွင့်ရရှိခဲ့သော်လည်း နည်းပြသစ် တန်ဟတ်လက်ထက်တွင် ပါဝင်ခြင်းမရှိတော့ဘဲ ပွဲကစားခွင့်နည်းပါးလာသောကြောင့် ပွဲထွက်ခွင့်ရရှိမည့် အခြားကလပ်အသင်းတစ်ခုခုသို့ ပြောင်းရွှေ့ရန် ဆန္ဒရှိနေသည်။



ဒေါ့မွန်အသင်းသည် အသင်းတိုက်စစ်ပိုင်းမှ ဟာလန်းကို လက်လွှတ်ရပြီးနောက် တိုက်စစ်ပိုင်းအနေဖြင့် ဂိုးရရှိရန် ရုန်းကန်ခဲ့ရပြီး အမှတ်ပေးပြိုင်ပွဲ ၁၅ ပွဲတွင် ရှစ်ပွဲ နိုင်၊ တစ်ပွဲသရေ၊ ခြောက်ပွဲရှုံး ရလဒ်ဖြင့် အမှတ်ပေးဇယားအဆင့် (၆) တွင်သာ ရပ်တည်နိုင်ခဲ့ပြီး ချန်ပီယံလိဂ်ဝင်ခွင့်ရရှိရန် ခက်ခဲလာသောကြောင့် ပွဲကစားခွင့်ရရှိရန် ရုန်းကန်နေရသည့် လူငယ် ကစားသမား အယ်လန်ဂါနှင့်တိုက်စစ်ပိုင်း ဖြည့်တင်းရန် ကြိုးပမ်းနေကြောင်း သိရသည်။ ML

## အားကစားသတင်း အတိုအထွာများ

- ချဲလ်ဆီးအသင်းက ခေါ်ယူရန် ကာလရှည်ပစ်မှတ်ထားနေသည့် ဝက်စ်ဟမ်းအသင်း ကွင်းလယ်ကစားသမား ဒီကလန်ရိုက်ကို အာဆင်နယ်အသင်းက စတာလင်ပေါင် သန်း ၈၀ ဖြင့် ခေါ်ယူရန် ကြိုးပမ်းနေကြောင်း သိရသည်။
- လက်စတာအသင်းက တိုက်စစ်မှူး ဗွန်ဇာလက်ကိုခေါ်ယူရန် ကမ်းလှမ်းမှုကို ဖီအိုရင်တီးနားအသင်းက ငြင်းပယ်ခဲ့သည်။
- အာဆင်နယ်အသင်းက တောင်ပံကစားသမား ဟာဇက်ကို ခေါ်ယူရန် ရီးရဲလ်မက်ဒရစ်အသင်းနှင့် ဆွေးနွေးခဲ့ရာ ကစားသမားအနေဖြင့် တစ်ပတ်လုပ်ခလစာ စတာလင်ပေါင် ၃၈၀၀၀၀ ကျော် တောင်းဆိုသဖြင့် ခေါ်ယူမှု ပျက်ပြယ်ခဲ့ကြောင်း သိရသည်။

ML

# အာဆင်နယ်အသင်းပစ်မှတ်ထားနေသည့် ရာဖင်ဟာကို ဘာစီလိုနာအသင်းက ပြောင်းရွှေ့ကြေး ယူရို သန်း ၁၀၀ သတ်မှတ်



**မက်ဒရစ် ဇန်နဝါရီ ၁၇**

ဘာစီလိုနာအသင်းက လက်ရှိ ဇန်နဝါရီကစားသမား အပြောင်းအရွှေ့ကာလတွင် အာဆင်နယ်အသင်းက ခေါ်ယူရန်ကြိုးပမ်းလျက်ရှိနေသည့် တောင်ပံကစားသမား ရာဖင်ဟာအတွက် ပြောင်းရွှေ့ကြေးကို ယူရိုသန်း ၁၀၀ သတ်မှတ်ခဲ့သည်ဟု One Football သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

ဘာစီလိုနာ အသင်းသည် ရာဖင်ဟာကို ပြီးခဲ့သည့် နွေရာသီကစားသမားအပြောင်းအရွှေ့ကာလက လိဒ်အသင်းထံမှ ပြောင်းရွှေ့ကြေးယူရိုသန်း ၆၀ ဖြင့် ခေါ်ယူထားခဲ့သော်လည်း ယခုနှစ် ဘောလုံးရာသီတွင် ခြေစွမ်းပိုင်းကို ကြိုက်နှစ်သက်ခြင်း မရှိသည့်အတွက် လက်ရှိ အပြောင်းအရွှေ့ကာလတွင် ပြန်လည် ရောင်းချရန် ပြင်ဆင်လာခြင်းဖြစ်သည်။

အာဆင်နယ်အသင်းက ယခုနှစ် ဘောလုံးရာသီတွင် ချန်ပီယံဆုအတွက် မျှော်လင့်ချက်ရှိနေသောကြောင့် လက်ကျန်ဘောလုံးရာသီအတွက် ကစားသမားအင်အားပိုင်းထပ်မံ အင်အားဖြည့်တင်းရန် ပြင်ဆင်နေပြီး အစောပိုင်းက ရှက်တာဒိုးနက်အသင်းမှ မူဒရစ်ကိုခေါ်ယူရန် ကြိုးပမ်းခဲ့သော်လည်း ချဲလ်ဆီးအသင်းထံ လက်လွှတ်ခဲ့ရသည့်အတွက် ယခုအခါ ရာဖင်ဟာကို ခေါ်ယူရန် ပြင်ဆင်နေခြင်းဖြစ်သည်။

ရာဖင်ဟာအနေဖြင့် ယခုနှစ် ဘောလုံးရာသီတွင် ဘာစီလိုနာအသင်း၌ ပွဲထွက်ခွင့်ရရှိရန် ရုန်းကန်နေရပြီး ၎င်းကို လက်ရှိဇန်နဝါရီကစားသမား အပြောင်းအရွှေ့ကာလတွင် အာဆင်နယ်အသင်းအပြင် စီးရီးအေထိပ်သီးကလပ် အေစီမီလန်အသင်းကလည်း စောင့်ကြည့်လျက်ရှိနေသည့်အတွက် ဘာစီလိုနာအသင်းက ပြောင်းရွှေ့ကြေးကို ယူရို သန်း ၁၀၀ သတ်မှတ်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

STA

# အေဗီလာအသင်းက မေဂျာလိဂ်ကလပ် ချီကာဂိုဖိုင်းယားအသင်းမှ တိုက်စစ်မှူး ဒူရန်ကို ယူရို ၁၇ သန်းဖြင့် ခေါ်ယူ

**မက်ဒရစ် ဇန်နဝါရီ ၁၇**

အေဗီလာအသင်းသည် မေဂျာလိဂ်ကလပ် ချီကာဂိုဖိုင်းယားအသင်းတွင် ခြေစွမ်းပြကစားနေသည့် အသက် ၁၉ နှစ်ရှိ တိုက်စစ်မှူး ဒူရန်ကို ပြောင်းရွှေ့ကြေး ယူရို ၁၇ သန်းဖြင့် ခေါ်ယူနိုင်ခဲ့ကြောင်း Channelnewsasia.com က ယနေ့တွင် ဖော်ပြခဲ့သည်။

တိုက်စစ်မှူး ဒူရန်သည် ပြီးခဲ့သည့် ဘောလုံးရာသီက မေဂျာလိဂ်ပြိုင်ပွဲတွင် သုံးပွဲသာ ပါဝင်ကစားခဲ့သော်လည်း သွင်းဂိုးရှစ်ဂိုးထိ သွင်းယူနိုင်ခဲ့သောကြောင့် အေဗီလာအသင်းတာဝန်ရှိသူများက ၎င်းကို ခေါ်ယူရန် ဆွေးနွေးမှုပြုလုပ်ခဲ့ရာ ပြောင်းရွှေ့ကြေး ယူရို ၁၇ သန်းဖြင့် ခေါ်ယူနိုင်ခဲ့ပြီး ကစားသမားနှင့်ပတ်သက်၍ စာချုပ်ပါအသေးစိတ်အချက်အလက်များကို ထုတ်ပြန်ကြေညာခြင်း မရှိခဲ့ကြောင်း သိရသည်။

လက်ရှိတွင် လူငယ်တိုက်စစ်မှူး ဒူရန်အနေဖြင့် အေဗီလာအသင်းနှင့် ဆေးစစ်မှုအောင်မြင်ခဲ့သောကြောင့် အင်္ဂလန်တွင် အလုပ်လုပ်ခွင့်ပါမစ်ရရှိရန် ဆောင်ရွက်နေပြီး ပါမစ်ရရှိပါက လာမည့်ပွဲစဉ်တွင် အသင်းအတွက် ပါဝင်ကစားပေးနိုင်မည်ဖြစ်သည်။



အေဗီလာအသင်းသည် ယခုနှစ်ဘောလုံးရာသီ ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ၁၉ ပွဲကစားခဲ့ရာ ရမှတ် ၂၅ မှတ်သာရရှိခဲ့ပြီး အဆင့် (၁၁) နေရာသို့ ရောက်ရှိနေသောကြောင့် နည်းပြသစ် အမ်မရီက အသင်းလူစာရင်း ထပ်မံဖြည့်တင်းရန်အတွက် ပြီးခဲ့သည့်ရက်ပိုင်းအတွင်းက ဘက်တစ်အသင်း ခံစစ်ကစားသမား မိုရီနိုကိုခေါ်ယူခဲ့သည့်အပြင် တိုက်စစ်မှူး ဒူရန်ကိုပါ ထပ်မံခေါ်ယူခဲ့ကြောင်း သိရသည်။ ML

# ပါဘလိုဗင်းဆင့်က ဥရောပဖယ်သာဝိတ်တန်းချန်ပီယံ ကာကွယ်ပွဲစဉ်အဖြစ် ရှိဒရီကွက်ဇ်ဖြင့် ထိုးသတ်မည်

**ပနားမား ဇန်နဝါရီ ၁၇**

WBA-International ဥရောပဖယ်သာဝိတ်တန်း ချန်ပီယံကာကွယ်ပွဲစဉ်အဖြစ် ကျူးဘားလက်ဝှေ့သမား ပါဘလိုဗင်းဆင့်သည် စိန်ခေါ်သူ ဗင်နီဇွဲလားလက်ဝှေ့သမားရှိဒရီကွက်ဇ်နှင့် ပနားမားနိုင်ငံ ပနားမားမြို့တွင် ဇန်နဝါရီ ၂၁ ရက်၌ ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်ကြောင်း WBA က ယနေ့တွင် ဖော်ပြခဲ့သည်။

ပါဘလိုဗင်းဆင့်သည် ၂၀၂၂ ခုနှစ် ဇွန်လမှစတင်၍ WBA-International ဥရောပဖယ်သာဝိတ်တန်းချန်ပီယံခါးပတ်ကိုပိုင်ဆိုင်ခဲ့သူဖြစ်ပြီး ဒုတိယမြောက် လက်ရှိချန်ပီယံကာကွယ်ပွဲစဉ်ကို ထိုးသတ်မည်ဖြစ်သည်။

ပါဘလိုဗင်းဆင့်သည် ၂၀၂၂ ခုနှစ် ဩဂုတ် ၂၇ ရက်တွင် ပနားမားမြို့၌ မက္ကဆီကိုလက်ဝှေ့သမားအရီဇာလိုနှင့် ပထမဆုံးသောလက်ရှိချန်ပီယံကာကွယ်ပွဲစဉ်ကို အောင်မြင်စွာထိုးသတ်နိုင်ခဲ့သည်။

အသက် ၂၉ နှစ်အရွယ် ပါဘလိုဗင်းဆင့်သည် ဥရောပဖယ်သာဝိတ်တန်းလောကတွင် အခြားသောလက်ဝှေ့သမားများထက် ကြံ့ခိုင်မှုသာလွန်ကောင်းမွန်သည့် လက်ဝှေ့သမားအဖြစ် သတ်မှတ်ခံထားရသူဖြစ်ပြီး ၂၀၁၈ ခုနှစ်နောက်ပိုင်းတွင်လည်း ရှုံးပွဲတစ်ပွဲမှမရှိသေးသည့် လက်ဝှေ့သမားတစ်ဦးဖြစ်သည်။

ပါဘလိုဗင်းဆင့်ဖြင့် ထိုးသတ်မည့် အသက် ၃၅ နှစ်အရွယ် ရှိဒရီကွက်ဇ်သည် ဝါရင့်လက်ဝှေ့သမားတစ်ဦးဖြစ်ပြီး ၂၀၂၁ ခုနှစ်တွင် လက်ဝှေ့လောကမှ ခေတ္တအနားယူခဲ့သူဖြစ်သည်။

ရှိဒရီကွက်ဇ်သည် ၂၀၂၂ ခုနှစ်တွင် လက်ဝှေ့လောကသို့ ပြန်လည်ဝင်ရောက်လာခဲ့ပြီး ရှုံးပွဲမရှိသေးသည့် လက်ဝှေ့သမားတစ်ဦးဖြစ်သည်။

ပါဘလိုဗင်းဆင့်သည် လက်ဝှေ့လောကတွင် ကျင်လည်ခဲ့သောကာလတစ်လျှောက် စိန်ခေါ်ပွဲပေါင်းပွဲ ၂၀ ထိုးသတ်ထားပြီး ရှုံးပွဲတစ်ပွဲသာရှိသည့် မှတ်တမ်းကောင်းကို ရရှိထားသည်။

ဝါရင့်လက်ဝှေ့သမား ရှိဒရီကွက်ဇ်မှာလည်း လက်ဝှေ့လောကတွင် စိန်ခေါ်ပွဲပေါင်းပွဲ ၂၀ ထိ ထိုးသတ်ထားပြီး ရှုံးပွဲ နှစ်ပွဲသာရှိသေးသည့်ကစားသမားဖြစ်ကြောင်း သိရသည်။

AZL

## အီတလီစီးရီးအေ ဖလားဗိုလ်လုပွဲစဉ် ပွဲကြိုသုံးသပ်ချက်

STA

**အေစီမီလန် Vs အင်တာမီလန်**

**ကစားမည့်ရက်/အချိန် ၁၉-၁-၂၀၂၃ (နံနက် ၀၁:၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**အေစီမီလန် ၃ - ၂ အင်တာမီလန်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| **အေစီမီလန်** | – | **အိမ်(သရေ)** | **အိမ်(ရှုံး)** | **ဝေး(သရေ)** |
| **အင်တာမီလန်** | – | **ဝေး(သရေ)** | **အိမ်(နိုင်)** | **အိမ်(နိုင်)** |

နောက်ဆုံးကစားခဲ့တဲ့ သုံးပွဲဆက်နိုင်ပွဲပျောက်ဆုံးထားပြီး ခံစစ်ပိုင်းကလဲ အမှားအယွင်းများနေတဲ့ အေစီမီလန်အသင်းအတွက် အင်တာမီလန်အသင်းတိုက်စစ်ပိုင်းကို ထိန်းချုပ်ဖို့ခက်ခဲမှာပါ။ လက်ရှိ အင်တာမီလန်အသင်းရဲ့ ခြေစွမ်းပိုင်းကလဲတည်ငြိမ်မှုအပြည့်ရှိနေပါတယ်။ ဒါကြောင့် ဒီပွဲမှာ အင်တာမီလန်အသင်းပဲ အနိုင်ရယူသွားမှာပါ။

**အင်တာနက်ခန့်မှန်း – အေစီမီလန် ၁ – ၂ အင်တာမီလန်**

## ပရီးမီးယားလိဂ်ပွဲစဉ် (၇) ပွဲကျန် ပွဲကြိုသုံးသပ်ချက်

STA

**ပဲလေ့စ် Vs မန်ယူ**

**ကစားမည့်ရက်/အချိန် ၁၉-၁-၂၀၂၃ (နံနက် ၀၂:၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**မန်ယူ ၃ – ၁ ပဲလေ့စ်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| **ပဲလေ့စ်** | – | **အိမ်(ရှုံး)** | **အိမ်(ရှုံး)** | **ဝေး(ရှုံး)** |
| **မန်ယူ** | – | **အိမ်(နိုင်)** | **အိမ်(နိုင်)** | **အိမ်(နိုင်)** |

လက်ရှိခြေစွမ်းပိုင်းအရတော့ မန်ယူအသင်းက အသာစီးမှာရှိနေပါတယ်။ ပဲလေ့စ်အသင်းကလဲ အိမ်ကွင်းဆိုရင် အသင်းလိုက်ကစားပုံကောင်းမွန်တယ်ဆိုပေမဲ့ နောက်ဆုံးကစားခဲ့တဲ့ သုံးပွဲဆက်ရှုံးပွဲကြုံထားပြီး ခြေစွမ်းပိုင်းကျဆင်းနေပါတယ်။ ဒါကြောင့် ဒီပွဲမှာ အဝေးကွင်းဆိုပေမဲ့ ခြေစွမ်းပိုင်းအသာစီးမှာရှိတဲ့ မန်ယူအသင်းပဲ ရလဒ်ကောင်းသွားမှာပါ။

**အင်တာနက်ခန့်မှန်း – ပဲလေ့စ် ၁ – ၂ မန်ယူ**

# 2023 HSBC Women's World Championship ပြိုင်ပွဲတွင် လိုင်ဒီယာကိုနှင့် နယ်လီကော့ဒါတို့ ပါဝင်ယှဉ်ပြိုင်မည်

**စင်ကာပူ ဇန်နဝါရီ ၁၇**

စင်ကာပူနိုင်ငံတွင် လာမည့်မတ်လ၌ ကျင်းပသွားမည့် 2023 HSBC Women's World Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ကမ္ဘာ့အဆင့် (၁) ဂေါက်သီးရိုက်မယ် လိုင်ဒီယာကိုနှင့် ကမ္ဘာ့အဆင့်(၂) ဂေါက်သီးရိုက်မယ် နယ်လီကော့ဒါတို့ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း ပြိုင်ပွဲကျင်းပရေးကော်မတီက ထုတ်ပြန်ခဲ့သည်ဟု GA သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

လက်ရှိ ချန်ပီယံဖြစ်သူ တောင်ကိုရီးယား ဂေါက်သီးရိုက်မယ် ဂျင်ယန်းကိုသည် ချန်ပီယံဆုကာကွယ်နိုင်ရေးအတွက် ပစ်မှတ်ထား လေ့ကျင့်ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ပြိုင်ပွဲသည် ကမ္ဘာ့အဆင့်(၁) နေရာအတွက် အရေးပါသည့် ပြိုင်ပွဲဖြစ်သောကြောင့် ကမ္ဘာ့အဆင့် (၁)နှင့် (၂) နေရာတွင် ရပ်တည်လျက်ရှိသည့် လိုင်ဒီယာကိုနှင့် နယ်လီကော့ဒါတို့ကလည်း လေ့ကျင့်ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

ကမ္ဘာ့အကောင်းဆုံး ဂေါက်သီးရိုက်မယ် အများအပြားပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည့်အတွက် 2023 HSBC Women's World Championship ဂေါက်သီးရိုက်ပြိုင်ပွဲသည် အမျိုးသမီးဂေါက်သီးရိုက်လောကအတွက် အကောင်းဆုံးပြိုင်ပွဲတစ်ရပ် ဖြစ်လာနိုင်ကြောင်း သိရသည်။

လိုင်ဒီယာကိုက "၂၀၂၂ ခုနှစ်ဂေါက်သီးရိုက်ရာသီဟာ ကျွန်မအတွက် အမှတ်ရစရာကောင်းတဲ့ ရာသီတစ်ခုဖြစ်ခဲ့ပါတယ်။ အောင်မြင်မှုတွေ ဆွတ်ခူးနိုင်ခဲ့သလိုကာလရှည်ဝေးကွာနေခဲ့ရတဲ့ ကမ္ဘာ့အဆင့် (၁) နေရာကိုလဲ ပြန်လည်ရယူနိုင်ခဲ့တယ်။ ၂၀၂၃ ခုနှစ်ဂေါက်သီးရိုက်ရာသီမှာလဲ ၂၀၂၂ ခုနှစ်တုန်းကလို အောင်မြင်မှုတွေ ပြန်လည်ရယူနိုင်အောင် ကြိုးစားသွားမယ်။ ကမ္ဘာ့အဆင့် (၁)နေရာနဲ့ ကမ္ဘာ့အဆင့် (၂) နေရာကြား ရမှတ်ကွာဟမှုကလဲ ကျဉ်းမြောင်းနေတယ်။ ဒါကြောင့် အမှားခံလို့မရတဲ့ အခြေအနေရောက်နေတယ်။ 2023 HSBC Women's World Championship ဂေါက်သီးရိုက်ပြိုင်ပွဲမှာ ပါဝင်ယှဉ်ပြိုင်ဖို့ ပြင်ဆင်ထားပါတယ်။ စင်ကာပူနိုင်ငံဟာ ကျွန်မသဘောကျတဲ့နိုင်ငံတွေထဲက တစ်နိုင်ငံဖြစ်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

AZL

# အိန္ဒိယ-ပြင်သစ် မိတ်ဖက်ဆက်ဆံရေး အလားအလာ

**မောင်သောင်းဝင်း(တမန်ဟောင်း)**




ယခုနှစ် ဇန်နဝါရီလတွင် ကျင်းပပြုလုပ်ခဲ့သော (၃၆)ကြိမ်မြောက် အိန္ဒိယ-ပြင်သစ် မဟာဗျူဟာမြောက် ဆွေးနွေးပွဲကာလအတွင်း အိန္ဒိယအမျိုးသားလုံခြုံရေးအကြံပေး (NSA) အာဂျစ်ဒိုဗယ်သည် ပြင်သစ်အမျိုးသားလုံခြုံရေးအကြံပေး အင်မြူရယ်ဘုန်းနှင့်တွေ့ဆုံဆွေးနွေးခဲ့သည်။ ဆွေးနွေးပွဲ၏ရည်မှန်းချက်သည် ပထဝီနိုင်ငံရေးဆိုင်ရာအလားအလာများကို ကိုင်တွယ်ဖြေရှင်းနိုင်ရေးအတွက် ကာကွယ်ရေးနှင့်လုံခြုံရေးဆိုင်ရာ နယ်ပယ်များတွင် အပြန်အလှန် မိတ်ဖက်ဆက်ဆံရေးဆိုင်ရာ မဟာဗျူဟာမြောက် လမ်းပြမြေပုံချမှတ်သွားရန် ရည်ရွယ်ဆောင်ရွက်လျက်ရှိသည်။

အိန္ဒိယ-ပြင်သစ် နှစ်နိုင်ငံစလုံးသည် ငြိမ်းချမ်းမှု၊ တည်ငြိမ်မှုနှင့် မဟာဗျူဟာမြောက်စီမံအုပ်ချုပ်မှုတို့ကို လိုက်နာဆောင်ရွက်လျက်ရှိသောကြောင့် နှစ်နိုင်ငံ မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးသည် အရှိန်အဟုန်ဖြင့် တိုးတက်လျက်ရှိသည်။ အမှန်တော့ ပြင်သစ်သည် နိုင်ငံတကာရေးရာများတွင် အိန္ဒိယ၏ ရပ်တည်ချက်ကို တစိုက်မတ်မတ် ထောက်ခံလျက်ရှိသလို ၂၀၁၇ ခုနှစ်မှ ၂၀၂၂ ခုနှစ်ထိ အိန္ဒိယနိုင်ငံသို့ ကာကွယ်ရေးပစ္စည်း ဒုတိယအများဆုံးတင်ပို့လျက်ရှိသည်။ အလားတူ အိန္ဒိယနိုင်ငံကလည်း ပြင်သစ်နိုင်ငံကို ၎င်း၏အကြမ်းဖက်ဝါဒ ဆန့်ကျင်ရေးမူဝါဒများမှသည် နိုင်ငံတကာ ပထဝီနိုင်ငံရေးဆိုင်ရာ အခန်းကဏ္ဍများတွင် အစဉ်တစိုက်ကာကွယ် ထောက်ခံလျက်ရှိသည်။

အိန္ဒိယ-ပြင်သစ် မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးသည် အရှေ့နှင့်အနောက် အဓိကမဟာအင်အားကြီးနိုင်ငံများကြားတွင် လက်တွေ့ကျသော မူဘောင်ကိုထူထောင်လျက်ရှိသည်။ သိမ်မွေ့နက်နဲသော နိုင်ငံတကာ ပထဝီနိုင်ငံရေးရှုထောင့်ကို ထည့်သွင်းစဉ်းစားကာ နှစ်နိုင်ငံစလုံးသည် နိုင်ငံတကာရေးရာများတွင် ပြိုင်ဆိုင်မှုပြင်းထန်လာသော ဦးတည်ရာအလားအလာများ ကိုင်တွယ်ဖြေရှင်းနိုင်ရေး ထိရောက်နက်ရှိုင်းသော ပူးပေါင်းဆောင်ရွက်မှုများကို ကျယ်ပြန့်စွာ ဆောင်ရွက်လျက်ရှိပြီး အထူးသဖြင့် အင်ဒို-ပစိဖိတ်ဒေသတွင် မဟာဗျူဟာမြောက်သိမ်မွေ့ရှုပ်ထွေးလာမှုများကို ဖြေရှင်းသွားရန် ပါရှိသည်။

ဥရောပအင်အားကြီးနိုင်ငံဖြစ်သော ပြင်သစ်နိုင်ငံသည် အနောက်ပိုင်း အိန္ဒိယသမုဒ္ဒရာ (WIO)မှသည် တောင်ပစိဖိတ်ဒေသထိ ကျယ်ပြန့်သောနယ်မြေများကို ဆက်လက်ထိန်းချုပ်ထားပြီး အင်ဒို-ပစိဖိတ်ဒေသတွင် ပြင်သစ်လူဦးရေ ၁ ဒသမ ၆ သန်းကျော် နေထိုင်လျက်ရှိသည့်အပြင် စစ်အင်အား ကြီးမားစွာ ဖြန့်ကြက်ထားရှိသောကြောင့် ဒေသတွင်း၌ မဟာဗျူဟာမြောက် အနေအထားတွင် ရပ်တည်လျက်ရှိသည်။ ပြင်သစ်နိုင်ငံသည် အခြားသောဥရောပနိုင်ငံများနှင့်မတူဘဲ အင်ဒို-ပစိဖိတ်ဒေသတွင် စီးပွားရေးအကျိုးအမြတ်များရရှိအောင် နက်ရှိုင်းစွာခြေချလာလျက်ရှိသည်။ ပြင်သစ်၏အကျိုးစီးပွားများသည် နိုင်ငံရေးလုံခြုံမှုပင်ဖြစ်သည်။ အကြောင်းမှုကား ပြင်သစ်ကုန်ပစ္စည်း ရှစ်ရာခိုင်နှုန်းခန့်သာလျှင် တောင်တရုတ်ပင်လယ်ပြင်မှ ဖြတ်သန်းသွားလာလျက်ရှိသည်။

အိန္ဒိယနှင့် ပစိဖိတ်သမုဒ္ဒရာတို့တွင် တရုတ်နိုင်ငံ၏ လှုပ်ရှားမှုများတိုးမြှင့်လာခြင်းသည် ပြင်သစ်၏ မဟာဗျူဟာမြောက်အကျိုးစီးပွားများကို ခြိမ်းခြောက်လျက်ရှိသည်ဟု ဆိုသည်။ တရုတ်နိုင်ငံသည် စစ်ရေးနှင့် စီးပွားရေးလုပ်ငန်းသုံး အခြေခံအဆောက်အအုံများ တည်ဆောက်ခြင်း၊ နိုင်ငံရေး သံခင်းတမန်ခင်းဆိုင်ရာ ဆက်ဆံရေးထူထောင်ခြင်း၊ စီမံကိန်းများချိတ်ဆက်ခြင်းနှင့် စစ်ရေးဆိုင်ရာလှုပ်ရှားမှုများ ဆောင်ရွက်ခြင်းစသည့် အဓိကကျသော နယ်ပယ်လေးခုတွင်ထိတွေ့ဆက်ဆံမှုများ လုပ်ဆောင်လျက်ရှိသည်။

တရုတ်နိုင်ငံသည် ၂၀၁၇ ခုနှစ်တွင် ဂျီဘူတီ၌ ကမ်းလွန်အခြေစိုက်စခန်းထူထောင်မှုနှင့်အတူ မဟာဗျူဟာမြောက်ဒေသခွဲအတွင်း၌ ရေတပ်အင်အားတိုးချဲ့မှုကို အရှိန်မြှင့်တင် ဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် ပစိဖိတ်ဒေသတွင် တရုတ်နိုင်ငံ၏ စစ်ရေးဆိုင်ရာလှုပ်ရှားမှုနှင့် ချန်လှပ်ဆက်ဆံသည့်မူဝါဒများကျင့်သုံးခြင်းသည် ပြင်သစ်၏ လွတ်လပ်စွာရေကြောင်းသွားလာမှုနှင့် စည်းမျဉ်းစည်းကမ်းအခြေခံသော အခင်းအကျင်းအပေါ်တွင် ထိခိုက်မှုများဖြစ်ပေါ်စေလျက်ရှိသည်ဟု ဆိုသည်။ ထို့ကြောင့် တရုတ်နိုင်ငံ၏ လှုပ်ရှားမှုများအပေါ် ပြင်သစ်၏အမြင်သဘောထားသည် ပိုမိုတင်းမာလာလျက်ရှိသည်။ အမှန်တော့ တရုတ်နိုင်ငံအပေါ် ပြင်သစ်၏အမြင်သဘောထားသည် လွန်ခဲ့သော ဆယ်စုနှစ် နှစ်ခုကျော်တွင် ၄၂ ရာခိုင်နှုန်းခန့်သာ အဆိုးမြင်ခဲ့သော်လည်း ၂၀၂၀ ပြည့်နှစ်တွင် အဆိုးမြင်သူ ၇၀ ရာခိုင်နှုန်းထိ ရှိလာခဲ့သည်။ ထို့ပြင် ပြင်သစ်သမ္မတ မက်ခရွန်ကိုယ်တိုင်ကပင်လျှင် တရုတ်နိုင်ငံ၏ ဗိုလ်ကျစိုးမိုးရေးဝါဒသည် လွတ်လပ်မှု၊ ဖွံ့ဖြိုးတိုးတက်မှုနှင့်အခွင့်အလမ်းများကို ထိခိုက်စေနိုင်သည်ဟု ပြောဆိုလျက်ရှိသည်။

အဆိုပါစိန်ခေါ်မှုများကို ကိုင်တွယ်ဖြေရှင်းနိုင်ရေးအတွက် ပြင်သစ်နိုင်ငံသည် အင်ဒို-ပစိဖိတ် မဟာဗျူဟာကို အလေးထားသည့် ပထမဆုံးသော ဥရောပနိုင်ငံဖြစ်လာခဲ့ပြီး ဒေသတွင်း၌ ပြင်သစ်၏သံတမန်ကွန်ရက်များနှင့် မဟာဗျူဟာမြောက်မိတ်ဖက်ဆက်ဆံရေးတို့ကို တိုးချဲ့ဆောင်ရွက်ရန် နည်းလမ်းရှာကြံလုပ်ဆောင်လျက်ရှိသည်။ သို့သော် ပြင်သစ်၏ အင်ဒို-ပစိဖိတ် မဟာဗျူဟာသည် ပွင့်လင်းမြင်သာမှု လိုအပ်နေဆဲပင် ဖြစ်သည်။ ထို့ကြောင့် ပြင်သစ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံ၏ မဟာဗျူဟာမြောက်ဆက်ဆံရေး အားကောင်းလာခြင်းသည် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။

အင်ဒို-ပစိဖိတ်ဒေသအင်အားကြီးနှင့် အိန္ဒိယသမုဒ္ဒရာဒေသတွင် လုံခြုံရေးဆိုင်ရာ ပံ့ပိုးကူညီသူဖြစ်သောကြောင့် အိန္ဒိယ၏ သံခင်းတမန်ခင်းတိုးချဲ့လာမှုနှင့် ရပ်ဝန္တုပိုင်းဆိုင်ရာ စွမ်းဆောင်ရည်များသည် ဒေသတွင်း၌ ၎င်း၏ပထဝီနိုင်ငံရေးဆိုင်ရာ အနေအထားကို ဆက်လက်မြှင့်တင်နိုင်စေလျက်ရှိသည်။ ထို့ကြောင့် အိန္ဒိယနှင့် မဟာဗျူဟာမြောက် ဆက်ဆံရေးနက်ရှိုင်းလာခြင်းသည် ပြင်သစ်နိုင်ငံအတွက် အင်ဒို-ပစိဖိတ်ဒေသတွင် ရပ်တည်ချက်ခိုင်မာရေးအတွက် သံခင်းတမန်ခင်းလမ်းကြောင်းသစ် ဖွင့်လှစ်နိုင်မည်ဖြစ်သည်။ သာဓကအနေဖြင့် အိန္ဒိယနှင့် ပြင်သစ် ပူးပေါင်းဆောင်ရွက်မှုမူဘောင်များမှသည် ယူအေအီး၊ သြစတြေးလျ၊ အင်ဒိုနီးရှားနှင့်ဂျပန်နိုင်ငံတို့ကဲ့သို့သောနိုင်ငံများနှင့် သုံးနိုင်ငံပူးပေါင်းဆောင်ရွက်မှုများ လုပ်ဆောင်သွားနိုင်ပေသည်။

အိန္ဒိယနှင့် ပြင်သစ်တို့ကြား ထူးခြားလေးနက်သော အခြားပူးပေါင်းဆောင်ရွက်မှုတစ်ခုသည် နိုင်ငံပေါင်းစုံပါဝင်သော အခင်းအကျင်းအတွက် မျှော်မှန်းချက် တူညီခြင်းပင်ဖြစ်ပြီး မဟာဗျူဟာမြောက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်၏ အရေးပါမှုကိုလည်း အလေးထားဆောင်ရွက်လျက်ရှိသည်။ ပြင်သစ်သမ္မတမက်ခရွန်က ပြင်သစ်၏ အင်ဒို-ပစိဖိတ် မဟာဗျူဟာကို အမေရိကန်နှင့်တရုတ်တို့၏အားပြိုင်မှုများဖြင့် အသုံးအဖြတ် ပေးသွားမည်မဟုတ်ကြောင်း၊ ပြင်သစ်အနေဖြင့် အကျိုးစီးပွားနှင့် စိုးရိမ်ပူပန်မှုများကို အခြေခံလျက် လက်တွေ့ကျကျ ထိတွေ့ဆက်ဆံဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် မိတ်ဖက်နိုင်ငံများလည်း တိုးချဲ့သွားမည်ဖြစ်ကြောင်း၊ အလားတူ ဒေသတွင်း၌ အိန္ဒိယ၏ဦးဆောင်မှုအခန်းကဏ္ဍ ထွက်ပေါ်လာခြင်းသည် အားလုံးပါဝင်သောချဉ်းကပ်မှုကို ဆောင်ရွက်နိုင်ပြီး နိုင်ငံရေးအုပ်စုခွဲခြားမှုများကို ရှောင်ရှားနိုင်မည်ဖြစ်ကြောင်း ပြောကြားသွားသည်။

ထို့ကြောင့် ဖွံ့ဖြိုးတိုးတက်လျက်ရှိသော ကမ္ဘာကြီးတွင် လုံခြုံရေးနှင့်ဖွံ့ဖြိုးတိုးတက်မှုမိတ်ဖက်အဖြစ် ကြီးမားသောအခန်းကဏ္ဍမှ ပါဝင်နိုင်ရေး အိန္ဒိယ၏ ကြိုးပမ်းမှုကို ထောက်ခံမှုများ မြင့်တက်ခဲ့သည်။ အကြောင်းမူကား အိန္ဒိယနိုင်ငံသည် မတူကွဲပြားမှု၊ ဖွံ့ဖြိုးတိုးတက်မှုနှင့်လုံခြုံမှုတို့ကြား ဟန်ချက်ထိန်းညှိဆောင်ရွက်နိုင်သောကြောင့်ပင် ဖြစ်သည်။ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုအဆင့်၌ ပြင်သစ်နှင့် အိန္ဒိယတို့သည် တစ်နိုင်ငံချင်းစီ၏ တန်ဖိုးထားမှုများကို အလေးထားခြင်းအားဖြင့် ၎င်းတို့၏ရင့်ကျက်မှုကိုပြသနိုင်ခဲ့သည့်အပြင် မိတ်ဖက်ဆက်ဆံရေး ပိုမိုနက်ရှိုင်းခိုင်မာလာစေရန်အတွက်လည်း နည်းလမ်းရှာဖွေကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ထို့ကြောင့် အိန္ဒိယ-ပြင်သစ် မိတ်ဖက်ဆက်ဆံရေးသည် အမေရိကန်-တရုတ် အားပြိုင်မှုပြင်းထန်လာမှုကြောင့် တည်ငြိမ်မှုအားနည်းလာသော ဒေသတွင် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်သွားလိမ့်မည်ဖြစ်သည်။ အင်အားကြီးနိုင်ငံများ၏ အားပြိုင်မှုသည် ဒေသတွင်းနိုင်ငံများကို အကျိုးစီးပွား၊ လုံခြုံမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုထိန်းသိမ်းရာတွင် အတားအဆီးများဖြစ်ပေါ်စေလျက်ရှိသည်။ အိန္ဒိယနှင့် ပြင်သစ် နှစ်နိုင်ငံစလုံးသည် ဒေသတွင်း၌ ရပ်ဝန္တုပိုင်းဆိုင်ရာ စွမ်းဆောင်ရည်များရှိသည့်အပြင် အကျိုးစီးပွားနှင့် စိုးရိမ်ပူပန်မှုများကိုလည်း မျှဝေခံစားလျက်ရှိသောကြောင့် ၎င်းတို့၏မဟာဗျူဟာမြောက် ဆက်ဆံရေးသည် အင်ဒို- ပစိဖိတ်၏လုံခြုံရေးနှင့် ပထဝီနိုင်ငံရေးဆိုင်ရာ ဗိသုကာတည်ဆောက်ရာတွင် ပြောင်းလဲဖြစ်ပေါ်နေမှုများကို လက်တွေ့ကျကျ ကိုင်တွယ်ဖြေရှင်းသွားရန်လိုအပ်ပေသည်။

**ကိုးကား**

- **India-France Partnership Provides a Model for East-West Cooperation in the Indo-Pacific by The Diplomat.**

# မင်းလှမြို့နယ် ကျေးရွာနှစ်ရွာ၌ ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှု စစ်ဆေး

**မင်းလှ ဇန်နဝါရီ ၁၇**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးရွာနှစ်ရွာ၌ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှုများကို ဇန်နဝါရီ ၁၆ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သရက်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်ဆန်းဌေး၊ မင်းလှမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တင်အေးထွန်းနှင့် ဝန်ထမ်းများက ကျေးရွာရေရရှိရေးကော်မတီဝင်များနှင့်အတူ လက်ခုပ်ပင်ကျေးရွာ၌ လက်တူးတွင်းကျယ်တူးဖော်ခြင်း၊ ရေစက်ရုံတည်ဆောက်ခြင်း၊ ရေစုကန်တည်ဆောက်ခြင်း၊ ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းနှင့် စမ်းအိုင်ကျေးရွာ၌ Slab Culvert သုံးစင်း၊ Pipe Culvert သုံးစင်း တည်ဆောက်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။


မင်းလှမြို့နယ် လက်ခုပ်ပင်ကျေးရွာ၌ ပြည်ထောင်စုရန်ပုံငွေကျပ် ၁၇ ဒသမ ၈၆ သန်း အသုံးပြုပြီး အချင်း ခြောက်ပေရှိသော လက်တူးတွင်းကျယ် တစ်တွင်းတူးဖော်ခြင်း၊ အလျား ၁၀ ပေ၊ အနံ ရှစ်ပေ၊ အမြင့် ရှစ်ပေရှိ ရေစက်ရုံတည်ဆောက်ခြင်း၊ ဂါလန် ၅၀၀၀ ဆံ့ ရေစုကန် တည်ဆောက်ခြင်း၊ အရှည်ပေ ၂၄၀၀ ရှိ ကျေးရွာတွင်း ရေပိုက်လိုင်းသွယ်တန်းခြင်း လုပ်ငန်းများနှင့် စမ်းအိုင်ကျေးရွာ၌ တိုင်းဒေသကြီးရန်ပုံငွေကျပ် ၄၉ ဒသမ ၅၆၂ သန်းအသုံးပြုပြီး အရှည်ပေ ၁၀၀၊ အကျယ်ပေ ၆၀၊ အမြင့် ခြောက်ပေရှိ Slab Culvert သုံးစင်း တည်ဆောက်ခြင်း၊ အချင်း တစ်ပေ၊ အရှည်ပေ ၂၀ ရှိ Pipe Culvert သုံးစင်း တည်ဆောက်ခြင်းလုပ်ငန်းများကို



Guiding True ကုမ္ပဏီက ၂၀၂၂ ခုနှစ် စက်တင်ဘာ ၁၅ ရက်က ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၇၀ ရာခိုင်နှုန်းကျော် ပြီးစီးနေပြီဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဦးကျော်ဆန်းဌေးက ပြောပြ၍ သိရသည်။

**ကိုညို**

# ကျောက်တံတားမြို့နယ် Three Season Beauty Studio & Gallery တွင် ပန်းချီဆရာကြီး ၁၀ ဦး၏ ရေဆေးပန်းချီကားများကို အွန်လိုင်းမှ ပြသသွားမည်



**ရန်ကုန် ဇန်နဝါရီ ၁၇**

ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ်ရှိ Three Season Beauty Studio & Gallery ပန်းချီပြခန်းတွင် ပန်းချီဆရာကြီး ၁၀ ဦး၏ ရေဆေးပန်းချီကားများကို သီးသန့်စုစည်း၍ Golden Arts Collection အမည်ဖြင့် အွန်လိုင်းမှ ပြသသွားမည်ဖြစ်ကြောင်း အဆိုပါ ပန်းချီပြခန်းတာဝန်ခံ ဦးသတိုးအောင်က ပြောပြ၍ သိရသည်။

အဆိုပါ Golden Arts Collection အမည်ဖြင့် ပြသမည့် အွန်လိုင်းပန်းချီပြပွဲတွင် ရေဆေး သီးသန့် ပန်းချီကားများကိုသာ သီးသန့်စုစည်းပြသပေးမည်ဖြစ်ပြီး ပန်းချီလောကတွင် ထင်ရှားသည့် ပန်းချီ ဦးဘလုံလေး၊ ပန်းချီ ဦးလွန်းကြွယ်၊ ပန်းချီ ဦးသောင်းဟန်၊ ပန်းချီ ဦးအေးမြင့်၊ ပန်းချီ စတားမြသန်း၊ ပန်းချီ ဝင်းဖေ၊ ပန်းချီ ကြည်သိန်း၊ ပန်းချီ မောင်မောင်သိုက်၊ ပန်းချီ ဦးမာလာ၊ ပန်းချီ မုတ်သုန်တို့၏ ရေဆေးပန်းချီကား ၃၀ ကို ဇန်နဝါရီ ၂၀ ရက်မှ ဇန်နဝါရီ ၂၇ ရက်ထိ ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

"ပန်းချီကားစုဆောင်းသူတွေ၊ ဝါသနာရှင်တွေအတွက် အကြိုက်တွေ့မဲ့ နာမည်ကျော် ပန်းချီဆရာကြီးတွေရဲ့လက်ရာ ရေဆေးသီးသန့် ပန်းချီကားတွေ စုစည်းပြသပေးမှာဖြစ်ပါတယ်။ ပန်းချီဆရာကြီး ဦးဘလုံလေး၊ ဦးလွန်းကြွယ်၊ ပန်းချီ စတားမြသန်း စတဲ့ ပန်းချီဆရာကြီးတွေရဲ့လက်ရာ ရေဆေးပန်းချီကားတွေကို မြင်ရမှာဖြစ်သလို ပန်းချီ ဦးသောင်းဟန်၊ မောင်မောင်သိုက်၊ မုန်သုတ်တို့လို စာနယ်ဇင်းလောကမှာ ထင်ရှားတဲ့ဆရာတွေရဲ့ လက်ရာတွေလဲ စုံစုံလင်လင်မြင်တွေ့ရမှာဖြစ်ပါတယ်"ဟု ဦးသတိုးအောင်က ပြောပြသည်။

အဆိုပါပန်းချီပြပွဲတွင် ပြသပေးမည့် ပန်းချီကားများ၏ အရွယ်အစားများမှာ (၃၆× ၂၄)လက်မ၊ (၂၄× ၂၄) လက်မ၊ (၁၈×၂၄) လက်မ၊ (၁၈×၁၈) လက်မ စသည့် အရွယ်အစားအစုံပန်းချီကားများ ပါဝင်ပြီး ဈေးနှုန်းအနေဖြင့် အနည်းဆုံး ငွေကျပ်သိန်း ၂၀ မှ အများဆုံး ငွေကျပ်သိန်း ၇၀ ထိရှိကြောင်း သိရသည်။

ASH

# ရုပ်ရှင်ဝေဖန်ရေးဆရာများအကြိုက် အကောင်းဆုံး အမျိုးသမီးသရုပ်ဆောင်ဆု ကိတ်ဘလန်းချက်ရရှိ

**နယူးယောက် ဇန်နဝါရီ ၁၇**

၂၀၂၃ ခုနှစ် ရုပ်ရှင်ဝေဖန်ရေးဆရာများအကြိုက် ရုပ်ရှင်ဆုပေးပွဲ၏ အကောင်းဆုံးအမျိုးသမီးသရုပ်ဆောင်ဆုကို မင်းသမီး ကိတ်ဘလန်းချက်က ရရှိခဲ့ကြောင်း The Daily Mail သတင်းစာက ဇန်နဝါရီ ၁၆ ရက်တွင် ရေးသားတင်ပြထားသည်။

မင်းသမီး ကိတ်ဘလန်းချက်သည် ဒါရိုက်တာ တော့ဖီး ရိုက်ကူးခဲ့သော TAR အမည်ရှိ ရုပ်ရှင်ဇာတ်ကားဖြင့် ဝေဖန်ရေးဆရာများအကြိုက် ရုပ်ရှင်ဆုပေးပွဲ၏ အကောင်းဆုံး အမျိုးသမီးသရုပ်ဆောင်ဆုကို ရရှိခဲ့ခြင်းဖြစ်သည်။

အသက် ၅၃ နှစ်အရွယ် ဩစတြေးလျ မင်းသမီး ကိတ်ဘလန်းချက်သည် မင်းသမီး မစ်ချဲဝီလျံ၊ ဗိုင်အိုလာဒေးဗစ်၊ ဒန်နီယယ်ဒက်ဗိုင်လာ၊ မားဂေါ့ရောဘီနှင့် မီချဲယိုတို့ကို ကျော်ဖြတ်၍ အဆိုပါရုပ်ရှင်ဆုကို ရရှိခဲ့ခြင်းဖြစ်သည်။

၂၈ ကြိမ်မြောက် ရုပ်ရှင်ဝေဖန်ရေးဆရာများအကြိုက် ရုပ်ရှင်ဆုပေးပွဲကို အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်မြို့ ဖဲယားဗွန့်စင်ကျူရီပလာဇာဟိုတယ်၌ ဇန်နဝါရီ ၁၅ ရက်က ကျင်းပခဲ့ရာ မင်းသမီး ကိတ်ဘလန်းချက် တက်ရောက်ဆုလက်ခံရယူခဲ့ကြောင်း သိရသည်။

KKO



# ပဲခူးတိုင်းဒေသကြီး အမှတ်တရလက်ဆောင်ပစ္စည်းဈေးကွက်သို့ ရင်းတိုက်သားဖြင့် ထုလုပ်ထားသည့် နာဂတိုင်းရင်းသားပန်းပုရုပ်များ ဝင်ရောက်လာ



**ရန်ကုန် ဇန်နဝါရီ ၁၇**

ပဲခူးတိုင်းဒေသကြီးရှိ အမှတ်တရလက်ဆောင်ပစ္စည်းဈေးကွက်သို့ ရင်းတိုက်သားဖြင့်ထုလုပ်ထားသည့် နာဂတိုင်းရင်းသားပန်းပုရုပ်များ ဝင်ရောက်လာကြောင်း ရွှေယမင်း မြန်မာလက်မှုပစ္စည်းအရောင်းဆိုင်ပိုင်ရှင် ဒေါ်ယမင်းရွှေစင်က ပြောပြ၍ သိရသည်။

အဆိုပါ နာဂတိုင်းရင်းသားဦးခေါင်းပိုင်းပန်းပုရုပ်များသည် ပဲခူးတိုင်းဒေသကြီး အမှတ်တရလက်ဆောင်ပစ္စည်းဈေးကွက်သို့ ရန်ကုန်တိုင်းဒေသကြီး ဒါးပိန်ပန်းပုကျေးရွာမှ ဝင်ရောက်လာခြင်းဖြစ်ကြောင်း သိရသည်။

"ဒီဇန်နဝါရီလမှာပဲ ရင်းတိုက်သားနဲ့ထုလုပ်ထားတဲ့ နာဂတိုင်းရင်းသားဦးခေါင်းပိုင်းပန်းပုရုပ်တွေ ဈေးကွက်ထဲဝင်လာပါတယ်။ ဒီလိုမျိုး ပန်းပုရုပ်တွေက ပြည်တွင်းကဝယ်လိုအားသိပ်မရှိပါဘူး။ ပြည်ပကလာတဲ့သူတွေပဲ အမှတ်တရအနေနဲ့ ဝယ်ယူကြတာများပါတယ်။ ဒါကြောင့် နိုင်ငံခြားသားအကြိုက် ပန်းပုရုပ်တွေ ဈေးကွက်ထဲကို ပြန်ဝင်လာတာဖြစ်ပါတယ်"ဟု ဒေါ်ယမင်းရွှေစင်က ပြောပြသည်။

အဆိုပါ ပန်းပုရုပ်မှာ အမြင့် ၁၄ လက်မ၊ အလျားရှစ်လက်မ၊ ၃ လေးလက်မအရွယ်အစားရှိပြီး ဈေးနှုန်းမှာ ငွေကျပ် ၃၅၀၀၀ ဖြစ်ကြောင်း၊ ဈေးကွက်အတွင်းသို့ ပန်းပုရုပ်အရေအတွက် ၁၀၀ ခန့် ဝင်ရောက်ထားကြောင်း သိရသည်။

ASH

# Avatar:The Way of Water ကမ္ဘာတစ်ဝန်းဝင်ငွေ အမေရိကန်ဒေါ်လာ ၁ ဒသမ ၉ ဘီလီယံ ကျော်လွန်နိုင်

**နယူးယောက် ဇန်နဝါရီ ၁၇**

၂၀ ရာစုရုပ်ရှင်စတူဒီယို၏ Avatar:The Way of Water ဇာတ်ကား ကမ္ဘာတစ်ဝန်းဝင်ငွေ အမေရိကန်ဒေါ်လာ ၁ ဒသမ ၉ ဘီလီယံကို ကျော်လွန်သွားနိုင်ကြောင်း Screen Rant သတင်းစာက ဇန်နဝါရီ ၁၆ ရက်တွင် ရေးသားတင်ပြထားသည်။

အဆိုပါဇာတ်ကားသည် ဇန်နဝါရီ ၁၅ ရက်တွင် နိုင်ငံတကာဝင်ငွေ အမေရိကန်ဒေါ်လာ ၁ ဒသမ ၃ ဘီလီယံကျော်နှင့် ပြည်တွင်းဝင်ငွေ အမေရိကန်ဒေါ်လာသန်း ၅၇၀ ကျော်ရှိခဲ့ရာ အဆိုပါဇာတ်ကား၏ လက်ရှိ ကမ္ဘာတစ်ဝန်းဝင်ငွေမှာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၈၉ ဘီလီယံထိရှိလာသည်။

သို့ဖြစ်ရာ Avatar:The Way of Water ဇာတ်ကားသည် လာမည့်ရက်ပိုင်းအတွင်း ကမ္ဘာတစ်ဝန်းဝင်ငွေအရ ဆိုနီရုပ်ရှင်ကုမ္ပဏီ၏ Spider Man:No Way Home ကိုကျော်ဖြတ်၍ ကိုဗစ်ကာလဝင်ငွေ အကောင်းဆုံးရုပ်ရှင်ဇာတ်ကားအဖြစ် မှတ်တမ်းဝင်လာနိုင်ကြောင်း သိရသည်။

Spider Man: No Way Home ဇာတ်ကား၏ လက်ရှိ ကမ္ဘာတစ်ဝန်းဝင်ငွေမှာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၉၁ ဘီလီယံထိရှိကြောင်း သိရသည်။ KKO



# ချောက်မြို့နယ် စွယ်ပေါက္ကံအနောက်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**ချောက် ဇန်နဝါရီ ၁၇**

မကွေးတိုင်းဒေသကြီး ချောက်ခရိုင် ချောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် စွယ်ပေါက္ကံအနောက်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ဇန်နဝါရီ ၁၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ချောက်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မေသက်နိုင်၊ ချောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကြည်မြင့်နှင့် တာဝန်ရှိသူများက စွယ်ပေါက္ကံအနောက်ကျေးရွာ သောက်သုံးရေရရှိရေးကော်မတီဝင်များနှင့်အတူ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက တာဝန်ရှိသူများကို လုပ်ငန်းများအားလုံး သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ရန် မှာကြားသည်။

ချောက်မြို့နယ် စွယ်ပေါက္ကံအနောက်ကျေးရွာ၌ ယခုဘဏ္ဍာနှစ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ခွင့်ပြုရန်ပုံငွေကျပ် ၄၅ ဒသမ ၈၆ သန်းဖြင့် ကျေးရွာနေပြည်သူများ သောက်သုံးရေရရှိရေးအတွက် အကျယ် လေးလက်မ၊ အနက်ပေ ၁၃၀၀ စက်ရေတွင်းတူးဖော်ခြင်း၊ ဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင်တည်ဆောက်ခြင်းနှင့်ပါဝါမီတာတင်ဆင်ခြင်းလုပ်ငန်းများကို ချောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၁၅ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၇၅ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါက ကျေးရွာရှိအိမ်ခြေ ၉၈ အိမ်၊ လူ ၄၄၆ ဦးနှင့် ကျွဲ၊ နွားများအတွက် သောက်သုံးရေ လုံလောက်စွာရရှိမည်ဖြစ်ကြောင်း သိရသည်။

အထွေး

# 52 container carriers from 16 shipping lines expected to dock at international ports in January


A container ship docked at Yangon international port.

**Yangon January 17**

Myanma Port Authority stated that a total of 52 container ships from 16 international commercial shipping lines will dock at Yangon International Ports in January 2023.

As Myanmar trades with customer countries in shipping accounting for 95 per cent, container ships from international commercial shipping lines dock at international ports of Yangon on a monthly basis.

The Ministry of Commerce, the Myanma Port Authority, the Customs Department, relevant organizations and businesspersons are joining hands in arranging docking of international container carriers at the ports in Yangon.

In Yangon, nine container carriers from Sealand Maersk Asia Line, eight from New Golden Sea (COSCO), six from Samudera shipping line, four each from SITC, RCL and MSC shipping lines, three each from Ti2 container line and PIL, two each from CMA CGM, Ever Green and X-Press Feeder, one each from Bay line, IAL line, BLPL line, Land and SEA line and CSL line, totalling 52 will arrive at the ports of Yangon in January 2023.

336

## Public Notice for elimination of violence

1. So called "CRPH", "NUG" and "PDF" terrorist groups are unlawfully committing killings monks, teachers, civil servants and general people and lotting under the pretext of sayings "for the people".
2. Not rendering encourage support and assistance to the "CRPH", "NUG" and "PDF" terrorists that are committing intimidations, killings and destructive activities could be construed as protecting lives and property of general public.
3. Giving information secretly relating to bearing of their arms, ammunitions and terrorists to authorities could be tantamount to protecting lives and property of innocent people.

# No 35 Heavy Industry (Chauk) to accept mutual cooperation with businesspersons

**Nay Pyi Taw January 17**

The Ministry of Industry mentioned information recently that it will set up a mutual cooperation with businesspersons at home and abroad for operating No 35 Heavy Industry (Chauk).

It is a State-owned factory under the No 2 Heavy Industries Enterprise of the Ministry of Industry.

The industry is located three miles from Chauk-Sale road in Chauk Township of Magway Region. It manufactures ceramic insulators to be used in electrical cables.

The businesspersons may take out the instructions for expression of interest forms and necessary documents for the mutual cooperation measures from the technical development department by showing company documents.

The expression of interest letters must be submitted to the department not later than 3 pm on 26 January 2023.

Those who take out the expression of interest letters forms and other necessary documents must submit form V1 and Form XXVI of companies, facts about the companies for technical cooperation, work experience of investors, contact persons of companies, name, address, ranks, telephone numbers and email address. For further information, dial 067-3408678 and 067-3408679.

336

# Crude oil to be sold to businesspersons through open tender in January

**Nay Pyi Taw January 17**

The Ministry of Energy on 5 January stated that a plan is underway to sell crude oil to businesspersons through open tender this month.

Oil and Petrochemical Products Transport Branch of Myanmar Petrochemical Enterprise will sell crude oil in six tanks to businesspersons through open tender.

The crude oil is located in Petrochemical Complex in Thanbayakan. A total of 100,807 gallons of crude oil will be sold to businesspersons on 17 January 2023.

Businesspersons may purchase proposals from the enterprise and must submit them to the enterprise not later than 12 noon on 17 January. The tender will be opened at 2 pm the same day.

For further information for the auction, dial 067-3411082 of the production department of the enterprise.

Likewise, Myanma Oil and Gas Enterprise announced a press release on 13 January to sell old iron wares from Mann oil field to businesspersons through open tender.

The lot will be weighed for 350 tons. Businesspersons may buy tender forms and disciplines for the open tender from the finance section of the enterprise in Nay Pyi Taw from 13 to 26 January.

Tender proposals must be submitted not later than 12 noon on 27 January and tender will be opened at 1 pm.

For detailed information, contact 067-3411344 and 067-3411097 of the admin department of Myanma Oil and Gas Enterprise. 336


Officials inspect storage of crude oil in tanks.

# Myanmar cooperates with Norway, Germany in enumerating fish species in Indawgyi Lake in Mohnyin Township

**Mohnyin January 17**

Water quality of Indawgyi Lake in Mohnyin Township of Kachin State is being tested yearly, and numbers of fish species are being collected, through collaborative of Myanmar, Norway and Germany, said warden U Maung Win of Indawgyi Lake wildlife sanctuary.

Myanmar joins hands with FFI in collection of fish species and conducting water quality test. Migratory birds arrive there to take hibernation on a yearly basis. As of 2016, water quality has been slightly changing year by year. Regeneration of fish species is important for water quality of the lake. So, experts from Norway and Germany conduct quality test for water from the lake yearly," said the warden.

In conducting the number of fish species, 95 fish species are thriving in the lake.

The Indawgyi Lake is located in 314.67 acres of land designated as a wildlife sanctuary by the Forest Department. Due to lack of public residences, the lake's water quality is not remarkably changing. Currently, it is the best habitat for migratory birds among eight Ramsar sites in Myanmar.

ASH

# Rubber fetches good prices in Taninthayi region market with exporting them to Thailand via Kawthoung border trade route



Rubber trees grown in rows in a plantation.

**Kawthoung January 17**

Rubber in Taninthayi Region gets good price in the domestic market, and local rubber farm owners earn increased income in exporting rubber to Thailand via Kawthoung, said U Kyaw Oo, central executive member of Myanmar Rubber Growers and Producers Association (Taninthayi Region).

Prices of rubber this year doubled that of last year in Taninthayi Region, in earning incomes of rubber farm owners and farmers. Currently, Myanmar's rubber is exported to Thailand via Kawthoung border trade post.

"At present, local market trades RSS-3 and RSS-5 rubber in Taninthayi Region. RSS-3 rubber is traded at K1,320 per pound and RSS-5 K1,22," said U Kyaw Oo.

A total of 349,121 acres of land are under rubber plantations in the region, 193,275 acres of which are the area for rubber plants which can be collected latex. Rubber farms produce 499.99 pounds per acre and 43,834 metric tons of rubber per year.

Rubber is growing in Taninthayi Region and Mon State as well as Kayin State in growing more than 1.6 million acres of rubber plantations. Myanmar exports more than 190,000 tons of rubber per year to China, India, Thailand, Malaysia, Indonesia, Singapore and Republic of Korea. ASH

# Nepal plane crash searchers rappel, fly drones in last-ditch effort to find two people

**Kathmandu January 17**

Searchers used drones and rappelled down a 200-metre (656-feet) deep gorge in Nepal's second-biggest city on Tuesday to search for two people unaccounted for after the country's deadliest plane crash in 30 years killed at least 70 people.

Difficult terrain and inclement weather was hampering rescue efforts near the tourist city of Pokhara, where the Yeti Airlines ATR 72 turboprop carrying 72 people crashed in clear weather on Sunday just before landing.

Rescue teams were also struggling to identify bodies, Ajay K.C, a police official in Pokhara who is part of the rescue efforts, told Reuters.

"There is thick fog here now. We are sending search and rescue personnel using ropes into the gorge where parts of the plane fell and was in flames," K.C.said.

Rescuers had collected what appeared to be human remains and sent them for a DNA test, he said, but search efforts would continue till all 72 passengers and crew were accounted for.

Search teams found 68 bodies on the day of the crash, while two more bodies were recovered on Monday before the search was called off. Reuters

# Conservation conducted at Phonkanrazi wildlife sanctuary for existence of biodiversity in Kachin State

**Myitkyina January 17**

The Phonkanrazi wildlife sanctuary in Kachin State, which is the top world ecologically focal point, is under the conservation of biodiversity, said staff officer U Nyein Aung of Wildlife Conservation Section of the Forest Department.

The sanctuary blessed with snow-capped mountains, wildlife species, icy fish, herbal plants and rhizomes, orchids and migratory birds which help Myanmar famous among other ASEAN countries.

"Phonkanrazi wildlife sanctuary is close to Phonkanrazi national park. As from October, migratory birds arrive at the wildlife. After taking one and a half months period, those birds fly to Hukaung valley, Indawgyi Lake, Inlay Lake and Moeyungyi Lake. In March and April, they return to the wildlife sanctuary. After that, they leave for the northern pole. Hence, bird watchers come here to look the birds. Likewise, mountaineers arrive here to climb mountains. So, the Forest Department is carrying out conservation of wildlife species in the sanctuary," said U Nyein Aung.

The wildlife sanctuary is home to hilly pine, alpine shrub, and mountainous temperate forest plantations as well as eastern hoolock gibbon, red goral, small Asian mongoose, forest fox and some species of birds. A total of 370 bird species, 360 butterfly species and 82 amphibious species can be seen in the wildlife sanctuary.

In the cold season, travellers can enjoy snow-capped hilly region scenes, natural hilly pine plantations and hilly Zalat plants as well as may conduct research on rafting, endurance and biodiversity. So, local and foreign travellers pay visits to the sanctuary.

The sanctuary is located on 2,703.95 square kilometres in Machanbaw, Putao and Nagmon townships of Kachin State. It was established in 2003. ASH

# China's population falls for first time since 1961



China's birth rate has hit a record low.

**Beijing January 17**

China's population has fallen for the first time in 60 years, with the national birth rate hitting a record low - 6.77 births per 1,000 people.

The population in 2022 - 1.4118 billion - fell by 850,000 from 2021.

China's birth rate has been declining for years, prompting a slew of policies to try to slow the trend.

But seven years after scrapping the one-child policy, it has entered what one official described as an "era of negative population growth".

The birth rate in 2022 was also down from 7.52 in 2021, according to China's National Bureau of Statistics, which released the figures on Tuesday.

In comparison, in 2021, the United States recorded 11.06 births per 1,000 people, and the United Kingdom, 10.08 births. The birth rate for the same year in India, which is poised to overtake China as the world's most populous country, was 16.42.

Deaths also outnumbered births for the first time last year in China. The country logged its highest death rate since 1976 - 7.37 deaths per 1,000 people, up from 7.18 the previous year.

Earlier government data had heralded a demographic crisis, which would in the long run shrink China's labour force and increase the burden on healthcare and other social security costs. BBC

# Over 1,200 companies and factories apply to send food products to China

**Nay Pyi Taw January 17**

More than 1,200 local companies and factories have applied to send food products to China from December 1, 2021 to January 6, 2023, according to reports from the Myanmar Trade Promotion Organization released on January 12, 2023.

According to the announcement of the General Administration of Customs of China (GACC), businesses exporting food from Myanmar to China will only be allowed to export after registering with the GACC starting from January 1, 2022.

According to the categories of goods, the relevant authorities to make registration in GACC are the Department of Agriculture, the Livestock Breeding and Veterinary Department, Department of Fisheries and Department of Food and Drug Administration.

From December 1, 2021 to January 6, 2023, a total of 1,242 companies and factories sent 2,233 applications to apply for registration: 2,094 applications to the Department of Agriculture, 118 applications to the Department of Fisheries, 12 applications to the Livestock Breeding and Veterinary Department and nine applications to the Department of Food and Drug Administration. 336

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## ဂျာမနီမှပေးပို့သည့် ပထမဆုံး Piranha-3H သံချပ်ကာလူသယ်ယာဉ်များကို မော်လ်ဒိုဗာနိုင်ငံ လက်ခံရရှိခဲ့



မော်လ်ဒိုဗာသည် ဂျာမနီထံမှ Piranha-3H သံချပ်ကာလူသယ်ယာဉ်(APCs) ၁၉ စီးအနက် ပထမဆုံး သုံးစီးကိုစစ်ဘက်ဆိုင်ရာပံ့ပိုးမှုအစီအစဉ်၏ တစ်စိတ်တစ်ပိုင်းအဖြစ်လက်ခံရရှိခဲ့ကြောင်း သိရသည်။

နိုင်ငံ၏ Enable and Enhance Initiative ကနဦးရန်ပုံငွေမှတစ်ဆင့် ရောင်းချပေးထားသည့် သံချပ်ကာလူသယ်ယာဉ်များသည် မော်လ်ဒိုဗာနိုင်ငံ၏ ကာကွယ်ရေးစွမ်းရည်ကို အဆင့်မြှင့်တင်ပေးနိုင်လိမ့်မည်ဖြစ်ကြောင်း သိရသည်။

ဂျာမနီ၏အဆိုအရ အဆိုပါပေးပို့မှုသည် ကာကွယ်ရေးဝန်ကြီး Christine Lambrecht ၏ အောက်တိုဘာလအတွင်းက Lambrecht ခရီးစဉ်အတွင်းချုပ်ဆိုခဲ့သော နှစ်နိုင်ငံသဘောတူညီချက်၏ တစ်စိတ်တစ်ပိုင်းဖြစ်သည်။

"ကျွန်တော်တို့အတူတကွမော်လ်ဒိုဗာရဲ့လက်နက်ကိုင်တပ်ဖွဲ့တွေကိုအားကောင်းအောင်လုပ်နေပါတယ်"ဟု Lambrecht က သတင်းထုတ်ပြန်ချက်တွင် ပြောကြားခဲ့သည်။ ပထမဆုံးသံချပ်ကာလူသယ်ယာဉ်များကို အမြန်ပို့ဆောင်ပေးခြင်းသည် ကျွန်ုပ်တို့နှစ်နိုင်ငံကြား ထိရောက်သော ပူးပေါင်းဆောင်ရွက်မှု၏ စံနမူနာကောင်းတစ်ခုဖြစ်သည်ဟု ဆိုထားသည်။

ယခုသံချပ်ကာယာဉ်များကို မော်လ်ဒိုဗာ ငြိမ်းချမ်းရေးထိန်းသိမ်းမှုတပ်ရင်းက အသုံးပြုလျက်ရှိသည့် မော်ဒယ်ဟောင်း သံချပ်ကာ လူသယ်ယာဉ်များနေရာတွင် အစားထိုးရန်စီစဉ်ထားသည်။ ကျန် Piranha-3H သံချပ်ကာလူသယ်ယာဉ် ၁၆ စီးကို ယခုနှစ်အတွင်း မော်လ်ဒိုဗာလက်နက်ကိုင်များထံ လွှဲပြောင်းပေးမည်ဖြစ်သည်။

ဆွစ်ဇာလန် ကာကွယ်ရေးကုမ္ပဏီ Mowag က ထုတ်လုပ်ထားသည့် Piranha-3H APC သည် ယခင်မော်ဒယ်များထက် ပိုမိုမြင့်မားသောကာကွယ်မှုအဆင့်ရှိ Composite Armor Suite ပေါင်းစပ်သံချပ်ကာသုံး ဘီးတပ်ယာဉ်အမျိုးအစားဖြစ်သည်။ ၎င်းသည် အမျိုးမျိုးသောစစ်ဘက်ဆိုင်ရာမစ်ရှင်များကိုလုပ်ဆောင်ရန် ရွေ့လျားစစ်ကစားနိုင်မှုနှင့်ဝန်တင်ဆောင်နိုင်စွမ်းကို တိုးမြှင့်ပေးထားသည်။

ယာဉ်တွင် အော်ပရေတာနှစ်ဦး သို့မဟုတ် သုံးဦးအပါအဝင် အင်အားပြည့်တိုက်ပွဲဝင်တာဝန်ထမ်းဆောင်စေမည့်ဆိုပါက စစ်သည် ၁၁ ဦးထိ လိုက်ပါတာဝန်ထမ်းဆောင်နိုင်သည်။

ဝယ်ယူသည့်နိုင်ငံ၏ လိုအပ်ချက်ပေါ်မူတည်၍ Piranha-3H ကို အဝေးထိန်းစနစ်ဖြင့်ထိန်းချုပ်ပစ်ခတ်နိုင်သော 12.7 မီလီမီတာစက်သေနတ် သို့မဟုတ် 7.62 မီလီမီတာတွဲဆက်စက်သေနတ်ကဲ့သို့သော လက်နက်များ တပ်ဆင်ပေးနိုင်သည်။ ထို့ပြင် 40 မီလီမီတာ အလိုအလျောက်ဗုံးပစ်လောင်ချာလည်း တပ်ဆင်အသုံးပြုနိုင်သည်။

"Piranha-3H ဝယ်ယူအားဖြည့်နိုင်တဲ့အတွက်ကြောင့် မော်လ်ဒိုဗာဟာ အထူးသဖြင့် ကုလသမဂ္ဂငြိမ်းချမ်းရေးထိန်းသိမ်းမှုလုပ်ငန်းတွေမှာ အခြားနိုင်ငံတွေရဲ့လက်နက်ကိုင်တပ်ဖွဲ့တွေနဲ့ ပိုမိုနီးကပ်စွာပူးပေါင်းဆောင်ရွက်နိုင်မှာပါ။ မော်လ်ဒိုဗာနိုင်ငံရဲ့ စစ်ရေးစွမ်းအားအဆင့်မီခေတ်မီတိုးတက်စေဖို့ လုပ်ဆောင်ပေးခြင်းဖြင့် ရင်းနှီးချစ်ကြည်ပြီး ယုံကြည်စိတ်ချရတဲ့ မဟာမိတ်နိုင်ငံအဖြစ် ဂျာမနီနိုင်ငံက ဆက်လက်ရပ်တည်ပေးနေပါတယ်"ဟု Lambrecht က ပြောကြားသည်။

**Moldova Receives First Piranha-3H Armored Vehicles From Germany** ကို ဘာသာပြန်ဆိုထားပါသည်။

## ရုရှားက ယူကရိန်းစစ်ဌာနချုပ်နှင့် ထိန်းချုပ်နေရာများအပြင် စွမ်းအင်ဆိုင်ရာအဆောက်အအုံများကို ဒုံးကျည်များဖြင့်တိုက်ခိုက်ခဲ့



ရုရှားနိုင်ငံသည် ယူကရိန်းစစ်ဌာနချုပ်နှင့်ထိန်းချုပ်ရေးနေရာများအပြင် ဆက်စပ်စွမ်းအင်ဆိုင်ရာ အဆောက်အအုံများကို ပစ်မှတ်ထား၍ ဒုံးကျည်များဖြင့် တိုက်ခိုက်ခဲ့ကြောင်း ရုရှားနိုင်ငံကာကွယ်ရေးဝန်ကြီးဌာန(MOD) က ဇန်နဝါရီ ၁၅ ရက်တွင် ပြောကြားခဲ့သည်။

ဇန်နဝါရီ ၁၄ ရက်က ယူကရိန်းအပေါ် နောက်ဆုံးဒုံးကျည်များဖြင့် ပစ်လွှတ်တိုက်ခိုက်မှုသည် သတ်မှတ်ထားသော ပစ်မှတ်အားလုံးကို ထိမှန်ဖျက်ဆီးနိုင်ခဲ့ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။ အစောပိုင်းတွင် ယူကရိန်းနိုင်ငံတာဝန်ရှိသူများက နိုင်ငံ၏ မဟာဓာတ်အားလိုင်းသည် ဒေသအများအပြားတွင် ပျက်စီးသွားခဲ့ကြောင်း သိရသည်။

"ဇန်နဝါရီ ၁၄ ရက်မှာ ယူကရိန်းစစ်ဘက်ရဲ့ ကွပ်ကဲမှုနဲ့ ထိန်းချုပ်မှုစနစ်နဲ့ဆက်စပ်နေတဲ့ စွမ်းအင်ဆိုင်ရာအဆောက်အအုံတွေကို ဒုံးကျည်နဲ့တိုက်ခိုက်ခဲ့ပါတယ်။ သတ်မှတ်ထားတဲ့ ပစ်မှတ်တွေအားလုံးတိုက်ခိုက်ဖျက်ဆီးနိုင်ခဲ့ပါတယ်။ ရည်မှန်းချက်တွေပြည့်မြောက်ခဲ့ပါတယ်"ဟု ရုရှားနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနက ဇန်နဝါရီ ၁၅ ရက်တွင် ပြောကြားခဲ့သည်။

ရုရှားဒုံးကျည်များသည် နိုင်ငံတစ်ဝန်းရှိ စွမ်းအင်အခြေခံအဆောက်အအုံနေရာအများအပြားသို့တိုက်ခိုက်ခဲ့ကြောင်း ယူကရိန်းစွမ်းအင်ဝန်ကြီး German Galushchenko က ဇန်နဝါရီ ၁၄ ရက်တွင် ပြောကြားခဲ့ပြီး အလားတူ ယူကရိန်းအာဏာရှိများနှင့် မီဒီယာများကလည်း တိုက်ခိုက်ခံရမှု အများအပြားကို အစီရင်ခံရေးသားဖော်ပြခဲ့ကြသည်။ ယူကရိန်း၏ အကြီးဆုံးပုဂ္ဂလိကစွမ်းအင်အော်ပရေတာ DTEK က ၎င်း၏အပူစွမ်းအင်သုံးဓာတ်အားပေးစက်ရုံနှစ်ရုံ တိုက်ခိုက်ခံရကြောင်း ပြောကြားခဲ့သည်။ အွန်လိုင်းတွင်ပျံ့နှံ့နေသည့် ဗီဒီယိုဖိုင်တွင်၎င်း၏ ပင်မစက်ယန္တရားခန်းမပျက်စီးသွားကာ အနည်းဆုံးအဆောက်အအုံများထဲမှ တစ်ခုသည် ပြင်းထန်စွာပျက်စီးခဲ့ကြောင်းထောက်ပြပြောဆိုခဲ့သည်။

ယူကရိန်းနိုင်ငံ အရှေ့တောင်ပိုင်း Dnepr မြို့တွင် တိုက်ခိုက်မှုများအတွင်း လူနေအိမ်အဆောက်အအုံတစ်ခု ပြင်းထန်စွာပျက်စီးသွားခဲ့ကြောင်း လူမှုမီဒီယာတွင်လွှင့်တင်ထားသည့် ဗီဒီယိုများအရ သိရသည်။ အရပ်သား ၂၅ ဦးသေဆုံးပြီး ၇၃ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ယူကရိန်းသမ္မတဇီလန်စကီးက ပြောကြားခဲ့သည်။ ယူကရိန်းနိုင်ငံတာဝန်ရှိသူများက ရုရှားနိုင်ငံအပေါ် အပြစ်ပုံချခဲ့ကြသော်လည်း ဖြစ်ပျက်ခဲ့သည်များနှင့်ပတ်သက်၍ ကွဲပြားသောသတင်းအချက်အလက်များလည်းရှိနေသေးသည်။

ရုရှားမြေပေါ်တွင် ယူကရိန်းတို့၏ အဖျက်အမှောင့်လုပ်ငန်းများ ပြုလုပ်လာခဲ့မှုအပေါ် ကိုးကားပြီး ၎င်း၏ အခြေခံအဆောက်အအုံများကို ၂၀၂၂ ခုနှစ် အောက်တိုဘာလ အစောပိုင်းမှစတင်၍ တိုက်ခိုက်မှုများအရှိန်မြှင့်ခဲ့သည်။ ကရိုင်းမီးယားတံတားကို ဗုံးခွဲတိုက်ခိုက်ပြီးနောက် ယူကရိန်း စစ်ထောက်လှမ်းရေးဌာနနှင့် ၎င်း၏ အနောက်အုပ်စုမိတ်ဖက်များလက်ချက်ဟု ရုရှားနိုင်ငံက အပြစ်တင်ခဲ့သည်။ အဆိုပါတိုက်ခိုက်မှုကို ယူကရိန်းထိပ်တန်းအရာရှိများက ထောက်ခံခဲ့ကြပြီး နိုင်ငံ၏ စာပို့ဝန်ဆောင်မှုက ဗုံးပေါက်ကွဲမှုအပြီးနာရီပိုင်းကြာတွင် အထိမ်းအမှတ်တံဆိပ်ခေါင်းကိုပင် ထုတ်ဝေခဲ့သည်။ တံတား၏ လမ်းအပိုင်းတစ်ခု ပြင်းထန်စွာပျက်စီးခဲ့ပြီး အရပ်သားသုံးဦး သေဆုံးခဲ့သည်။ သို့သော်လည်း ယူကရိန်းက အဆိုပါအကြမ်းဖက်ဗုံးခွဲမှုတွင် ပါဝင်ပတ်သက်မှုမရှိကြောင်း ငြင်းဆိုခဲ့သည်။

ယူကရိန်းနိုင်ငံအတွင်းရှိ Donbass တိုက်ပွဲများရပ်တန့်ရန်နှင့် Donetsk နှင့် Lugansk တို့ကို အထူးအဆင့်သတ်မှတ်ပေးရန်ရည်ရွယ်ရေးဆွဲထားသည့် Minsk သဘောတူညီချက်များကိုအကောင်အထည်ဖော်ရန် ယူကရိန်းက ပျက်ကွက်မှုကိုအကြောင်းပြ၍ ရုရှားနိုင်ငံသည် ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၂၄ ရက်က ယူကရိန်းသို့ တပ်ဖွဲ့များစေလွှတ်ခဲ့သည်။

ဂျာမနီနှင့် ပြင်သစ်တို့က ကြားဝင်စေ့စပ်ပေးကာ ၂၀၁၄ ခုနှစ်တွင် Minsk သဘောတူညီချက်များကို ပထမဆုံးလက်မှတ်ရေးထိုးခဲ့သည်။ ယူကရိန်းသမ္မတဟောင်း Pyotr Poroshenko က ယူကရိန်း၏ အဓိကရည်မှန်းချက်မှာ အပစ်အခတ်ရပ်စဲရေးကိုအချိန်ယူရန်နှင့် အားကောင်းသောလက်နက်ကိုင်တပ်ဖွဲ့များ ဖွဲ့စည်းတည်ဆောက်ရန်ဖြစ်ကြောင်း ဝန်ခံခဲ့ပြီးဖြစ်သည်။

ယူကရိန်းအထူးစစ်ဆင်ရေးမစတင်မီပင် ကရင်မလင်နန်းတော်သည် Donbass ရီပါဘလစ်ကန်ကို လွတ်လပ်သော နိုင်ငံအဖြစ် အသိအမှတ်ပြုခဲ့ပြီး ယူကရိန်းသည် အနောက်နိုင်ငံများ၏ စစ်ဘက်ဆိုင်ရာအစုအဖွဲ့ကို မည်သည့်အခါမျှပါဝင်မည်မဟုတ်သည့် ကြားနေနိုင်ငံတစ်နိုင်ငံအဖြစ် တရားဝင်ကြေညာရန် တောင်းဆိုခဲ့သည်။ ၂၀၂၂ ခုနှစ် စက်တင်ဘာလတွင် Donetsk၊ Lugansk၊ Kherson၊ Zaporozhye ဒေသများကို လူထုဆန္ဒခံယူပွဲပြီးနောက် ရုရှားနိုင်ငံထဲသို့ ပေါင်းထည့်ခဲ့ကြောင်းသိရသည်။

**Moscow provides details on latest missile strikes against Ukraine** ကို ဘာသာပြန်ဆိုထားပါသည်။

**မင်းမျိုး**

# ယင်းမာပင်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံ ၁၃၈၇၇ ဧက စိုက်ပျိုးပြီးစီး



**ယင်းမာပင် ဇန်နဝါရီ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံ ၁၃၈၇၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

၂၀၂၂-၂၀၂၃ ခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ယင်းမာပင်ခရိုင်တွင် ဟင်းသီးဟင်းရွက်သီးနှံဧက ၁၉၄၄၀ စိုက်ပျိုးရန် လျာထားပြီး ၂၀၂၂ ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၃၈၇၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဟင်းသီးဟင်းရွက်သီးနှံ စိုက်ပျိုးတဲ့ တောင်သူတွေကို GAP စနစ်နဲ့စိုက်ပျိုးနိုင်အောင် နည်းပညာပေးလျက်ရှိပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်အားလုံးကို ဓာတုဓာတ်ကြွင်း အနည်းဆုံးဖြစ်အောင် ကျန်းမာရေးနဲ့ကိုက်ညီအောင် စိုက်ပျိုးဖို့တောင်သူတွေကို နည်းပညာတွေ ပေးနေပါတယ်။ ဒီနှစ် ဟင်းသီးဟင်းရွက်သီးနှံဧက ၁၉၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားတာပါ။ ဒီနေ့ထိ ဧက ၁၃၀၀၀ ကျော် စိုက်ပြီးပြီ။ ဆက်ပြီးတော့လဲ စိုက်ပျိုးနေကြတယ်"ဟု ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမြတ်မိုးဝင်းက ပြောပြသည်။

ယင်းမာပင်ခရိုင်တွင် ဆောင်းသီးနှံဟင်းသီးဟင်းရွက် စိုက်ပျိုးပြီးစီးမှုအနေဖြင့် ယင်းမာပင်မြို့နယ်တွင် ၂၃၉၁ ဧက၊ ကနီမြို့နယ်တွင် ၅၅၉၂ ဧက၊ ဆားလင်းကြီးမြို့နယ်တွင် ၃၄၀၄ ဧက၊ ပုလဲမြို့နယ်တွင် ဧက ၂၄၉၀ စုစုပေါင်း ၁၃၈၇၇ ဧကတို့ဖြစ်ကြောင်း သိရသည်။

ယင်းမာပင်ခရိုင်တွင် ဟင်းသီးဟင်းရွက်သီးနှံ ၁၃၈၇၇ ဧကတွင် ပန်းမုန်လာ၊ နံနံ၊ ဂေါ်ဖီထုပ်၊ ခရမ်းချဉ်သီး၊ မုန်ညင်းစိမ်း စသည့် အသီးအနှံ အမျိုးအစားများကို အများဆုံး စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

ယင်းမာပင်ခရိုင်တွင် ဟင်းသီးဟင်းရွက်စိုက်ပျိုးတောင်သူများကို သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် GAP နည်းစနစ်ဖြင့် စိုက်ပျိုးရန်အတွက် နည်းပညာသင်တန်းများပေးခြင်း၊ စိုက်ခင်းများမှထွက်ရှိလာသည့် ဟင်းသီးဟင်းရွက်များကို ကျန်းမာရေးနှင့် ညီညွတ်သည့် သီးနှံများဖြစ်စေရန် နည်းပညာများပေးခြင်း၊ တောင်သူများ ဟင်းသီးဟင်းရွက်သီးနှံများ တိုးချဲ့ စိုက်ပျိုးလာစေရန်အတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

(၂၀၆)

# ငဖဲမြို့နယ် ရှောက်ဝကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ငဖဲ ဇန်နဝါရီ ၁၇**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငဖဲမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းစတင်အကောင်အထည်ဖော်ဆောင်ရွက်သည့် ရှောက်ဝကျေးရွာကိုစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ပဥ္စမအကြိမ် ထုတ်ချေးခြင်းကိုယနေ့ နံနက် ၉ နာရီက အဆိုပါကျေးရွာ ဓမ္မာရုံ၌ပြုလုပ်ခဲ့ကြောင်းသိရသည်။

ရှေးဦးစွာ ငဖဲမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဝိုင်းယုမော်က ကျေးလက်နေပြည်သူများ၏ ဝင်ငွေလျော့နည်းလာမှုနှင့် စားဝတ်နေရေးအခက်အခဲများကို ကုစားပေးနိုင်ရန်နှင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးလာစေရန်ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေများ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။



ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းမျဉ်း၊ စည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ရှောက်ဝကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ကြီးကြပ်မှုကော်မတီဝင်များက မြစိမ်းရောင်ကျေးရွာစီမံကိန်း ပဥ္စမအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၄၃ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၇ဦးနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ငါးဦးနှင့် သက်မွေးတစ်ဦး စုစုပေါင်းအသင်းသား၊ အသင်းသူ ၇၆ ဦးကို အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၃၅၆ သိန်းထုတ်ချေးပေးခဲ့ကြောင်း ငဖဲမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ကိုလှိုင်**

# ကျောက်မဲခရိုင် နမ္မတူ-ဘော်တွင်း-မန်တုံလမ်းတွင် လမ်းချဲ့ခြင်းနှင့် ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**ကျောက်မဲ ဇန်နဝါရီ ၁၇**

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲခရိုင် လမ်းဦးစီးဌာနက နမ္မတူ-ဘော်တွင်း-မန်တုံလမ်းတွင် လမ်းချဲ့ခြင်းနှင့် ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းများကို ယနေ့တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျောက်မဲခရိုင် လမ်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဦးကျော်သူရနှင့် တာဝန်ရှိသူများက နမ္မတူ-ဘော်တွင်း-မန်တုံလမ်းတွင် လမ်းချဲ့ခြင်းလုပ်ငန်း၊ ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းနှင့် သာမန်ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို စစ်ဆေးပြီး လက်ထောက်ညွှန်ကြားရေးမှူးက လုပ်ငန်းများကို သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ရန် တာဝန်ရှိသူများကို မှာကြားခဲ့သည်။

ကျောက်မဲခရိုင်အတွင်းရှိ နမ္မတူ-ဘော်တွင်း-မန်တုံလမ်းတွင် မိုင်တိုင်အမှတ်(၂/၀)မှ (၃/၀) ထိ အရှည်တစ်မိုင်နှင့် မိုင်တိုင်အမှတ်(၄/၆) မှ (၄/၇ ဒသမ ၅)ထိ အရှည် ၁ ဒသမ ၅ ဖာလုံကိုလမ်းချဲ့ခြင်း၊ မိုင်တိုင်အမှတ်(၁၆/၃)မှ (၁၇/၇) ထိ အရှည် တစ်မိုင်လေးဖာလုံ၊ မိုင်တိုင်အမှတ်(၂၃/၁) မှ (၂၄/၄)ထိ တစ်မိုင်သုံးဖာလုံ၊ မိုင်တိုင်အမှတ်(၃၆/၃) မှ (၃၇/၀) ထိ ငါးဖာလုံ စုစုပေါင်း သုံးမိုင်လေးဖာလုံကို ကတ္တရာထပ်ပိုးလွှာခင်းခြင်း၊ မိုင်တိုင်အမှတ်(၄/၄) မှ (၄ / ၇) အတွင်း RC Box Culvert နှစ်စင်းတည်ဆောက်ခြင်းနှင့် သာမန်ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပြည်နယ်ခွင့်ပြုရန်ပုံငွေကျပ် ၈၂၅ ဒသမ ၆၂ သန်းဖြင့် နမ္မတူမြို့နယ်နှင့် မန်တုံမြို့နယ် လမ်းဦးစီးဌာနတို့က ၂၀၂၂ ခုနှစ် ဇွန်လတတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ လက်ရှိတွင်လုပ်ငန်းများ ၉၅ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**ကျော်ဇောဦး(မောရှမ်းမြေ)**


## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



**နိုင်ငံ့ခေတ်မီဖွံ့ဖြိုးရေးအတွက်**

**အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို**

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

**၁၇-၁-၂၀၂၃**

| | | |
|---|---|---|
| **ရွှေ** | | |
| ၁၆ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၆၂၀၀၀၀ |
| ၁၅ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၅၁၈၀၀၀ |
| **(ခွဲထက်ရွှေဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၈၂၀၀၀/၈၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၇၀၀၀၀/၇၃၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၅၃၀၀၀/၅၆၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၄၂၀၀၀/၄၅၀၀၀ |
| ဧည့်ဝီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၄၁၀၀၀/၄၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၃၅၀၀၀/၃၉၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၁၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၀၀၀၀/၁၁၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| စားအုန်းဆီ (တစ်ပိဿာ) | ကျပ် | ၅၆၀၀/၆၀၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၄၇၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၅၅၅ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၁၅၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၂၂၀ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၂၈၀ |
| **(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ** | | |
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၈၅)

# ပတ်ဝန်းကျင်စီမံခန့်ခွဲမှုနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာလုပ်ငန်းကော်မတီ ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကျင်းပ



**နေပြည်တော် ဇန်နဝါရီ ၁၇**

ပတ်ဝန်းကျင်စီမံခန့်ခွဲမှုနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ လုပ်ငန်းကော်မတီ ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့တွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ Hybrid ပုံစံဖြင့်ကျင်းပသည်။

ရှေးဦးစွာ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထွန်းအုံက လက်ရှိရင်ဆိုင်ကြုံတွေ့နေရသည့် ပတ်ဝန်းကျင်ဆိုင်ရာ စိန်ခေါ်မှုများကို ဖြေရှင်းဆောင်ရွက်နိုင်ရန်နှင့် အနာဂတ်မှာကြုံတွေ့လာနိုင်သည့် ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများကို ကြိုတင်ကာကွယ်နိုင်ရန်အတွက် ပတ်ဝန်းကျင်ဆိုင်ရာမူဝါဒများ ချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ပြင် ပတ်ဝန်းကျင်စာရင်းအင်း ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ မူဘောင်အရ ပတ်ဝန်းကျင်ဆိုင်ရာ စာရင်းအင်းညွှန်းကိန်း(၁၀၀)ဆိုင်ရာ အချက်အလက်များကို ဆက်စပ်ဌာနများက ပံ့ပိုးပေးနိုင်ရေး ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြရန် တိုက်တွန်းလိုပါကြောင်းနှင့်လုပ်ငန်းကော်မတီဝင်များအနေဖြင့် ထိရောက်အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်နိုင်ရန် ဝိုင်းဝန်းဆွေးနွေးအကြံပြုပေးကြရန် တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ လုပ်ငန်းကော်မတီအတွင်းရေးမှူး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ကျော်မိုးက လုပ်ငန်းကော်မတီဆောင်ရွက်ပြီးစီးမှုနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပြီး ရှေ့ဆက်ဆောင်ရွက်ရမည့်လုပ်ငန်းများကို တင်ပြသည်။

ထို့နောက် သက်ဆိုင်ရာဌာနအသီးသီးမှ လုပ်ငန်းကော်မတီအဖွဲ့ဝင်များက မိမိတို့ဌာနအလိုက် ပေါင်းစပ်ဆောင်ရွက်နေမှုကို ရှင်းလင်းဆွေးနွေးခဲ့ကြပြီး လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်က လိုအပ်သည်များကို ထပ်မံဖြည့်စွက်၍ ရှင်းလင်းပြောကြားခဲ့ပြီး လုပ်ငန်းကော်မတီဥက္ကဋ္ဌ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

---

☐ **နှင်းကျားသစ်တည်ရှိမှုမှ**

Conservation of Nature and Natural Resources–IUCN)က နှင်းကျားသစ်ကို မျိုးသုဉ်းရန်အန္တရာယ်ကျရောက်နိုင်သော မျိုးစိတ်အဖြစ်သတ်မှတ်ထားပြီး ကမ္ဘာလုံးဆိုင်ရာထိန်းသိမ်းမှုကိုဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံအနေဖြင့် မျိုးစိတ်ပျက်သုဉ်းလုဆဲ တောရိုင်းတိရစ္ဆာန်အပါအဝင် တောရိုင်းတိရစ္ဆာန်များ၊ ငှက်များ၊ သစ်ပင်ပန်းမန်များနှင့် ရေနေသတ္တဝါများကို နိုင်ငံတကာစံနှုန်းနှင့်အညီ ထိန်းသိမ်းစောင့်ရှောက်လျက်ရှိသည်။ ထိုသို့နိုင်ငံအတွင်းရှိ အမျိုးသားဥယျာဉ်များနှင့် ဘေးမဲ့တောတို့တွင် ရှင်သန်လျက်ရှိသည့် ဇီဝမျိုးစုံမျိုးကွဲများ၊ ရုက္ခနှင့်ဇီဝများကို ထိန်းသိမ်းစောင့်ရှောက်လျက်ရှိရာ မြန်မာနိုင်ငံမြောက်ဖျားရှိ ရေခဲဖုံးလွှမ်းနေသော ခါကာဘိုရာဇီ အမျိုးသားဥယျာဉ်ဧရိယာအတွင်း မျိုးသုဉ်းရန်အန္တရာယ်ရှိနေသည့် နှင်းကျားသစ် လှည့်လည်ကျက်စားနေထိုင်မှု ရှိ၊ မရှိကို ကင်မရာထောင်ချောက်မှတ်တမ်းများဖြင့် သုတေသနပြုဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"နှင်းကျားသစ်ကို အိန္ဒိယနိုင်ငံနဲ့ တရုတ်နိုင်ငံက ရေခဲတောင်တွေမှာကျက်စားနေတယ်ဆိုတာမှတ်တမ်းရှိထားတာကြောင့် မြန်မာနိုင်ငံရဲ့ ရေခဲတောင်တည်ရှိတဲ့ ဖုန်ကန်ရာဇီအမျိုးသားဥယျာဉ်မှာ နှင်းကျားသစ်ကျက်စားမှု ရှိ၊ မရှိကို အမေရိကန်နိုင်ငံမှာအခြေပြုတဲ့သုတေသနအဖွဲ့နဲ့ ၂၀၁၇ ခုနှစ် မေလကနေ ဇွန်လထိ ပူးပေါင်းဆောင်ရွက်နိုင်ခဲ့ပါတယ်။ ရေခဲတောင်ပေါ်မှာ ကင်မရာထောက်ချောက် မှတ်တမ်းတွေ တပ်ဆင်နိုင်ခဲ့ပြီး ၂၀၁၈ ခုနှစ်မှာ အဖြေတွေ့ရှိခဲ့တယ်။ နှင်းကျားသစ်မတွေ့ဘဲ အခြားအသားစားရေခဲတောင်တိရစ္ဆာန်တွေကိုပဲ တွေ့ရှိခဲ့တာကြောင့် မြန်မာနိုင်ငံမှာ နှင်းကျားသစ်ကိုတွေ့ရှိခဲ့မယ်ဆိုရင် နိုင်ငံတကာက စိတ်ဝင်စားတဲ့တောရိုင်းတိရစ္ဆာန်ဖြစ်တဲ့အတွက် မှတ်တမ်းဓာတ်ပုံပြသနိုင်ခဲ့ရင် အာဆီယံနဲ့ ကမ္ဘာမှာဂုဏ်ယူစရာဖြစ်စေမှာပါ။ ခါကာဘိုရာဇီအမျိုးသားဥယျာဉ်ကိုလည်း နိုင်ငံတကာအဖွဲ့အစည်းတွေလာရောက်မှတ်တမ်းပြုကြတဲ့အတွက် ဌာနရဲ့လုပ်ငန်းဖော်ဆောင်မှုကို ပိုပြီးအရှိန်မြှင့်တင်စေတဲ့အပြင် နိုင်ငံတော်အတွက်လည်း အကျိုးရှိစေပါတယ်။ နိုင်ငံတကာနဲ့ပူးပေါင်းဆောင်ရွက်မှုကနေနည်းပညာရရှိတဲ့အတွက် ထိန်းသိမ်းရေးလုပ်ငန်းကိုလည်း အထောက်အကူဖြစ်စေမှာပါ။ ပြီးတော့သဘာဝကို ချစ်မြတ်နိုးတဲ့စိတ် လူတိုင်းမှာထားရှိဖို့လိုပါတယ်။ သဘာဝကြီးပျက်စီးသွားရင် ကမ္ဘာကြီးလည်း ပျက်စီးနိုင်ပြီး သဘာဝကိုအမှီပြုနေထိုင်တဲ့ တိရစ္ဆာန်နဲ့ အပင်ကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်တာဟာ နိုင်ငံတော်ရဲ့ အမွေအနှစ်တွေကိုထိန်းသိမ်းကာကွယ်ခြင်းပါပဲ"ဟု ပူတာအိုမြို့ ခါကာဘိုရာဇီအမျိုးသားဥယျာဉ်မှ တောအုပ်ကြီး ဒေါ်အယ်လ်ကေစီယွန်းက ပြောပြသည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာန၏ ခါကာဘိုရာဇီအမျိုးသားဥယျာဉ်မှ ဝန်ထမ်းများနှင့် အမေရိကန်ပြည်ထောင်စု အခြေစိုက် Panthera Corporationမှ ပညာရှင်သုံးဦးတို့ပူးပေါင်း၍ ၂၀၁၇ ခုနှစ်မှ ၂၀၁၈ ခုနှစ်ထိ သဘာဝသိပ္ပံဆိုင်ရာ သုတေသနပြု လေ့လာမှတ်တမ်းတင်နိုင်ခြင်းမရှိသေးသော အိန္ဒိယ၊ တရုတ်နှင့် မြန်မာ သုံးနိုင်ငံထိစပ်နေသည့် မြန်မာနိုင်ငံအတွင်းရှိ နယ်ခြားကျောက်တိုင် အမှတ် ၄၆ အနီး အမြင့်ပေ ၁၄၈၈၀ ရေခဲတောင်တည်ရှိရာ ဧရိယာ၌ ကင်မရာကိုးလုံးကို တပ်ဆင်ခဲ့ပြီး အမြင့်ပေ ၁၇၀၀၀ မြင့်သော ဂန်လန်ရာဇီရေခဲတောင်ဧရိယာတွင် အမြင့်ပေ ၁၁၆၄၈ နှင့် အမြင့်ပေ ၁၁၇၀၅ တို့တွင် ကင်မရာထောင်ချောက် ၇၁ လုံးတို့ကို တပ်ဆင်ခဲ့သည်။

ရေခဲတောင်များ၌သာ နေထိုင်ကျက်စားလေ့ရှိသော နှင်းကျားသစ် (Snow Leopard)များကို အမဲလိုက်ခြင်း၊ အသားစားသတ္တဝါ(Prey Specise)များကို အလွန်အကျွံဖမ်းဆီးခြင်း၊ ကျက်စားရာနယ်မြေများ ကျဉ်းမြောင်းလာခြင်း၊ လူနှင့်တောရိုင်းတိရစ္ဆာန်ပဋိပက္ခဖြစ်ခြင်းတို့ကြောင့် သတ်ဖြတ်ခံရခြင်း၊ အမဲလိုက်ခံရခြင်းနှင့် ရာသီဥတုပြောင်းလဲလာခြင်းတို့ကြောင့် ကမ္ဘာပေါ်တွင် နှင်းကျားသစ်ကောင်ရေကျဆင်းလာလျက်ရှိပြီး မြန်မာနိုင်ငံ၏အိမ်နီးချင်းနိုင်ငံများဖြစ်သော တရုတ်၊ အိန္ဒိယ၊ နီပေါ၊ ပါကစ္စတန်၊ ဘူတန်၊ မွန်ဂိုလီးယား၊ အာဖဂန်နစ္စတန်၊ ကာဂျစ်စတန်၊ ရုရှား၊ တာဂျစ်ကစ္စတန်နှင့် ဥဇဘက်ကစ္စတန်နိုင်ငံတို့တွင် မျိုးသုဉ်းရန်အန္တရာယ်ကျရောက်နိုင်သောမျိုးစိတ်အဖြစ် သတ်မှတ်ထားသည့် နှင်းကျားသစ်များကျက်စားလျက်ရှိကြောင်း သိရသည်။

**သတင်း–ညီမိုးသူ**
**ဓာတ်ပုံ–Snow Leopard Gp**

---

# တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးနှင့် ဆေးထိုးအပ်များ ဆက်လက်ပို့ဆောင်

**နေပြည်တော် ဇန်နဝါရီ ၁၇**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် အဓိကကျသည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးခြင်း လုပ်ငန်းများကို တပ်မတော်သားဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များပူးပေါင်း၍ နိုင်ငံတစ်ဝန်းတွင် အင်တိုက်အားတိုက်ဆောင်ရွက်ပေးလျက်ရှိရာ ၎င်းလုပ်ငန်းများတွင်အထောက်အကူဖြစ်စေရန်အတွက် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများကို သတ်မှတ်အအေးလမ်းကြောင်း စံချိန်စံညွှန်းများအတိုင်း တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးသို့ တပ်မတော်လေယာဉ်များ၊ ရဟတ်ယာဉ်များ၊ Cold Chain Delivery Logistics မော်တော်ယာဉ်ကြီးများဖြင့် ပို့ဆောင်ဖြန့်ဖြူးပေးလျက်ရှိသည်။



**မြစ်ကြီးနားမြို့သို့ရောက်ရှိလာသည့် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးနှင့် ဆေးထိုးအပ်များကို တာဝန်ရှိသူများက လက်ခံရယူစဉ်။**

ထိုသို့ ပို့ဆောင်ဖြန့်ဖြူးပေးလျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဗဟိုကာကွယ်ဆေးသိုလှောင်အခန်းတွင် ထားရှိသည့် ဆေးတစ်လုံးလျှင် လူငါးဦးထိုးနှံနိုင်သော Sinopharm နှင့် Myancopharm ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှင့် ဆေးထိုးအပ်များကို ကချင်ပြည်နယ် မြစ်ကြီးနားမြို့သို့ Sinopharm ဆေး ၆၄၄၁ လုံး၊ Myancopharm ဆေး ၆၁၉၀ လုံးနှင့် ဆေးထိုးအပ် ၆၃၁၅၅ ချောင်း၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့သို့ Sinopharm ဆေး ၁၄၀၉ လုံး၊ Myancopharm ဆေး ၅၉၆ လုံးနှင့် ဆေးထိုးအပ် ၁၃၀၂၅ ချောင်းတို့ကို ယနေ့တွင် တပ်မတော်လေယာဉ်များဖြင့် ပို့ဆောင်ပေးကြသည်။

အဆိုပါ ကာကွယ်ဆေးများနှင့် ဆေးထိုးအပ်များကိုတာဝန်ရှိသူများက အသီးသီးလက်ခံခဲ့ကြပြီး သက်ဆိုင်ရာနေရာများသို့ ဆက်လက်ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

---

⑵ ရှေ့ဖုံးမှအဆက်

**မန်စီ–မန္တလေးခရီးစဉ်ကို အပတ်စဉ် အင်္ဂါ၊ကြာသပတေးနှင့် စနေနေ့တို့တွင် ပျံသန်းပြေးဆွဲပေးသွားမည်**

အဆိုပါ မန်စီ-မန္တလေးခရီးစဉ်ကို အပတ်စဉ် အင်္ဂါ၊ ကြာသပတေးနှင့်စနေနေ့တို့တွင် ပျံသန်းပြေးဆွဲပေးသွားမည်ဖြစ်ပြီး လေယာဉ်အမှတ် DR5037 ဖြင့် မန်စီမြို့မှ ဒေသစံတော်ချိန် ညနေ ၅ နာရီတွင် ထွက်ခွာမည်ဖြစ်ပြီး မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ညနေ ၆ နာရီ ၁၀ မိနစ်တွင် ဆိုက်ရောက်မည်ဖြစ်ကာ မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်မှ ည ၇ နာရီ ၁၀ မိနစ်တွင် ထွက်ခွာမည်ဖြစ်ပြီး မန်စီမြို့သို့ ဒေသစံတော်ချိန် ည ၈ နာရီ ၁၀ မိနစ်တွင် ဆိုက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

**ရွှေမန်း**

---

# ဇန်နဝါရီ ၁၇ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၀ ဦး တွေ့ရှိ

**ကိုဗစ်–၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေ**

| | |
|---|---|
| ရောဂါပိုးတွေ့ရှိသူ စုစုပေါင်း | ၆၃၃၇၆၃ ဦး |
| သေဆုံးသူ | ၁၉၄၉၀ ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | ၆၁၄၂၂၂ ဦး |

**နေပြည်တော် ဇန်နဝါရီ ၁၇**

ဇန်နဝါရီ ၁၆ ရက် ည ၈ နာရီမှ ယနေ့ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း ၅၆၅၆ ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါဓာတ်ခွဲအတည်ပြုလူနာသစ် ၁၀ ဦး တွေ့ရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

# ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ (ပဟိုကြီးကြပ်မှုကော်မတီ)၏ တတိယအကြိမ် ညှိနှိုင်းအစည်းအဝေး ကျင်းပ



**နေပြည်တော် ဇန်နဝါရီ ၁၇**

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကြီးကြပ်မှုကော်မတီ၏ တတိယ အကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ကျင်းပသည်။

အစည်းအဝေးသို့ ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ ဒုတိယဝန်ကြီး ဦးမြင့်စိုး၊ ဝန်ကြီးဌာန ၁၂ ခုမှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့်ဘာသာရပ်ဆိုင်ရာကျွမ်းကျင်ပညာရှင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက မိမိတို့ကော်မတီအနေဖြင့် ရေရှည်တည်တံ့ခိုင်မြဲပြီးဟန်ချက်ညီသောဖွံ့ဖြိုးတိုးတက်မှုစီမံချက်(MSDP)နှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးမဟာဗျူဟာမူဘောင်(RDSF)ပါ လုပ်ငန်းစဉ်များနှင့်အညီ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ပြောကြားပြီး ကော်မတီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ကော်မတီဝင်သက်ဆိုင်ရာ ဝန်ကြီးဌာနအသီးသီးက လုပ်ငန်းကဏ္ဍများအလိုက် တင်ပြဆွေးနွေးကြရာ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများအတွက် ဘတ်ဂျက်လျာထားခြင်း ကိစ္စရပ်များကို ပြည့်စုံစွာဆွေးနွေးခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားသည်။

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများနှင့်စပ်လျဉ်း၍ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုအနေဖြင့် ကျေးလက်မီးလင်းရေးလုပ်ငန်း ၁၄ ခု၊ ကျေးလက်ရေရရှိရေးလုပ်ငန်း ၂၀၄၃ ခု၊ ကျေးလက်ကုန်ထုတ်လမ်းနှင့်တံတား(၈၁၇/၁)မိုင်နှင့် ၁၁၉၄ စင်း၊ ကျေးလက်အိမ်ရာ ၇၇ လုံး၊ ခေတ်မီစံပြကျေးရွာထူထောင်ခြင်းလုပ်ငန်း ၇၈၇ ခု၊ ကျေးလက်စီးပွားထူထောင်ခြင်းစီမံကိန်းနှင့်မြစိမ်းရောင်စီမံကိန်း ၁၇၄ ယူနစ်၊ လူထုဗဟိုပြုစီမံကိန်း ခြောက်မြို့နယ် ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းနှင့် Cash for Work စီမံကိန်း ၃၁၄၃ ရွာ၊ သင်တန်းစုစုပေါင်း ၈၂၈ ကြိမ်နှင့် ဆီထွက်သီးနှံတိုးချဲ့စိုက်ပျိုးရေးလုပ်ငန်းကို ကျေးရွာ ၄၉၀ တွင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ကြောင်း။

ကော်မတီဝင် ဝန်ကြီးဌာန၊ ဦးစီးဌာနများက အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုအနေဖြင့် အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ကျေးလက်လမ်း (၃၁၉၂/၀. ၆၉) မိုင်၊ ကျေးလက်တံတား ၃၁၇၀ စင်း၊ ၇၉၀၆၄ ပေ၊ ရေရရှိရေးလုပ်ငန်းပေါင်း ၇၉၈ ခု၊ ကျေးလက်မီးလင်းရေးလုပ်ငန်းအနေဖြင့် မဟာဓာတ်အားလိုင်းစနစ်ဖြင့် ၈၆၃ ရွာ၊ မဟာဓာတ်အားလိုင်းပြင်ပအနေဖြင့် ဆိုလာ ၁၀၂၇ စုံ၊ အသက်မွေးဝမ်းကျောင်းသင်တန်း ၄၄၉ ကြိမ်ကို သင်တန်းသား ၈၄၃၈ ဦးဖြင့် ဖွင့်လှစ်နိုင်ခဲ့ပြီး သင်တန်းသား ၉၇၁ ဦးကို အလုပ်အကိုင်ရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# ဘားအံမြို့တွင် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ မြန်မာနိုင်ငံဆိုင်ရာ ဆုံးဖြတ်ချက်အဆိုအပေါ် ကန့်ကွက်ရှုတ်ချကြောင်း ဆန္ဒထုတ်ဖော်

**နေပြည်တော် ဇန်နဝါရီ ၁၇**

အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့၌ ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၂၁ ရက်တွင် ကျင်းပခဲ့သည့် ကုလသမဂ္ဂလုံခြုံရေးကောင်စီအစည်းအဝေး၌ မြန်မာနိုင်ငံဆိုင်ရာဆုံးဖြတ်ချက် အဆိုတစ်ရပ်ကို မဲခွဲချမှတ်ခဲ့သည်။

အဆိုပါ ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ မြန်မာနိုင်ငံဆိုင်ရာဆုံးဖြတ်ချက် အဆိုနှင့်ပတ်သက်၍ ကန့်ကွက်ရှုတ်ချဆန္ဒထုတ်ဖော်ပွဲကို ယနေ့နံနက်ပိုင်းတွင် ကရင်ပြည်နယ် ဘားအံမြို့ ဇွဲကပင်အားကစားကွင်း၌ ဒေသခံပြည်သူများစုပေါင်း၍ ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ မြန်မာနိုင်ငံအပေါ် တစ်ဖက်သတ်ဆုံးဖြတ်ချက်များကို ဆန့်ကျင်ရှုတ်ချပါသည်၊ အမေရိကန်ကမ္ဘာ့ချီးထုပ် ဝင်မရှုပ်နဲ့၊ ပြည်တွင်းရေးရာ ဝင်ရောက်စွက်ဖက်နှောင့်ယှက်နေသော ပြည်ပနိုင်ငံများအား အလိုမရှိ၊ အကြမ်းဖက်အားပေးပြည်ပနိုင်ငံများအား အလိုမရှိ၊ အကြမ်းဖက် NUG PDF အလိုမရှိ၊ ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ တစ်ဖက်သတ်ဆုံးဖြတ်ချက်များအား ဆန့်ကျင်ကြ၊ မြန်မာ့အရေးကို မြန်မာနိုင်ငံကသာ ဖြေရှင်းရေး ဒို့အရေး၊ အပြစ်မဲ့ပြည်သူများအား အကြမ်းဖက်သတ်ဖြတ်နေသည်များအား ချက်ချင်းရပ်၊ ကုလသမဂ္ဂသည် နိုင်ငံတကာအစိုးရမဟုတ်ပါ၊ မြန်မာ့အရေးသည် နိုင်ငံတကာလုံခြုံရေးကို ခြိမ်းခြောက်မှုမဟုတ်ပါ၊ UNSC၏ မြန်မာနိုင်ငံဆုံးဖြတ်ချက်အပေါ် ကန့်ကွက်ပါသည်၊ မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာကိုထိပါးသည့် အကြံ ဒို့လက်မခံ စသည့်ကြွေးကြော်သံများ ကြွေးကြော်၍ ပိုစတာများ၊ ဆိုင်းဘုတ်များ ကိုင်ဆောင်ကာ ဇွဲကပင်အားကစားကွင်းမှ မဲဘောင်မီးပွိုင့်လမ်းဆုံ၊ နာရီစင်၊ BOC ကွေ့၊ ကမ်းနားလမ်း၊ ကူးဆိပ်လမ်း၊ မဲဘောင်ဘုန်းကြီးကျောင်းလမ်းမှ နာရီစင်ထိ စုစုပေါင်းလူဦးရေ ၁၈၀၀ ဖြင့် ငြိမ်းချမ်းစွာ ဆန္ဒထုတ်ဖော်ခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ၂၀၂၂-၂၀၂၃ ပညာသင်နှစ် အခြေခံပညာကျောင်းသားအားကစားပွဲတော် ဖွင့်ပွဲကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁၇**

၂၀၂၂-၂၀၂၃ ပညာသင်နှစ် အခြေခံပညာကျောင်းသားအားကစားပွဲတော်ဖွင့်ပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း B ရုံတွင် ကျင်းပသည်။



အခမ်းအနားသို့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်ပညာရေးညွှန်ကြားရေးမှူးများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ အားကစားအဖွဲ့ခေါင်းဆောင်၊ အားကစားနည်းအလိုက် အုပ်ချုပ်သူနည်းပြများနှင့်အားကစားမောင်မယ် ကျောင်းသား၊ ကျောင်းသူများနှင့်သက်ဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေက အခြေခံပညာ ကျောင်းသားအားကစားပွဲတော်တွင် ဘောလုံး(အမျိုးသား၊အမျိုးသမီး)၊ ဘော်လီဘော(အမျိုးသား၊အမျိုးသမီး)၊ ပြေးခုန်ပစ် (အမျိုးသား၊အမျိုးသမီး)နှင့် ပိုက်ကျော်ခြင်း(အမျိုးသား) အားကစားနည်းများကို ကျင်းပပေးသွားမည်ဖြစ်ပါကြောင်း၊ အားကစားဆိုသည်မှာ “အနိုင်အရှုံးတစ်ခုတည်းကို ယှဉ်ပြိုင်ခြင်းမျိုးမဟုတ်ဘဲ ဇွဲရှိမှု၊ သည်းခံမှု၊ ကျွမ်းကျင်မှု၊ စိတ်ဓာတ်ကြံ့ခိုင်မှု၊ စည်းလုံးညီညွတ်မှု၊ စည်းကမ်းဥပဒေကို ရိုသေလေးစားလိုက်နာမှု၊ ယှဉ်ကျေးမှု” စသည်တို့ကိုပါ ယှဉ်ပြိုင်ခြင်းဖြစ်ပါကြောင်း။

ယခုကျင်းပသည့် အခြေခံပညာကျောင်းသားအားကစားပွဲတော်မှ အရည်အချင်းရှိသည့်အားကစားသမားများကိုနိုင်ငံ့ကိုယ်စားပြုအဖြစ် အာဆီယံကျောင်းသားအားကစားပွဲတွင် ယှဉ်ပြိုင်ရန်ရွေးချယ်မည်ဖြစ်ကြောင်းကိုလည်း ပြောကြားလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စွာသွင်က အခြေခံပညာ ကျောင်းသားအားကစားပွဲတော်နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ပွဲတော်ကို ဖွင့်လှစ်ပေးသည်။

ယင်းနောက် ကျောင်းသားအားကစားပွဲတော်အထိမ်းအမှတ်အလံကို အားကစားမောင်မယ်များက စုပေါင်းသယ်ယူ၍ လွှင့်တင်ကြသည်။

ထို့နောက် ကျောင်းသားအားကစားအဖွဲ့များက အားကစားသစ္စာအဓိဋ္ဌာန်ကို ရွတ်ဆိုကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများနှင့်အဖွဲ့သည် တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ အခြေခံပညာကျောင်းသားအားကစားအဖွဲ့များကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။

ဆက်လက်၍ ကျောင်းသား၊ကျောင်းသူများက စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေးအစီအစဉ် အတွဲ(၃/၄)နှင့် Physical Fitness Dance အစီအစဉ်များကို သရုပ်ပြတင်ဆက်ကြသည်။

၂၀၂၂-၂၀၂၃ ပညာသင်နှစ် အခြေခံပညာကျောင်းသား အားကစားပွဲတော်ကို ဇန်နဝါရီ ၁၈ ရက်မှ ဇန်နဝါရီ ၂၇ ရက်ထိ နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်း၊ အားကစားရုံများတွင် ကျင်းပသွားမည်ဖြစ်ပြီး တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ အဖွဲ့ခေါင်းဆောင်၊ အတွင်းရေးမှူးများ၊ အုပ်ချုပ်သူ၊ နည်းပြများ၊ အားကစားသမားများ စုစုပေါင်း ဦးရေ ၁၆၈၀ ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**





# မန္တလေးအထွေထွေရောဂါကုဆေးရုံကြီးတွင် တာဝန်ထမ်းဆောင်နေသော ကျန်းမာရေးဝန်ထမ်းများကို အလှူငွေပေးအပ်ခြင်းနှင့် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် တက်ရောက်

**မန္တလေး ဇန်နဝါရီ ၁၇**

မန္တလေးအထွေထွေရောဂါကုဆေးရုံကြီးတွင် ပြည်သူ့ကျန်းမာရေးအတွက်တာဝန်ထမ်းဆောင်နေသော ကျန်းမာရေးဝန်ထမ်းများအတွက် အားဖြည့်အစားအစာများ ကျွေးမွေးနိုင်ရေး အလှူငွေပေးအပ်ခြင်းနှင့် ဂုဏ်ပြုညစာခံပွဲအခမ်းအနားကို အဆိုပါဆေးရုံကြီးရှိ မန်းတောင်ရိပ်ကိုးထပ်ဆောင် အစည်းအဝေးခန်းမတွင် ယနေ့နံနက်ပိုင်းက ကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမောင်ကို၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝင်းနိုင်၊ ဆေးရုံအုပ်ကြီး ဒေါက်တာသက်အောင်၊ သမားတော်များ၊ အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က ပြည်သူ့ဆေးရုံများကို အားကိုးအားထားပြုရသော ပြည်သူလူထုအတွက် ရုပ်ပိုင်းဆိုင်ရာစိတ်ပိုင်းဆိုင်ရာနှင့် လိုအပ်သော လူမှုရေးဆိုင်ရာများကို ဆောင်ရွက်ပေးရာတွင် ပြည်သူလူထုကို စိတ်ချမ်းမြေ့စေရေး အလေးထားကာ လူသားချင်းကိုယ်ချင်းစာနာစိတ်အပြည့်ဖြင့် ကျင့်ဝတ်စည်းကမ်းများနှင့်အညီ ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ အားလုံးဝိုင်းဝန်းပူးပေါင်းကာ သစ္စာရှိရှိ၊ တာဝန်ကျေကျေ၊ ဟန်ချက်ညီညီလုပ်ကိုင်ဆောင်ရွက်ခြင်းဖြင့် အခက်အခဲများကို ရင်ဆိုင်ကျော်လွှားနိုင်မည်ဖြစ်ကြောင်းပြောကြားပြီး မိသားစုအလှူအဖြစ် ဆေးရုံကြီးတွင် ပြည်သူ့ကျန်းမာရေးအတွက် တာဝန်ထမ်းဆောင်နေသော ကျန်းမာရေးဝန်ထမ်းများအတွက် အလှူငွေကျပ် သိန်း ၅၀ လှူဒါန်းရာဆေးရုံအုပ်ကြီးမှ ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ဆေးရုံကြီးတွင် ပြည်သူ့ကျန်းမာရေးအတွက် တာဝန်ထမ်းဆောင်နေသော ကျန်းမာရေးဝန်ထမ်းဦးရေ ၄၅၀ အတွက် အာဟာရပြည့်ဝစွာ နေ့လယ်စာဘူးများကို ပေးအပ်လှူဒါန်းကာ ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးပြီးနောက် ဆေးရုံအုပ်ကြီး၊ သမားတော်ကြီးများ၊အထူးကုများ၊ဆရာဝန်များ၊သူနာပြုများ၊ကျန်းမာရေးဝန်ထမ်းများနှင့်နေ့လယ်စာအတူတကွ သုံးဆောင်ခဲ့ကြကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

# ချင်းပြည်နယ် ပလက်ဝမြို့နယ်နှင့် ဆမီးမြို့နယ်တို့မှ နေရပ်ပြန်ကြမည့် ယာယီနေရပ်စွန့်ခွာသူ အိမ်ထောင်စုဝင်များသို့ ထောက်ပံ့ငွေများ ထောက်ပံ့ပေးအပ်ခြင်းနှင့် ကူညီရွှေ့ပြောင်းပေးခြင်းများ ဆောင်ရွက်



ချင်းပြည်နယ် ပလက်ဝမြို့နယ်နှင့် ဆမီးမြို့နယ်တို့မှ နေရပ်ပြန်ကြမည့် ယာယီနေရပ်စွန့်ခွာသူ အိမ်ထောင်စုဝင်များကို တာဝန်ရှိသူတစ်ဦးက ထောက်ပံ့ငွေများပေးအပ်စဉ်။

**နေပြည်တော် ဇန်နဝါရီ ၁၇**

ချင်းပြည်နယ် ပလက်ဝမြို့နယ်အတွင်းရှိ ကျေးရွာ ၂၇ ရွာနှင့် ဆမီးမြို့နယ်အတွင်းရှိ ကျေးရွာ ၃၀ တို့မှ နေရပ်ပြန်ကြမည့် ယာယီနေရပ်စွန့်ခွာသူ ဒေသခံအိမ်ထောင်စုဝင်များကို ပြည်နယ်အစိုးရအဖွဲ့ကထောက်ပံ့ပေးအပ်သည့် ထောက်ပံ့ငွေများပေးအပ်ခြင်းကို ဇန်နဝါရီလ ဒုတိယပတ်အတွင်းက သက်ဆိုင်ရာနေရာများ၌ ပြုလုပ်ကြရာ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်များမှ တာဝန်ရှိသူများ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ယာယီနေရပ်စွန့်ခွာသူပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ နယ်မြေခံတပ်များမှ တာဝန်ရှိသူများက အမှာစကားများ အသီးသီးပြောကြားကြသည်။ ထို့နောက် ပြည်နယ်အစိုးရအဖွဲ့က ထောက်ပံ့ပေးအပ်သည့် ပလက်ဝမြို့နယ်အတွင်းရှိ ကျေးရွာများမှအိမ်ထောင်စု ၅၄ စုအတွက် ထောက်ပံ့ငွေကျပ် ၂၇ သိန်းနှင့် ဆမီးမြို့နယ်အတွင်းရှိ ကျေးရွာများမှ အိမ်ထောင်စု ၃၃၃ စုတို့အတွက်ထောက်ပံ့ငွေကျပ် ၁၆၆၅၀၀၀၀ တို့ကို သက်ဆိုင်ရာနယ်မြေခံတပ်များမှ တာဝန်ရှိသူများက အသီးသီး ထောက်ပံ့ပေးအပ်ကြသည်။ ယင်းနောက်၎င်းတို့၏နေရပ်ဒေသအသီးသီးသို့ပြန်လည်နေထိုင်ကြမည့် ယာယီနေရပ်စွန့်ခွာသူများကို အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက အိမ်ထောင်စုဝင်များ၏ အိမ်သုံးပစ္စည်းများကို သယ်ယူရွှေ့ပြောင်းပေးခြင်းနှင့် လိုအပ်သည်များ ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

# မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များတွင် တစ်အိမ်တက်ဆင်းမြေပြင်ကွင်းဆင်းစာရင်းကောက်ယူခြင်း လုပ်ငန်းများ အရှိန်အဟုန်မပျက်ဆောင်ရွက်

**မန္တလေး ဇန်နဝါရီ ၁၇**

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များ၌ မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေး(Working Group) လုပ်ငန်းများကို အရှိန်အဟုန်မပျက် ဆောင်ရွက်လျက်ရှိရာ တိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကျော်ကျော်မင်းနှင့် လူမှုရေးရာဝန်ကြီး ဦးယဉ်ထွေးတို့သည် တာဝန်ရှိသူများနှင့်အတူ ယနေ့တွင် ချမ်းအေးသာစံမြို့နယ်နှင့် အောင်မြေသာစံမြို့နယ်အတွင်းရှိ ရပ်ကွက်များတွင် မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေးကြီးကြပ်မှုကော်မတီအဖွဲ့က ကွင်းဆင်းစာရင်းကောက်ယူမှု အခြေအနေများကို လိုက်လံကြည့်ရှုအားပေးသည်။

ထို့သို့ တစ်အိမ်တက်ဆင်းစာရင်း တိုက်ဆိုင်စစ်ဆေး ကောက်ယူရာတွင် အိမ်ထောင်စုလူဦးရေ စာရင်းပုံစံ(၆၆/၆) အချက်အလက်နှင့် မြေပြင်လူဦးရေစာရင်းများ တိကျမှန်ကန်စေရေးနှင့် သတ်မှတ်ကာလအတွင်းအောင်မြင်စွာပြီးစီးရေးတို့ကို အားလုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်းမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**



# တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် ဇန်နဝါရီ ၁၇**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆောင်ရွက်ရာတွင် ကာကွယ်ဆေးထိုးနှံခြင်းသည် အဓိကအခန်းကဏ္ဍတွင်ပါဝင်သည့်လုပ်ငန်းတစ်ရပ်ဖြစ်သောကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ ကာကွယ်ဆေးထိုးနှံခြင်းကို အင်တိုက်အားတိုက်ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရောဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ၁၄၇ ဦးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခုတို့၌ ဒေသခံပြည်သူဦးရေ ၁၁၅၇၀ တို့ကို တပ်မတော်မှဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာကျန်းမာရေးဝန်ထမ်းများ၊စေတနာ့ဝန်ထမ်းများနှင့်ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးခြင်းများဆောင်ရွက်ပေးသည်။

ထို့အတူ ကျောင်းသား၊ ကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများထိုးနှံပေးလျက်ရှိရာ ယနေ့တွင် ရောဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ကျောင်းသား၊ကျောင်းသူ ၁၄၁၂ ဦးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခုတို့၌ ကျောင်းသား၊ ကျောင်းသူ ၃၂၇ ဦးကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။



ရောဝတီတိုင်းဒေသကြီး နေဖြူမြို့နယ်အတွင်းရှိ ကျောင်းသား၊ ကျောင်းသူများကို ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးစဉ်။

# အခြေခံပညာကျောင်းများ၏ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုပေးပွဲများပြုလုပ်




အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်း ကျောင်းသား၊ ကျောင်းသူများကို ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်စဉ်။




အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက ထူးချွန်ဆုရကျောင်းသူတစ်ဦးကို ဆုပေးအပ်ချီးမြှင့်စဉ်။

**နေပြည်တော် ဇန်နဝါရီ ၁၇**

ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့နယ်နှင့် ခိုလမ်မြို့နယ်တို့ရှိ အခြေခံပညာကျောင်းများ၏ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်နှင့်ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၁၆ ရက်နှင့် ယနေ့တို့တွင် သက်ဆိုင်ရာကျောင်းများ၌ အသီးသီးပြုလုပ်ရာ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာ၊ဆရာမများ၊ ကျောင်းသားမိဘများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဒေသခံတိုင်းရင်းသားများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာကျောင်းများ၏ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားများကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ကျောင်းသား၊ ကျောင်းသူများ၏ သရုပ်ဖော်ကပြဖျော်ဖြေခြင်းနှင့် ဘင်ခရာတီးဝိုင်းဖြင့် တီးခတ်ဖျော်ဖြေမှုများကို ကြည့်ရှုအားပေးကြသည်။ ထို့နောက် တိုင်းမှူးက ဂုဏ်ပြုအားပေးစကားများပြောကြားသည်။ ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ပြိုင်ပွဲများတွင်ဆုရရှိခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများကို ဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြပြီး ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်အတွက် ဂုဏ်ပြုချီးမြှင့်ငွေများနှင့် ဂုဏ်ပြုဆုများပေးအပ်ကာ ပညာရေးစုံညီပွဲတော်၌ ကပြဖျော်ဖြေခဲ့သည့် ကျောင်းသား၊ ကျောင်းသူများနှင့်ပြခန်းများတွင် လက်တွေ့ပြသကြသည့် ကျောင်းသား၊ ကျောင်းသူများကို ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။ ၎င်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ၂၀၂၂-၂၀၂၃ ပညာသင်နှစ်အတွင်း ကျောင်းသား၊ ကျောင်းသူများ၏ တီထွင်ပြုလုပ်ထားသော စက်မှု၊ လက်မှု လက်ရာများနှင့် သင်ထောက်ကူပစ္စည်းပြခန်းများကို လိုက်လံကြည့်ရှုအားပေးကြသည်။

အလားတူ ယနေ့နံနက်ပိုင်းတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ရှိ အမှတ်(၇)အခြေခံပညာ အထက်တန်းကျောင်း၌ ပြုလုပ်သည့် ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်ကို တက်ရောက်အားပေးပြီး ၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများနှင့် ပြိုင်ပွဲများတွင် ဆုရရှိခဲ့ကြသူများကို ဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ကျောင်းဘက်စုံအသုံးပြုရန်အတွက် အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းကြရာ ကျောင်းအုပ်ချုပ်မှုတာဝန်ခံက လက်ခံရယူခဲ့ပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ယင်းနောက် တာဝန်ရှိသူများနှင့် တက်ရောက်လာကြသူများက ကျောင်းသား၊ ကျောင်းသူများ၏ သီဆိုဖျော်ဖြေမှုများကို ကြည့်ရှုအားပေးပြီး ပြခန်းများ ခင်းကျင်းပြသထားရှိမှုများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

# မြစ်ကြီးနားမြို့နယ်ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ပြည်သူ့စစ်(ဌာနေ) အဖွဲ့ဝင်များကို တွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၁၇**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ပြည်သူ့စစ်(ဌာနေ)အဖွဲ့ဝင်များအား တွေ့ဆုံပွဲကို ယနေ့နေ့လယ်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်ရှိ ဇလမင်းထင်ခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်ကိုကိုမောင်နှင့် အဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ပြည်သူ့စစ်(ဌာနေ)အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားသည်။ထို့နောက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ပြည်သူ့စစ်(ဌာနေ)အဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ပြည်သူ့စစ်(ဌာနေ) အဖွဲ့ဝင်များကို စားသောက်ဖွယ်ရာများ၊ ဂုဏ်ပြုချီးမြှင့်ငွေများနှင့် သုတရသ စာအုပ်စာစောင်များ ပေးအပ်သည်။

ယင်းနောက် မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ပြည်သူ့စစ်(ဌာနေ)အဖွဲ့ဝင်များကို နယ်မြေခံဆေးတပ်ဖွဲ့များက လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများကို တိုင်းမှူးနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

**မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုမောင် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များကို စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်စဉ်။**




# ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြန်ကြားရေးလုပ်ငန်းများ ဒုတိယဝန်ကြီး ဦးရဲတင့် ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇန်နဝါရီ ၁၇**

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်သည် ဇန်နဝါရီ ၁၅ ရက် နံနက်ပိုင်းတွင် မိုင်းပန်မြို့ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံကိုကြည့်ရှုစစ်ဆေးပြီး မိုင်းပန်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးတွင် ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

ထို့နောက် မိုင်းတုံမြို့ရှိ ထပ်ဆင့်လွှင့်စက်ရုံကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။ မွန်းလွဲပိုင်းတွင် မိုင်းဆတ်မြို့ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးနှင့် စာကြည့်တိုက်တို့ကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ မိုင်းခတ်၊ မိုင်းထ၊ ပုံပါကျင်မြို့တို့မှ ဦးစီးမှူးများ၊ မိုင်းဆတ်ထပ်ဆင့်လွှင့် စက်ရုံမှူးတို့နှင့် တွေ့ဆုံသည်။

ဇန်နဝါရီ ၁၆ ရက် နံနက်ပိုင်းတွင် တာချီလိတ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ ခရိုင်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ မိုင်းယောင်း၊ မိုင်းယု၊ ကျိုင်းလတ်မြို့နယ်တို့မှ မြို့နယ်ဦးစီးမှူးနှင့် တာချီလိတ်ထပ်ဆင့်လွှင့်စက်ရုံ စက်ရုံမှူးတို့ကိုတွေ့ဆုံပြီး တာချီလိတ်ထပ်ဆင့်လွှင့်စက်ရုံကိုကြည့်ရှုစစ်ဆေးကာ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။



ယင်းနောက် တာလေမြို့ရှိ ထပ်ဆင့်လွှင့်စက်ရုံ၊ တာလေမြို့ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မိုင်းဖြတ်မြို့ထပ်ဆင့်လွှင့်စက်ရုံနှင့်မိုင်းဖြတ်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့သို့ ရောက်ရှိပြီး ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

မွန်းလွဲပိုင်းတွင် ကျိုင်းတုံမြို့ အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းတို့ကို ရောက်ရှိပြီး ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများကို တွေ့ဆုံမှာကြားကာ ကျောင်းစာကြည့်တိုက်အတွက် စာအုပ်စာစောင်များနှင့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနမှ ပေးအပ်သော အားကစားပစ္စည်းများကို တာဝန်ရှိသူများထံ ပေးအပ်သည်။

ညနေပိုင်းတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးတွင် တွဲဖက်ပြည်နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ခရိုင်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ မိုင်းဆတ်နှင့် မိုင်းယန်းမြို့နယ် ဦးစီးမှူးများ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံများ ကျိုင်းတုံဂုန်နယ်မှူးနှင့်မိုင်းယောင်း၊ မိုင်းယန်း၊ မိုင်းခတ်၊ မိုင်းယုထပ်ဆင့်လွှင့်စက်ရုံတာဝန်ခံများ၊ ကိုယ်ပွားသတင်းစာတိုက်(ကျိုင်းတုံ )တာဝန်ခံတို့ကိုတွေ့ဆုံ၍ ထပ်ဆင့်လွှင့်စက်ရုံများမှထုတ်လွှင့်မှုကို လျှပ်စစ်ဓာတ်အားရရှိမှုအပေါ် မူတည်၍ အပြည့်အဝထုတ်လွှင့်ပေးနိုင်ရေးပွင့်လင်းရာသီတွင် မီးဘေးအန္တရာယ်သတိပြုကာကွယ်ရေးနှင့် လုပ်ငန်းဆိုင်ရာများကို ဆွေးနွေးမှာကြားပြီး ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# တရားမဝင်သစ်မျိုးစုံ၊ စားသောက်ကုန်၊ လူသုံးကုန်နှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၁၇**

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၁၄ ရက်တွင် ရခိုင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် မောင်တောမြို့နယ် အကောက်ခွန်ဌာနတို့ပါဝင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကညင်ချောင်းစပ်တွင် အကောက်ခွန်မဲ့ ESSE တံဆိပ် နိုင်ငံခြားစီးကရက် အတောင့် ၃၅၀ ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၄၅၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဇန်နဝါရီ ၁၅ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ၁၆ မိုင် ကျောက်ချောစစ်ဆေးရေးစခန်း၌ တာဝန်ကျပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မူဆယ်မြို့မှ မန္တလေးမြို့သို့မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးပေါ်၌ တရားဝင်တင်သွင်းခွင့် အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် ကျောပိုးအိတ်အလုံး ၉၀၀ အပါအဝင် ကုန်ပစ္စည်း ခုနစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၄၃၆၀၀၀ နှင့် အဆိုပါကုန်ပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀၀ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၉၂၄၃၆၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ဇန်နဝါရီ ၁၅ ရက်နှင့် ၁၆ ရက်တို့တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင်၊ တောင်ငူခရိုင်နှင့် သာယာဝတီခရိုင်တို့အတွင်း တရားမဝင်သစ်မျိုးစုံ ၃၉၅ ဒသမ ၈၄၇၆တန် ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၃၅၈၈၁၆ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



ထို့အတူ ဇန်နဝါရီ ၁၆ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တာဝန်ကျ အကောက်ခွန်စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ခရီးသည်ဝန်စည်များနှင့်အတူ ရောနှောသယ်ဆောင်လာသော သက်ဆိုင်ရာတင်သွင်းခွင့် အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် Swiss Time အမျိုးအစား Couple-Watch ၁၃ စုံ ခန့်မှန်းတန်ဖိုးငွေကျပ် ၃၉၀၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ရှမ်းပြည်နယ်တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ကျိုင်းတုံမြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးဦးဆောင်သော စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကျိုင်းတုံတက္ကသိုလ်အနီးတွင် ကျိုင်းတုံမြို့မှ မိုင်းပျဉ်းမြို့သို့မောင်းနှင်လာသော မော်တော်ယာဉ် တစ်စီးပေါ်၌ တင်သွင်းခွင့်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် Sponsor တံဆိပ် အားဖြည့်အချိုရည် ၁၃၀၀ ဗူး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၅၀၀၀၀ နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် ၁၂ ဘီး ကုန်တင်ယာဉ်တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၀၀၀၀၀၀ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ်၇၄၅၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဇန်နဝါရီ ၁၄ ရက်၊ ၁၅ရက်နှင့် ၁၆ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းအမှုတွဲ ၁၁ မှုမှ ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၈၆၄၄၈၁၆ ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လုသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## "ပြည်သူ့ကြားက ပြည်သူ့စကား"အစီအစဉ်

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ရင်တွင်းခံစားချက်စကားသံများကို သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်မှ **"PDF အမည်ခံ အကြမ်းဖက်သမားများက ပုလဲမြို့နယ် စီးဖြူကုန်းကျေးရွာအတွင်းသို့ Drop Bomb များ အကြောင်းမဲ့ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် ကလေးငယ်သုံးဦးအပါအဝင် အပြစ်မဲ့ပြည်သူ ခုနစ်ဦး ထိခိုက်ဒဏ်ရာရရှိ"** ခေါင်းစဉ်ဖြင့် ၁၈-၁-၂၀၂၃ ရက် **(ယနေ့)**မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်၌ PDF အကြမ်းဖက်သမားများသတ်ဖြတ်မှုကြောင့် အသက်ခြောက်နှစ်အရွယ် ကလေးငယ်အပါအဝင် မိသားစုဝင် ရှစ်ဦးသေဆုံးခဲ့"**ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

☆ **ကျောဖုံးမှအဆက်**

ထိုသို့ အကြမ်းဖက်သမားများ၏ ဖောက်ခွဲဖျက်ဆီးခဲ့မှုကြောင့် ပျက်စီးခဲ့သည့် တံတားကို ခရီးသွားပြည်သူများ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေးအတွက် ပြင်ဆင်ခြင်းလုပ်ငန်းများ အမြန်ဆုံးဆောင်ရွက်နိုင်ရေး တာဝန်ရှိသူများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များပူးပေါင်း၍ ဆောင်ရွက်လျက်ရှိကြောင်းနှင့် ဖျက်ဆီးမှုကျူးလွန်ခဲ့သည့် အကြမ်းဖက်သမားများအား ဖော်ထုတ်ဖမ်းဆီးနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက လုံခြုံရေးလုပ်ငန်းစဉ်များနှင့်အညီ ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။



အကြမ်းဖက်သမားများ၏ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးမှုကြောင့် ယောက်တဝ တံတား ပျက်စီးခဲ့မှုကို တွေ့ရစဉ်။



## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇန်နဝါရီ ၁၇**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကိုအကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ဖြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ် အရှေ့လျှော်ဖြူကုန်းကျေးရွာနေ ကောင်းထက်ဇော်နှင့် ဇာဇာထက်မြတ်ဦးတို့သည် ၎င်းတို့အသုံးပြုသည့် "Kaung Htet Zaw" Facebook အကောင့်၊ "Zar Zar Htet Myat Oo" Facebook အကောင့်၊ ညောင်ဦးမြို့နယ် အမှတ်(၄)ရပ်ကွက်နေ ရွှေဖူးအိမ်(ခ) ဖူးဖူးသည် ၎င်းအသုံးပြုသည့် "Phue Phue" Facebook အကောင့်တို့သည် အသိပေး သတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

# ဝီလျံစဘတ်မြို့အနီး နှစ်ပေါင်း ၅၀ အတွင်း ပထမဆုံးအကြိမ် လေဆင်နှာမောင်းဝင်ရောက်တိုက်ခတ်



**ဝါရှင်တန် ဇန်နဝါရီ ၁၇**

အမေရိကန်နိုင်ငံ ဗာဂျီးနီးယားပြည်နယ် ဝီလျံစဘတ်မြို့အနီးတွင် ဇန်နဝါရီ ၁၆ ရက်က ပထမဆုံးအကြိမ် လေဆင်နှာမောင်းဝင်ရောက်တိုက်ခတ်ခဲ့ကြောင်း အမေရိကန်အမျိုးသားမိုးလေဝသဝန်ဆောင်မှုအဖွဲ့က ထုတ်ပြန်ခဲ့သည်ဟု The Gazette သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

လေဆင်နှာမောင်းသည် အိုင်အိုးဝါးပြည်နယ် အရှေ့ဘက်ပိုင်းထိ ရောက်ရှိခဲ့ပြီး နှစ်ပေါင်း ၅၀ အတွင်း ဝီလျံစဘတ်မြို့အနီး ပထမဆုံးအကြိမ် လေဆင်နှာမောင်းဝင်ရောက်တိုက်ခတ်ခဲ့ခြင်းဖြစ်ကြောင်း၊ သို့သော် လေဆင်နှာမောင်းဖြတ်သန်းဝင်ရောက်ခဲ့သော ဒေသများတွင် ပုံမှန်မဟုတ်သည့်အပူချိန်မြင့်တက်မှုများဖြစ်ပေါ်နေပြီး အအေးဓာတ်မြင့်မားလေ့ရှိသည့် ကာလတွင် အပူချိန် ၂၇ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်လာခြင်းမှာ ရာသီဥတုဖောက်ပြန်မှု၏ လက္ခဏာများဖြစ်ကြောင်း အမေရိကန်အမျိုးသား မိုးလေဝသ ဝန်ဆောင်မှုအဖွဲ့က ထုတ်ပြန်ခဲ့သည်။

"ဝီလျံစဘတ်မြို့မှာ ဇန်နဝါရီ ၁၆ ရက် မွန်းလွဲ ၂ နာရီ ၁ မိနစ်မှာ လေဆင်နှာမောင်းတိုက်ခတ်ခဲ့ပါတယ်။ လေဆင်နှာမောင်းဟာ အိုင်အိုးဝါးပြည်နယ်အရှေ့ဘက်ပိုင်းထိကိုရောက်ရှိခဲ့ပါတယ်။ လေဆင်နှာမောင်းဖြတ်သန်းခဲ့တဲ့ ဒေသတစ်လျှောက် ပုံမှန်မဟုတ်တဲ့ အပူချိန်မြင့်တက်မှုတွေ ဖြစ်ပေါ်နေပါတယ်။ ဝီလျံစဘတ်မြို့မှာ နှစ်ပေါင်း ၅၀ အတွင်း ပထမဆုံးအကြိမ် လေဆင်နှာမောင်းဝင်ရောက်ခဲ့တာဖြစ်ပါတယ်"ဟု ဗာဂျီးနီးယားပြည်နယ် မိုးလေဝသညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဂျိုးဝန်တာက ပြောကြားခဲ့သည်။ **နိုင်းဆက်**

# အင်ဒိုနီးရှားနိုင်ငံ ဆူမားတြားကျွန်းတွင် ပြင်းအား ၆ ဒသမ ၂ မဂ္ဂနီကျူရှိ ငလျင်လှုပ်ခတ်

**ဂျကာတာ ဇန်နဝါရီ ၁၇**

အင်ဒိုနီးရှားနိုင်ငံ ဆူမားတြားကျွန်းတွင် ဇန်နဝါရီ ၁၆ ရက် အစောပိုင်းက ပြင်းအား ၆ ဒသမ ၂ မဂ္ဂနီကျူရှိသည့် ငလျင်လှုပ်ခတ်မှုဖြစ်ပွားခဲ့ပြီး အခြေခံအဆောက်အအုံတချို့နှင့် လူနေအိမ်ခြေတချို့ ပျက်စီးခဲ့ကြောင်း ဆူမားတြားကျွန်း အာဏာပိုင်အဖွဲ့အစည်းက အတည်ပြုခဲ့သည်ဟု GMN သတင်းဌာနက ဇန်နဝါရီ ၁၆ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ငလျင်သည် ဆင်ဂီလ်မြို့ အရှေ့တောင်ဘက်ပိုင်း ၄၈ ကီလိုမီတာအကွာမှ ဗဟိုပြုလှုပ်ခတ်ခဲ့ခြင်းဖြစ်ပြီး ငလျင်လှိုင်း အားကောင်းသဖြင့် အဆောက်အအုံတချို့ ပြိုကျခဲ့ခြင်းဖြစ်ကြောင်း၊ ငလျင်ပြင်းအား များခဲ့သော်လည်း ငလျင်နောက်ဆက်တွဲဖြစ်သည့် ဆူနာမီလှိုင်းဖြစ်ပေါ်လာဖွယ်မရှိကြောင်း၊ သို့သော် ငလျင်ကြောင့် ဒေသခံတချို့ ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရပြီး ဒေသခံများအထိတ်တလန့်ဖြစ်ခဲ့ရကြောင်း၊ ငလျင် လှုပ်ခတ်ချိန်မှာ ၃ စက္ကန့်မှ ၁၀ စက္ကန့်ကြားအချိန်ထိ ကြာမြင့်ခဲ့ပြီး ငလျင်လှိုင်းဒဏ်ဖြင့် အဓိကရင်ဆိုင်ခဲ့ရသော ဒေသများမှာ ဆူမားတြားကျွန်း မြောက်ဘက်ပိုင်း ဒေသများဖြစ်ကြောင်း အင်ဒိုနီးရှားနိုင်ငံ မိုးလေဝသ၊ ငလျင်ဗေဒနှင့် ဘူမိရူပအေဂျင်စီက ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

"ဇန်နဝါရီ ၁၆ ရက် အစောပိုင်းမှာ ပြင်းအား ၆ ဒသမ ၂ မဂ္ဂနီကျူရှိတဲ့ ငလျင်ဟာ ဆူမားတြားကျွန်းမှာ လှုပ်ခတ်ခဲ့ပါတယ်။ ငလျင်ဟာ ဆင်ဂီလ်မြို့ အရှေ့တောင်ဘက်ပိုင်း ၄၈ ကီလိုမီတာအကွာကနေ ဗဟိုပြုလှုပ်ခတ်ခဲ့တာဖြစ်ပြီး မြေအောက်အနက် ၃၇ ကီလိုမီတာကနေ အစပျိုးခဲ့တာဖြစ်ပါတယ်။ ငလျင်လှိုင်းဒဏ်သင့်ခဲ့ရတဲ့ဒေသတွေကတော့ ဆူမားတြားကျွန်းမြောက်ဘက်ပိုင်းက ဒေသတွေပဲဖြစ်ပါတယ်။ ငလျင်နောက်ဆက်တွဲဖြစ်တဲ့ ဆူနာမီလှိုင်းတော့ ဖြစ်ပေါ်လာဖွယ်မရှိပါဘူး"ဟု အင်ဒိုနီးရှားနိုင်ငံ မိုးလေဝသ၊ ငလျင်ဗေဒနှင့် ဘူမိရူပအေဂျင်စီမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ထုတ်ပြန်ခဲ့သည်။ **နိုင်းဆက်**

# အာဂျင်တီးနားနိုင်ငံတွင် သုံးနှစ်ဆက်တိုက် မိုးခေါင်ရေရှားမှုကြောင့် အဓိကသီးနှံပဲပုပ် အထွက်နှုန်းထက်ဝက်ခန့်ဆုံးရှုံးနိုင်

**ဗျူနိုအေးရိစ် ဇန်နဝါရီ ၁၇**

အာဂျင်တီးနားနိုင်ငံတွင် သုံးနှစ်ဆက်တိုက် မိုးခေါင်ရေရှားခြင်း၏အကျိုးဆက်အဖြစ် အဓိကစိုက်ပျိုးသီးနှံဖြစ်သော ပဲပုပ်သီးနှံများ ရိတ်သိမ်းရာတွင် ခန့်မှန်းထားသည်ထက် အထွက်နှုန်း ထက်ဝက်ခန့် ဆုံးရှုံးနိုင်ကြောင်း Rosario စတော့အိတ်ချိန်းက ဇန်နဝါရီ ၁၆ ရက်က ပြောကြားခဲ့သည်ဟု AR-AB သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြထားသည်။

သုံးနှစ်ဆက်တိုက် မိုးခေါင်မှုကြောင့် အာဂျင်တီးနားနိုင်ငံတွင် အဓိကစိုက်ပျိုးသီးနှံတစ်ခုဖြစ်သော ပဲပိစပ်များ အထွက်နှုန်းသိသိသာသာလျော့ကျခဲ့ပြီး နိုင်ငံ၏ ပို့ကုန်ကဏ္ဍထိခိုက်ကာ ပြည်တွင်းစားသုံးမှုကိုပါ ထိခိုက်နိုင်ကြောင်း Rosario စတော့အိတ်ချိန်းက ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

အာဂျင်တီးနားနိုင်ငံသည် ကမ္ဘာပေါ်တွင် ပဲပိစပ်နှင့် ဂျုံထုတ်လုပ်မှု အများဆုံးနိုင်ငံဖြစ်ပြီး မိုးခေါင်မှု လေ့လာစောင့်ကြည့်ရေးအင်စတီကျု၏ အစီရင်ခံစာသစ်တွင်လည်း ပြင်းထန်သော မိုးခေါင်မှုသည် အာဂျင်တီးနားနိုင်ငံအလယ်ပိုင်းရှိ ကော်ဒိုဗာ၊ ဗျူနိုအေးရိစ်နှင့် ဆန်တာဖီမြို့နယ်ဒေသများကို အဆိုးရွားဆုံးထိခိုက်စေခဲ့ကြောင်း ဖော်ပြထားသည်။



အာဏာပိုင်များအနေဖြင့် မြေဩဇာကောင်းမွန်သော နိုင်ငံအလယ်ပိုင်းလွင်ပြင်ဒေသများတွင် ပဲပုပ်တန်ချိန် ၁၉ ဒသမ ၇ သန်း ရိတ်သိမ်းရန် ယခင်က မျှော်မှန်းထားသော်လည်း ယခုအခါတန်ချိန် ၁၀ ဒသမ ၇ သန်းခန့်သာမျှော်မှန်းနိုင်ပြီး ၎င်းခန့်မှန်းချက်များသည် အပတ်စဉ်ကျဆင်းလျက်ရှိကြောင်း သိရသည်။

မိုးခေါင်မှုကြောင့် ပြည်နယ်အတွင်း အနည်းဆုံးကျွဲ၊ နွားကောင်ရေ ၃၀၀၀ ကျော်သေဆုံးခဲ့ကြောင်း၊ အာဂျင်တီးနားနိုင်ငံ၏ စုစုပေါင်း ပဲပုပ်ရိတ်သိမ်းမှုသည် လာမည့်ရာသီတွင် တန်ချိန် ၃၅ ဒသမ ၅ သန်းမှ ၄၁ သန်းထိသာ ထွက်ရှိမည်ဟု ခန့်မှန်းထားကြောင်း ဆန်တာဖီဒေသ၏ စိုက်ပျိုးထုတ်လုပ်ရေးဝန်ကြီး Deniel Costamagna က ပြောကြားခဲ့သည်။ **AZH**

# မိုးခေါင်ရေရှားမှုဒဏ်မှ ကာကွယ်နိုင်ရန် ၂၀၂၂ ခုနှစ်က အတည်ပြုခဲ့သောစီမံချက်ကို အယ်လ်ဂျီးရီးယားနိုင်ငံ အကောင်အထည်ဖော်မည်

**အယ်လ်ဂျီးယား ဇန်နဝါရီ ၁၇**

အယ်လ်ဂျီးရီးယားနိုင်ငံသည် မိုးခေါင်ရေရှားမှုဒဏ်မှ ကာကွယ်နိုင်ရန် ၂၀၂၂ ခုနှစ်က အတည်ပြုခဲ့သောမိုးခေါင်ရေရှားမှု၏ နောက်ဆက်တွဲဆိုးကျိုးများကို သက်သာစေမည့်စီမံချက်ကို ပြန်လည် အကောင်အထည် ဖော်သွားမည်ဖြစ်ကြောင်း အယ်လ်ဂျီးရီးယား ရာသီဥတုစင်တာ၏ ဒါရိုက်တာ Saleh Sahabi Abed က ဇန်နဝါရီ ၁၆ ရက်က ပြောကြားခဲ့သည်ဟု Atalayar သတင်းဌာနက ဇန်နဝါရီ ၁၆ ရက်တွင် ရေးသားဖော်ပြထားသည်။

အယ်လ်ဂျီးရီးယားနိုင်ငံတွင် ၂၀၂၂ ခုနှစ် အတည်ပြုခဲ့သည့် ရေသန့်စင်စက်ရုံများတည်ဆောက်ခြင်း၊ မြေအောက်ရေတွင်းများမှ ရေထုတ်လုပ်ခြင်းနှင့် ရေရဲတပ်ဖွဲ့ ဖွဲ့စည်းခြင်းတို့ဆောက်ရွက်ပြီး မိုးခေါင်ရေရှားမှု၏ နောက်ဆက်တွဲဆိုးကျိုးများ သက်သာစေမည့် စီမံချက်များကို ယခုအခါပြန်လည် အကောင်အထည် ဖော်မည်ဖြစ်ကြောင်း အယ်လ်ဂျီးရီးယားရာသီဥတုစင်တာ၏ ဒါရိုက်တာ Saleh Sahabi Abed က ပြောကြားခဲ့ခြင်းဖြစ်သည်။

အဆိုပါစီမံချက်၏ ရည်ရွယ်ချက်မှာ အယ်လ်ဂျီးရီးယားနိုင်ငံသားအားလုံး တစ်နှစ်ပတ်လုံးပုံမှန် သောက်သုံးရေ ရရှိစေရန်ဖြစ်ပြီး စွန့်ပစ်ရေသန့်စင်စက်ရုံများကို ပြန်လည်မွမ်းမံခြင်း၊ တိုးချဲ့တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ မြေအောက်ရေထုတ်လုပ်မှုစွမ်းရည် တိုးတက်အောင် မြှင့်တင်ခြင်းများပြုလုပ်ခြင်းတို့ပါဝင်ပြီး ထိုသို့ မဆောင်ရွက်ပါက နိုင်ငံသားများအနေဖြင့် နောက်ဆက်တွဲကဏ္ဍများကို ထိခိုက်လာလိမ့်မည်ဖြစ်ကြောင်း ၎င်းက သတိပေးပြောကြားခဲ့သည်။

နောက်ထပ် ဖြေရှင်းရမည့် ပြဿနာတစ်ခုမှာ အနာဂတ်တွင် စိတ်ချရသည့် အခြေအနေသို့ မရောက်မချင်း ရာသီဥတုနှင့်ပတ်သက်၍ အစိုးရ၏စိုးရိမ်ကြောင့်ကြမှုကြောင့် ရေဖြန့်ဖြူးမှုကိုနာရီလျှော့၍ ပေးဝေနေခြင်းဖြစ်ပြီး အယ်လ်ဂျီးရီးယားနိုင်ငံသည် ၁၀ စုနှစ်တစ်စုအတွင်း မိုးရွာသွန်းမှုပမာဏမှာ ၃၀ ရာခိုင်နှုန်းမှ ၄၀ ရာခိုင်နှုန်းအတွင်း ကျဆင်းလာကြောင်း Abed က ပြောကြားခဲ့သည်။ **AZH**

# လတ်ဗီးယားနိုင်ငံတွင်ဖြစ်ပေါ်ခဲ့သည့် ရေကြီးရေလျှံမှုက ၁၉၈၁ ခုနှစ်နောက်ပိုင်း အဆိုးရွားဆုံးအဖြစ် မှတ်တမ်းဝင်

**ရီဂါ ဇန်နဝါရီ ၁၇**

လတ်ဗီးယားနိုင်ငံတွင် ဇန်နဝါရီ ၁၄ ရက်မှစ၍ ရေကြီးရေလျှံမှု ဖြစ်ပေါ်နေပြီး မိုးရေချိန်မြင့်တက်ခဲ့သည့်အတွက် ဇန်နဝါရီ ၁၅ ရက်တွင် ရေကြီးရေလျှံမှုအခြေအနေ ပိုမိုဆိုးရွားလာခဲ့သဖြင့် လတ်ဗီးယားနိုင်ငံအတွက် ၁၉၈၁ ခုနှစ်နောက်ပိုင်း အဆိုးရွားဆုံးသောရေကြီးရေလျှံမှုအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း လတ်ဗီးယားမိုးလေဝသဦးစီးဌာနက အတည်ပြုခဲ့သည်ဟု RFI သတင်းဌာနက ဇန်နဝါရီ ၁၆ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ဒက်ဂါဗာမြစ်ရေလျှံတက်မှု ဖြစ်ပေါ်ခဲ့ပြီး ရေကြီးရေလျှံမှုကြောင့် လတ်ဗီးယားနိုင်ငံ အလယ်ပိုင်းဒေသများတွင်နေထိုင်သောဒေသခံများကို ဇန်နဝါရီ ၁၅ ရက်မှစ၍ ဘေးလွတ်ရာရွှေ့ပြောင်းရန် လတ်ဗီးယားအစိုးရက သတိပေးချက် ထုတ်ပြန်ခဲ့ကြောင်း၊ ရေဘေးအန္တရာယ်ဖြင့် အဓိကရင်ဆိုင်နေရသည့်ဒေသများမှာ ဘယ်လ်တစ်ပြည်နယ်အတွင်းရှိ ဒေသများဖြစ်ကြောင်း လတ်ဗီးယားအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

"လတ်ဗီးယားနိုင်ငံရဲ့ အလယ်ပိုင်းဒေသတွေမှာ ဆိုးရွားတဲ့ရေကြီးရေလျှံမှုတွေ ဖြစ်ပေါ်နေပါတယ်။ မိုးလေဝသဦးစီးဌာနရဲ့ ထုတ်ပြန်ချက်အရ လက်ရှိရင်ဆိုင်နေရတဲ့ ရေကြီးရေလျှံမှုဟာ ၁၉၈၁ ခုနှစ်နောက်ပိုင်း အဆိုးရွားဆုံးသော ရေကြီးရေလျှံမှုဖြစ်တယ်လို့ သိရတယ်။ ဇန်နဝါရီ ၁၅ ရက်ကနေ စတင်ပြီးတော့ လတ်ဗီးယားနိုင်ငံ အလယ်ပိုင်းက ဒေသခံတွေကို ဘေးလွတ်ရာရွှေ့ပြောင်းဖို့ ညွှန်ကြားထားပါတယ်။ ကယ်ဆယ်ရေးဝန်ထမ်းတွေကလဲ ဒေသခံတွေကို ကူညီပြီးတော့ ဘေးလွတ်ရာ ရွှေ့ပြောင်းပေးနေပါတယ်"ဟု လတ်ဗီးယား အာဏာပိုင်အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

"ကျွန်တော်တို့ဒေသမှာ ဒီလောက်ဆိုးရွားတဲ့ ရေကြီးရေလျှံမှုမျိုးတစ်ခါမှမကြုံဖူးသေးဘူး။ မိုးရွာပြီး ဘယ်လောက်မှမကြာဘူး ဘေးလွတ်ရာရွှေ့ပြောင်းဖို့ ညွှန်ကြားချက်ထွက်လာတယ်။ ကျွန်တော်တို့လဲ ချက်ချင်းပဲ ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရတယ်"ဟု လတ်ဗီးယားနိုင်ငံ ဂျက်ဗ်ပီးလ်မြို့တွင် နေထိုင်သည့်မာရစ်က ပြောကြားခဲ့ကြောင်း သိရသည်။ **နိုင်းဆက်**

0w Kv ld @

# သွေး

စိုင်စိုင်




(၁)

"ကျေးဇူးပါ မမခင်ရယ်။ ဒါလေးက အေး အကြိုက်လေ"

"သိပါရဲ့ရှင်။ အေးအကြိုက်ဖြစ်မယ်ဆိုတာ။ ယူလိုက်မယ်မဟုတ်လား။ တစ်ဝက်ပဲအရင်ချေ။ ကျန်တာရတယ်"

အေး သိနေပါ၏။ ကျန်တာရတယ်ပြောသောစိန်ပွဲစား ဒေါ်ခင်မာလာက မကြာခင်ပေးရန်ကျန်ငွေကို မရအရလာတောင်းပါလိမ့်မည်။ အေးကလည်း သည်စိန်ဆွဲသီးကိုယူမှဖြစ်မည်။ မကြာခင်ကျင်းပမည့် ညွှန်ချုပ်ကြီးသားရဲ့မင်္ဂလာပွဲတွင်ဝတ်ပြရမည်။ အေးမိမိကျော်က ပွဲမထပ်အောင် စိန်ထည်များဝတ်နိုင်သည်ကို လူအများသိအောင်ပြသချင်သည်။

"ဟယ် သူလေးက အချောလေးပါလား။ အသစ်လေးလားကွယ်။ အေးတို့ကတော့လေ ပစ္စည်းအကောင်းမှကြိုက်သလို အိမ်အကူလဲ အချောမှ ခေါ်ထားတာပါလား"

ကော်ဖီလာချပေးသော အဝတ်နွမ်းနွမ်း၊ ဆံပင်တင်ပါးထိရှည်ရှည် မျက်နှာလေးက လိမ်းခြယ်မထားပဲ ချောမွတ်နေသော ယမင်းဖြူကိုကြည့်ကာ ပြောလိုက်သော ဒေါ်ခင်မာလာ့စကားကြောင့် အေး စိတ်ပျက်မိသည်။

"ဟဲ့ ယမင်း တုတ်တုတ် ဘာလုပ်နေလို့လဲ"

"တုတ်တုတ်ကို မမပဲ ဈေးဝယ်ခိုင်းလိုက်တယ်လေ"

"ဪ. . . ဟုတ်သားပဲ သွား သွား။ ရပြီ"

ခေါင်းငုံ့ကာ အိမ်နောက်ဝင်သွားသော ယမင်းဖြူကို ကြည့်လိုက်မရ။ ဆုံလာရသည့်ရေစက်အမှန်းတရားက ရင်ထဲအပြည့်။

"ပြန်တော့မယ်အေးရေ။ နောက်ထပ် ပန်းထိမ်ကျပုံဆန်းရရင် အေးကို အရင်လာပြမယ်နော်"

"ဟုတ်ကဲ့ မမ"

ဒေါ်ခင်မာလာက လက်မွေ့အိတ်ကြီးကို ဟန်ပါပါကိုင်ကာ ပြန်သွားမှ အေး သက်ပြင်းချမိသည်။

"ယမင်းဖြူ"

"ဟုတ်ကဲ့မမ"

"နင့်ကို ပြောပြီးသားနော်။ နောက်ကို ငါ့မိတ်ဆွေတွေလာရင် လူလုံးထွက်မပြနဲ့ကြားလား"

"ဟုတ်ကဲ့မမ။ တုတ်တုတ်မရှိလို့သာ ညီမလေး ကော်ဖီလာပို့ပေးမိတာပါ"

"တော် ငါ့စကားနားထောင်"

ခါးသီးသည့်အမုန်း။ မမေ့နိုင်သည့်အတိတ်။ ယမင်းဖြူ၏အမေကို ဖေဖေယူလိုက်၍ အေးတို့သားအမိ ဒုက္ခရောက်ခဲ့ရခြင်းပင်ဖြစ်သည်။ ဖေဖေက သူမှားယွင်းမှုကို တာဝန်ယူချင်၍ မေမေ့ကိုခွင့်တောင်းကာ အိမ်မှထွက်သွားခဲ့သည်။ ခွင့်မလွှတ်နိုင်သောမေမေက ဖေဖေ့ပံ့ပိုးခြင်းကို လက်မခံခဲ့ပါ။ မာနကိုစွဲ အံကိုခဲကာ ယောကျ်ားများနှင့် ရင်ပေါင်တန်း၍ ကျောက်ပွဲစားလုပ်ခဲ့သည်။ သူများထက်ဉာဏ်တစ်ဖျားသာမှ အဆင်ပြေနိုင်သောပတ်ဝန်းကျင်တွင် မေမေများစွာအောင်မြင်ခဲ့သည်။ လောဘများ၊ မာနများနှင့် မေမေသည် အေး အသက် ၂၅ နှစ်တွင် ဦးနှောက်သွေးကြောပြတ်ကာ ရုတ်တရက်ဆုံးပါးသွားသည်။ အေးသည်လည်း ကျောက်ပွဲစား လူရည်လည်သော ကိုနိုင်းတွမ်နှင့် လက်ထပ်ခဲ့သည်။ မန္တလေးမြို့အစွန် လူကုံထံများနေရပ်တွင် ခြံဝင်းကျယ်ကျယ် နှစ်ထပ်တိုက်ကြီးကြီးနှင့် ဘဝကိုကျေနပ်စွာနေခဲ့သည်။ နယ်တွင်ရှိသောဆွေမျိုးများအားလုံးကိုလည်း ကူးလူးဆက်ဆံမလုပ်ခဲ့ပါ။

(၂)

အေးဘဝက လိုတရသာယာသော်လည်း သားအိမ်ချို့ယွင်းမှုကြောင့် သားသမီးမရနိုင်ပါ။ ကိုနိုင်းတွမ်ကတော့ သားသမီးမရလည်း သံယောဇဉ်အပူကင်းသည်ဟုသာပြော၍ စီးပွားတိုးသည်ထက်တိုးအောင် ရှာဖွေပေးသည်။ သို့သော် အပြင်တွင် ပွေရှုပ်လွန်းသည်။ အေးက သူ့အကြောင်းသိနေသော်လည်း ကိုယ့်ချို့ယွင်းချက်ကြောင့် အိမ်ထောင်မကွဲရန် အလိမ္မာသုံး၍ နေထိုင်ခဲ့ရသည်။ ဖေဖေမဆုံးခင်က အေးကိုဆက်သွယ်ကာ မိတဆိုးလေးဖြစ်သော ယမင်းဖြူကို စောင့်ရှောက်ပေးပါရန် မေတ္တာရပ်ခံသည်။ ဖေဖေ့ထွက်သက်ဖြောင့်ဖြူးစေချင်သောကြောင့် လက်ခံခဲ့သော်လည်း အဖေတူညီမယမင်းဖြူကို ချစ်၍မရ။ အေးနှင့် ၁၅ နှစ်ကွာသော ယမင်းဖြူကို ခေါ်ထားခဲ့သည်မှာ ငါးနှစ်ရှိပြီ။ အေးစက်စက်နှင့် ရှုစ်တန်းပင်မအောင်သည့် အပြင် လူတောမတိုးရဲသော ယမင်းဖြူကို အေးက ညီမလို့လည်း မသတ်မှတ်ပါ။ မိတ်ဆွေများရှေ့ပင် လူလုံးထွက်ပြခြင်းကိုမကြိုက်။ တစ်နေကုန် အပြင်မှာ ပင်နေတတ်သော ကိုနိုင်းတွမ်ကိုလည်း အေး၏ ဆွေမျိုးနီးစပ်တော်သူ ခိုကိုးရာမဲ့နေ၍ အိမ်ခေါ်ထားသည်ဟုသာအသိပေးထားသည်။ အသက် ၁၈ နှစ်ပြည့်ပြီး ယခုနှစ်အတွင်း ယမင်းဖြူအလွန်လှလာသည်။

"မမ ညီမလေးကို အလှပြင်သင်တန်းတက်ခွင့်ပေးပါလား။ လိုင်းပေါ်မှာ သင်တန်းခေါ်တာတွေ့လို့။ အိမ်နဲ့လဲမဝေးပါဘူး။ ညီမလေးတက်ချင်လို့ပါ"

"မတက်ရဘူး။ အိမ်ထဲမှာနေ။ နင့်ကို ဒီတစ်သက်မဟုတ်ဘူး။ နောက်ဆယ်သက်ထိ ငါ ကျွေးထားနိုင်တယ်။ အိမ်အပြင်ထွက်စရာမလိုဘူး။ ကိုနိုင်းတွမ်ပြန်လာရင်လဲ နင်အခန်းထဲကမထွက်နဲ့။ နင့်ကိုကျွေးမွေးထားတဲ့ ငါ့ကျေးဇူးကို နားလည်ကြားလား"

အေးစကားကိုသာ အမြဲနာခံတတ်သော ယမင်းဖြူကို တစ်ခါတစ်ရံတော့ကရုဏာသက်မိသည်။ ယမင်းဖြူ၏ အေးစက်စက်အမူအရာကြောင့် မြင်ပလောကထဲလွှတ်ပေးရန်လည်း စိတ်မချပါ။

"ကိုရယ် အိမ်ကိုစောစောပြန်လာပါ။ အမြဲနောက်ကျနေတာပဲ။ အေး သိပ်နေမကောင်းဘူးကိုရဲ့"

"နေမကောင်းရင် ဆေးခန်းသွားလေကွာ။ ကိုယ်က ဆရာဝန်မှမဟုတ်တာ။ မင်းအမျိုး ဟိုကောင်မလေး အဖော်ရှိနေတာပဲ"

"အဖော်ရှိပေမဲ့ ကိုရဲ့ဂရုစိုက်မှုလိုချင်တာပေါ့။ ပိုက်ဆံရှာပေးရုံနဲ့ လင့်ဝတ္တရားကျေတာမဟုတ်ဘူး"

"ကဲပါအေးရာ။ နောက်ရက် ကိုယ်ဆေးခန်းလိုက်ပြပေးမယ် ဟုတ်ပြီလား။ နားတော့မယ်။ ပင်ပန်းလာလို့"

အေး စကားဆက်မပြောချင်တော့ပါ။ ဆက်ပြောနေလည်း စကားများရုံသာ။ နောက်ရက်ဆေးခန်းလိုက်ပြပေးမယ် ပြောသည်မှာ လွန်ခဲ့သော ငါးလခန့်ကတည်းက စကားပင်။ အမြဲမအားနေသော ခင်ပွန်းကို အေးကသာ နားလည်ပေးနေရသည်။ ငယ်စဉ်ကတည်းက ခေါင်းမာတတ်၊ မသွားချင်ရင် လုံးဝမသွားတတ်သူ။ သူ ဆေးခန်းလိုက်ပြပေးမှ သွားမည်ဆိုကာ ခေါင်းမာနေခဲ့သော အေးတစ်ယောက် ဝေဒနာက ပိုဆိုးလာသည်။ ခြေပစ်လက်ပစ်အိပ်ပျော်နေသောခင်ပွန်းကို ကြည့်ပြီး အေးအိပ်မပျော်တော့ပါ။ သားသမီးမွေးမပေးနိုင်ခြင်းကြောင့် အေးအပေါ် နွေးထွေးကြင်နာမှုလျော့လာလေသည်လား။ အေး သိပ်မက်သော ရွှေတွေ၊ စိန်တွေကလည်း ဘာမှအဓိပ္ပာယ်မရှိတော့သလို ခံစားရသည်။

(၃)

"ဟယ် မမ မမ။ ဘာဖြစ်လို့လဲ။ ယမင်းကိုတွဲပါ။ မမ သတိထားနော်"

ထမင်းစားပြီး ထိုင်ခုံကအထမှာ အေး ခေါင်းမူးကာ ယိုင်လဲမကျမီ ယမင်းဖြူက အပြေးလာတွဲသည်။ စိုးရိမ်စွာပြောသောစကားများက နွေးထွေးကြင်နာလှသည်။ အေးကို အိပ်ခန်းတွင်းတွဲပို့ပေးသည်။ အေး ခုတင်ပေါ်တက်မည်အလုပ်တွင် သွေးများဝေါခနဲ သွန်ပါတော့သည်။

"မမ အစ်ကိုကြီးကို ဖုန်းဆက်လိုက်ပါလား။ ဆေးခန်းသွားမှဖြစ်မယ်။ နှုတ်ခမ်းတွေဖြူနေတယ် သတိထားနော်မမ"

ဖျာယာခတ်လျက် အေးကို လုံချည်လဲပေး၊ အခန်းတွင်းညစ်ပေနေသော သွေးများကို မရွံ့မရှာ ဆေးကြောသန့်ရှင်းပေးနေသော ယမင်းဖြူ၏မျက်နှာလေးက စိုးရိမ်စိတ်အပြည့်။

"ဟယ်လို ကိုရေ။ အေး အခုသွေးတွေသွန်နေတယ်။ အခုပြန်လာပေးပါ၊ ဆေးရုံလိုက်ပို့ပါ"

"ဟာကွာ။ ဒီမှာ ဝယ်လက်လောပန်းနဲ့ချိန်းထားတာ။ အခု ကားလွှတ်လိုက်မယ်။ ဆေးရုံသွား။ ကိုယ် ညနေမှ လာခဲ့မယ်"

ခန္ဓာကိုယ်အောက်ပိုင်းက သွေးများသွန်နေသလို အေး၏မျက်ဝန်းမှမျက်ရည်များလည်းစီးကျလာသည်။

"မမ မမ သတိထားနော်။ ဆေးရုံသွားဖို့လိုမယ်ထင်တဲ့ အသုံးအဆောင်တွေ ညီမလေးထည့်ပြီးပြီ။ ကားလာတာနဲ့သွားမယ်နော်"

"တုတ်တုတ်ရေ။ ဓာတ်ဘူးထဲ ရေနွေးထည့်။ အိမ်တံခါးတွေသေချာပိတ်နော်။ မြန်မြန်လုပ် ကားလာတာနဲ့ သွားရအောင်"

အေးစက်စက်ယမင်းဖြူက အေးကို စိတ်ပူစွာ ဖေးမပေးကာ သွက်လက်နေသည်။ ကိုနိုင်းတွမ်လွှတ်ပေးလိုက်သောကားဖြင့် အထူးကုဆေးရုံသွားခဲ့ကြသည်။

(၄)

သားအိမ်နံရံများထူနေသဖြင့် သွေးသွန်ခြင်းဖြစ်ကြောင်းနှင့် သားအိမ်ကင်ဆာဖြစ်နိုင်ခြေရှိ၍ ထုတ်ပစ်သင့်ကြောင်း ဆရာဝန်ကပြောသည်။ အေး သားအိမ်ထုတ်ပြီး ဆေးရုံတက်နေရစဉ်အတွင်း ယမင်းဖြူက မအိပ်မနေ အနားမှာနေ၍ပြုစုသည်။

"မမ ကြက်စွပ်ပြုတ်ပူပူလေးသောက်နော်။ ဘာမှမတွေးနဲ့။ အစ်ကိုကြီးကမအားလို့ မလာတာနေမှာပါ။ ညီမလေးရှိတယ်လေနော်မမ"

လူကြီးလေးတစ်ယောက်ကဲ့သို့ အေးကို အားပေးနှစ်သိမ့်နေသော ယမင်းဖြူ၏စကားများကြောင့် အေးနှလုံးသား နူးညံ့လာသည်။ ကိုနိုင်းတွမ်က အေး ခွဲစိတ်ခန်းဝင်သည့်နေ့တစ်ရက်သာ ဆေးရုံသို့လာသည်။ နောက်ရက်များတွင် အလုပ်မအားဟုဆိုကာ မလာတော့ပါ။ မနားမနေ အေးကိုပြုစုပေးသော ယမင်းဖြူ အနည်းငယ်ပိန်သွား၍ အေးစိတ်မကောင်းဖြစ်မိသည်။ အေး ဆေးရုံမှဆင်းသည့်နေ့တွင်လည်း ကိုနိုင်းတွမ် ရောက်မလာခဲ့ပါ။ ကားငှား၍ အိမ်ပြန်ခဲ့ရသည်။

(၅)

"တုတ်တုတ် မမစားဖို့အတွက်ကို ယမင်းပဲချက်မယ်။ မမကို မတည့်တာကျွေးလို့မဖြစ်ဘူး"

အေးကို အရိပ်တကြည့်ကြည့်နှင့် ယမင်းဖြူက ကြင်နာသလောက် ကိုနိုင်းတွမ်က လျစ်လျူရှုသည်။ ညပင် ပြန်အိပ်ချင်မှ အိပ်တော့သည်။ ပိုက်ဆံများ မကြာခဏပြန်တောင်းသည်။ အရောင်းအဝယ်က အရှုံးပေါ်သည်ဟုပြောသည်။ နေမကောင်းချိန်တွင် ခင်ပွန်းသည်၏ ဂရုစိုက်ကြင်နာခြင်းမရသဖြင့် ဝမ်းနည်းအားငယ်မိသည်။ ရင်ထဲတွင် နာကျင်စွာခံစားရသည်။

"မမ ဆေးသောက်နော်။ တစ်ရေးအိပ်လိုက်အုံး။ မမ မျက်နှာလေး ပြန်ပြည့်လာပြီ။ ညီမလေးကလေ ငယ်ငယ်ကတည်းက မမဓာတ်ပုံလေးကြည့်ကြည့်ပြီး မမကို ချစ်လိုက်တာ။ မမဆီပို့ပေးပါဆိုတော့ ဖေဖေကပြောတယ်။ မမတို့သားအမိက မာနကြီးတယ်တဲ့။ အတွေ့ခံမှာ မဟုတ်ဘူးတဲ့။ ဖေဖေဆုံးပြီး ညီမလေးကို ခေါ်ထားပေးလို့ မမကို တကယ်ကျေးဇူးတင်ပါတယ်"

စာမျက်နှာ ၂၅သို့ ➤

# ပွင့်ဖြူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ သီးနှံစုံဧက ၇၆၁၇၀ စိုက်ပျိုးပြီးစီး



**ပွင့်ဖြူ ဇန်နဝါရီ ၁၇**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ သီးနှံစုံဧက ၇၆၁၇၀ စိုက်ပျိုးပြီးစီးသွားပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြ၍ သိရသည်။

ပွင့်ဖြူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ သီးနှံစုံ ၈၇၃၁၁ ဧကစိုက်ပျိုးရန်လျာထားပြီး ၂၀၂၂ ခုနှစ် အောက်တိုဘာလက စတင်စိုက်ပျိုးခဲ့ရာ ဇန်နဝါရီ ၁၆ ရက်ထိ သီးနှံစုံဧက ၇၆၁၇၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ပွင့်ဖြူမြို့နယ်အတွင်း သီးနှံစုံဧက ၈၇၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားတယ်။ ဇန်နဝါရီ ၁၆ရက်ထိ သီးနှံစုံဧက ၇၆၁၇၀ စိုက်ပျိုးပြီးစီးသွားပြီဖြစ်တယ်။ ပွင့်ဖြူမြို့နယ်မှာ ဆောင်းသီးနှံစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးချဲ့စိုက်ပျိုးနိုင်တဲ့အနေအထားလဲရှိတယ်။ ဒီနှစ်ဆိုရင် ဆောင်းသီးနှံတွေ တိုးချဲ့စိုက်ပျိုးနိုင်ခဲ့ပါတယ်"ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြသည်။

ပွင့်ဖြူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးပြီးစီးမှုအနေဖြင့် ပဲမျိုးစုံ သီးနှံ ၃၉၆၄၉ ဧက၊ ဆီထွက်သီးနှံ ၂၂၁၈၃ ဧက၊ စားဖိုဆောင်သီးနှံ ၄၃၂၃ ဧက၊ ဖူးစားပြောင်းသီးနှံ ၂၀၄၈ ဧက၊ ကွဲ၊ နွားတိရစ္ဆာန်အစာပင် ၇၄၂၅ ဧက၊ အခြားသီးနှံ ၅၄၂ ဧက စုစုပေါင်းဧက ၇၆၁၇၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ပွင့်ဖြူမြို့နယ်အတွင်း ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ သီးနှံစုံစိုက်ပျိုးထုတ်လုပ်မှုကဏ္ဍတိုးတက်မြင့်မားစေရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဒေသခံတောင်သူများကို မျိုးကောင်းမျိုးသန့်ရွေးချယ်စိုက်ပျိုးရေး၊ သိပ္ပံနည်းကျစိုက်နည်းစနစ်များလိုက်နာကျင့်သုံးရေး၊ သဘာဝဓာတ်မြေဩဇာနှင့် ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲတတ်စေရေး၊ သီးနှံပိုးမွှားရောဂါကြိုတင်ကာကွယ်ရေး နည်းလမ်းများကို အသိပညာပေး ဆောင်ရွက်ထားရှိကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# မိုင်းရယ်မြို့နယ် နောင်မိုကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှု စစ်ဆေး

**မိုင်းရယ် ဇန်နဝါရီ ၁၇**

ရှမ်းပြည်နယ် (မြောက်ပိုင်း) တန့်ယန်းခရိုင် မိုင်းရယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နောင်မိုကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တန့်ယန်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးတင်အောင်လွင်နှင့် တာဝန်ရှိသူများက ကျေးရွာကုန်ထုတ်လမ်းကော်မတီဝင်များနှင့်အတူ နောင်မိုကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးတင်အောင်လွင်က လမ်းရေရှည်တည်တံ့စေရေး ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း မှာကြားခဲ့သည်။

မိုင်းရယ်မြို့နယ် နောင်မိုကျေးရွာ၌ ကုန်ထုတ်လမ်းအရှည်တစ်မိုင်၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မရှိ ဖြုန်းကျောက်ခင်းခြင်းလုပ်ငန်းကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနခွင့်ပြုရန်ပုံငွေကျပ် ၃၉ ဒသမ ၆ သန်းဖြင့် သပြေငြိမ်းကုမ္ပဏီက ၂၀၂၂ ခုနှစ် ဇူလိုင်လဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်၍ ကျေးရွာရှိ အိမ်ခြေ ၄၈၇ အိမ်၊ လူ ၂၀၉၄ ဦးတို့၏ စိုက်ပျိုးမြေများမှထွက်ရှိသော သီးနှံများ ဈေးကွက်သို့ ကုန်ကျစရိတ်သက်သာစွာဖြင့် သယ်ယူပို့ဆောင်နိုင်ပြီဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဦးတင်အောင်လွင်ထံမှ သိရသည်။

**ဖြိုးထက်အောင်(ပျော်ဘွယ်)**



➤ စာမျက်နှာ ၂၄မှအဆက်

ဘယ်အချိန်ကာလကတည်းက အေးကို စကားတွေ အများကြီးပြောချင်နေလဲမသိ။

"အေးပါ။ ယမင်းလဲနားအုံး မမကိုပြုစုနေရတာ ပင်ပန်းနေပြီ"

"မပင်ပန်းပါဘူးမမရဲ့။ ညီမလေး တအားကိုစိတ်ပူမိတာ။ မမနေကောင်းလာလို့ ဝမ်းသာတယ်။ မမက ညီမလေးကို ညီမလေးလို့ သတ်မှတ်ပေးရင်တော့ ဘယ်လောက်ထိပျော်မိမလဲမသိဘူး အဟီး"

ပြောပြီး အခန်းထဲကထွက်သွားသော ယမင်းဖြူလေးက သိပ်ကို အပြစ်ကင်းလှသည်။ ဖေဖေ့ကို အေးတို့ဘဝထဲက ဆွဲထုတ်သွားသော သူ့အမေကို မုန်းသည့်စိတ်ဖြင့် ယမင်းဖြူကို စကားပင် တူတူတန်တန်မပြောခဲ့မိ။ ညီမလေးလို့ ဖွဖွလေးခေါ်ကြည့်မိရင်း အေး အိပ်ပျော်သွားသည်။

"အမယ်လေး လွတ်လွတ် အူး ဝူး ဝူး"

အသံကြားမိသည်နှင့် အေးလန့်နိုးပြီ။ ပူထူသွားသောအသိနှင့် ယမင်းဖြူအိပ်ခန်းဆီ ပြေးမိသည်။

"ကဲ. . ."

ယမင်းဖြူပါးစပ်ကို လက်ဖြင့်ပိတ်ကာ အုပ်စီးနေသောကိုနိုင်းတွမ်ခေါင်းကို မှန်တင်ခုံပေါ်က သနပ်ခါးတုံးကိုယူပြီး ထုချလိုက်သည်။

"အား"

"ရှင် အပြင်မှာ ကြိုက်သလောက်ရှုပ်။ ငါ့ညီမကို ဒီလိုလာမလုပ်နဲ့"

"ဘာကွ။ ဒီလိုဟာမလေးမျိုးကို ငါခြေတော်တင်တော့ ဘာဖြစ်လဲ။ မင်းအဲဒီလောက်နာစရာလား"

"ရှင် လူစိတ်မရှိဘူးလား။ အပြင်မှာ ကျေနပ်သူနဲ့အပျော်ရှာ။ သူများသမီးပျိုကို မဖျက်ဆီးရဘူး။ ဒါငါ့ညီမ။ အဖေတူညီမ။ ရှင့်ကို တရားစွဲမယ်"

"ဟာ အဲဒီလိုတော့မလုပ်နဲ့အေးရယ်။ ကိုယ်မှားပါတယ်။ ကိုယ်တောင်းပန်ပါတယ်"

"တောင်းပန်တိုင်း ကျေနပ်ရမယ်ဆိုရင် ရှင်တို့လို ကျားဆိုးတွေက လွယ်ရင်လွယ်သလို သောင်းကျန်းနေမှာပေါ့။ လုံးဝခွင့်မလွှတ်ဘူး။ အမှုဖွင့်မယ်"

မူးရူးနေသော ကိုနိုင်းတွမ်ခေါင်းမှသွေးများစီးကျလျက် အိမ်ပေါ်မှ ပြေးဆင်းသွားသည်။

"မမလုမ်းခေါ်ရင် မကြားမှာစိုးလို့ အခန်းတံခါးမပိတ်တာ။ တုတ်တုတ်က သူ့အမေနေမကောင်းလို့ ခဏပြန်သွားတာ။ မေ့ခနဲအိပ်ပျော်သွားတုန်း အခုလိုဖြစ်ရတာ မမရယ် အဟင့် ဟင့်"

အေးကိုဖက်ကာ ကြောက်ရွံ့တုန်ယင်စွာငိုနေသော ယမင်းဖြူလေးက သနားစရာ။

"တိတ်ပါညီမလေးရယ်။ ညီမလေးတက်ချင်တဲ့ အလှပြင်သင်တန်းလဲ မမထားပေးမယ်နော်။ တိတ် တိတ် မမရှိတယ်"

"အို. . . မမ မမက ညီမလေးလို့ခေါ်တယ်။ ညီမလေးပျော်လိုက်တာ" မျက်ရည်များနှင့် ပျော်ရွှင်သွားသော ညီမလေးကို အေး တင်းကျပ် စွာဖက်ထားလိုက်ပြီး သွေးဆိုတာ ရေထက်များစွာပျစ်ကြောင်း နားလည်ပါသည်။

# အနန္တဂိုဏ်းဝင် အို မိခင်

\- စန္ဒာလဝန်း ငွေရောင်ရွှန်းသို့
ထွန်းလင်းမျက်နှာ အေးမြသာသည်
မာတာမိခင် ရှုပါသွင်။

\- ဂမုန်းသဇင် ပန်းတော်ဝင်သို့
ဂုဏ်အင်ထူးကဲ ဝင့်ထည်မြသည်
မြင့်ဆဲမြင်းမိုရ် ကျေးဇူးပိုမို
ငါးထိုအနန္တ နှိုင်းတုရသည့်
မြတ်စွဂိုဏ်းဝင် အိုမိခင်။

\- စိမ့်စမ်းရေကြည် အေးမြသည်သာ
ရွှင်တည်မေတ္တာ ဂုဏ်မဟာကြောင့်
သွင်ရှာပြောင်းလစ် သွေးအစစ်မှာ
အနှစ်ဖြူဖွေး နို့ချိုအေးဖြင့်
ပိုက်ထွေးယုယ ရှုမဝစွာ
ထွန်းစနေဝန်း ရောင်ခြည်သွန်းသို့
ချစ်လွှန်းဝေဆာ မိမာတာ။

\- မကောင်းမြစ်တား ဝတ်ငါးပါးနှင့်
သမီးသားအတွက် သွေးအသက်ဆက်
ပေးအပ်ခဲ့ပေ မွေးမေမေသည်
မသွေနှောင်ထုံး ပျက်မပြုန်းဘဲ
ချစ်ကုံးသီရှာ ဤကမ္ဘာမှာ
ပြိုင်လာစံရှား လူစွမ်းကားမို့
ရေးသားခွန်းသီ စာမပိနိုင်
ပန်းချီခြယ်သ မှုန်းမရနိုင်
မှန်စွမိခင် တန်ခိုးရှင်။ ။

**နခန့်ယဉ်(ရစ်ကန်ကြီး)**

# သပိတ်ကျင်းမြို့နယ် ညောင်ပင်သာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**သပိတ်ကျင်း ဇန်နဝါရီ ၁၇**

မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းခရိုင် သပိတ်ကျင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ညောင်ပင်သာကျေးရွာအတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေအဋ္ဌမအကြိမ် ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်သည်။

ရှေးဦးစွာ သပိတ်ကျင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်စိုးက မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျှော့ချစေရန်နှင့်တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ အခြားမိသားစုဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများကို ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် သပိတ်ကျင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သီသီအောင်၊ စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များနှင့်အတူ ညောင်ပင်သာကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၁၇ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၂ ဦး၊ စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၂၉ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၅၇၂ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

သပိတ်ကျင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှစတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ကျေးရွာပေါင်း ၃၄ ရွာ၌ စီမံကိန်းရန်ပုံငွေများဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်သီသီအောင်က ပြောပြ၍ သိရသည်။ **မင်းမြင့်မိုရ်**

# ချောင်းသာကမ်းခြေသို့ ဇန်နဝါရီ ၁ ရက်မှ ၁၅ ရက်ထိ ပြည်တွင်း၊ ပြည်ပခရီးသွား ၁၁၅၅၅ ဦး လာရောက်လည်ပတ်



**ပုသိမ် ဇန်နဝါရီ ၁၇**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ပုသိမ်မြို့နယ်ရှိ ချောင်းသာကမ်းခြေသို့ ဇန်နဝါရီ ၁ ရက်မှ ၁၅ ရက်ထိ ပြည်တွင်း၊ ပြည်ပ ခရီးသွားဧည့်သည် ၁၁၅၅၅ ဦး လာရောက်လည်ပတ်ခဲ့ကြောင်း ပုသိမ်မြို့နယ် ခရီးသွားလုပ်ငန်းအသင်းမှ သိရသည်။

ချောင်းသာကမ်းခြေသို့ ဇန်နဝါရီ ၁ ရက်မှစ၍ ပြည်တွင်း၊ ပြည်ပ ခရီးသွားများ လာရောက်လည်ပတ်ရာ ဇန်နဝါရီ ၄ ရက်က ကျရောက်သည့်(၇၅) နှစ်မြောက် စိန်ရတု လွတ်လပ်ရေးနေ့တွင် ပြည်တွင်းခရီးသွား အများဆုံးဖြစ်ကြောင်း၊ ဇန်နဝါရီ ၁၅ ရက်ထိ ပြည်တွင်း၊ ပြည်ပ ခရီးသွား ၁၁၅၅၅ ဦး လာရောက်လည်ပတ်ခဲ့ကြကြောင်း သိရသည်။

"ဒေသခရီးသွား လုပ်ငန်းတွေက အရင်နှစ်တွေထက် တိုးတက်လာတာတွေ့ရပါတယ်။ ခရီးသွားဧည့်သည်တွေ သွားတာ၊ လာတာများတော့ ခရီးသွားလုပ်ငန်းနဲ့ ဆက်စပ်တဲ့ လုပ်ငန်းတွေလဲ အဆင်ပြေလာတာ တွေ့ရတယ်။ ဇန်နဝါရီ ၁ ရက်ကနေ ၁၅ ရက်ထိ ချောင်းသာကမ်းခြေကို ခရီးသွားဧည့်သည်တွေ သောင်းနဲ့ချီလာရောက်လည်ပတ်ခဲ့ပါတယ်။ ဧည့်သည်တွေက (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့လဲဖြစ်တဲ့ ဇန်နဝါရီ ၄ ရက်က အများဆုံးလာရောက်လည်ပတ်ခဲ့တာကို တွေ့ရပါတယ်။ ချောင်းသာကမ်းခြေကို လာတဲ့ ခရီးသွား ဧည့်သည်တွေထဲမှာ ရန်ကုန်နဲ့ နေပြည်တော်ဘက်က များပါတယ်"ဟု ပုသိမ်မြို့နယ် ခရီးသွားလုပ်ငန်းအသင်းမှ ဧည့်လမ်းညွှန်တာဝန်ခံ ဒေါ်ကေကေခိုင်က ပြောပြသည်။

ချောင်းသာကမ်းခြေသို့ လာရောက်လည်ပတ် အပန်းဖြေသည့် ခရီးသွားဧည့်သည်များ လာရောက်သဖြင့် ခရီးသွားလုပ်ငန်းများနှင့် ဆက်စပ်သည့်ဟိုတယ်လုပ်ငန်းများ၊ မော်တော်ဘုတ်လုပ်ငန်းများ၊ မြင်းငှားလုပ်ငန်းများ၊ စားသောက်ဆိုင်လုပ်ငန်းများ၊ ဧည့်လမ်းညွှန်လုပ်ငန်းများ၊ အမှတ်တရပစ္စည်းရောင်းချသည့်လုပ်ငန်းများ၊ ပင်လယ်စာသီးသန့်ရောင်းသည့် လုပ်ငန်းများ၊ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်၊ သုံးဘီးဆိုင်ကယ်အငှားလိုက် လုပ်ငန်းများ စသည့်လုပ်ငန်းများ အဆင်ပြေလာကြောင်း ပုသိမ်မြို့နယ် ခရီးသွားလုပ်ငန်းအသင်းမှ သိရသည်။ **ကျော်ကျော်လင်း**

# သံတောင်ကြီးမြို့နယ် ကဆောပလို(အလယ်)ကျေးရွာ၌ ဘက်စုံသုံးခန်းမတည်ဆောက်နေမှု စစ်ဆေး

**သံတောင်ကြီး ဇန်နဝါရီ ၁၇**

ကရင်ပြည်နယ် သံတောင်ကြီးခရိုင် သံတောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ပံ့ပိုးရန်ပုံငွေ၊ ကျေးရွာပြည်သူ လုပ်အား၊ ငွေအားထည့်ဝင်မှုတို့ဖြင့် ကဆောပလို(အလယ်)ကျေးရွာ၌ ဘက်စုံသုံးခန်းမ တည်ဆောက်ခြင်းလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်နေမှုကို ယနေ့နံနက် ၉ နာရီက တာဝန်ရှိသူများကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သံတောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးချမ်းငြိမ်းဝင်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ကဆောပလို(အလယ်)ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP) ပံ့ပိုးရန်ပုံငွေ၊ ကျေးရွာနေပြည်သူထည့်ဝင်ငွေတို့ဖြင့် ဘက်စုံသုံးခန်းမ တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးပြည့်မီအောင် ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ကဆောပလို(အလယ်)ကျေးရွာ၌ အလျားပေ ၃၀၊ အနံ ၂၄ ပေ၊ အမြင့် ၁၂ ပေရှိ ကျေးရွာဘက်စုံသုံးခန်းမ တည်ဆောက်ခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၀၀၊ ကျေးရွာနေပြည်သူများ၏ လုပ်အား၊ ငွေအားထည့်ဝင်မှုတို့ဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၈၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **သူသူ**

# အင်္ဂပူမြို့နယ် ချင်းကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**အင်္ဂပူ ဇန်နဝါရီ ၁၇**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် အင်္ဂပူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ လူနေမှုအဆင့်အတန်းမြင့်မားလာစေရန်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားမိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ချင်းကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်သည်။

ရှေးဦးစွာ အင်္ဂပူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇေမင်းမင်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့်တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းနှင့် အခြားမိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။



ဆက်လက်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးလက်နေပြည်သူများ လိုက်နာရမည့်တာဝန်များ၊ ရပိုင်ခွင့်များ၊ ပြစ်မှုနှင့်ပြစ်ဒဏ်များကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၁၉ ဒသမ ၆ သန်းကို ကျေးရွာကော်မတီဝင်များထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း ကော်မတီဝင်များက ချင်းကုန်းကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၂၇ ဦးကို ငွေကျပ် ၁၃ ဒသမ ၅၅ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ခုနစ်ဦးကို ငွေကျပ် ၁ ဒသမ ၁၅ သန်း၊ ကုန်ထုတ်လုပ်ငန်းလုပ်ကိုင်သူ ငါးဦးကို ငွေကျပ် ၁ ဒသမ ၃ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၃ ဦးကို ငွေကျပ် ၃ သန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ တစ်ဦးကို ငွေကျပ် သုည ဒသမ ၃ သန်း၊ ရေလုပ်ငန်းလုပ်ကိုင်သူ နှစ်ဦးကိုငွေကျပ်သုည ဒသမ ၃သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **သံသာ**

# တောင်ကြီးမြို့နယ် ကုန်းမုန့်ကျေးရွာ၌ စိုက်ပျိုးရေးပညာပေးသင်တန်းဖွင့်

**တောင်ကြီး ဇန်နဝါရီ ၁၇**

ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးခရိုင် တောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနတို့ပူးပေါင်း၍ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု စိုက်ပျိုးရေးပညာပေး သင်တန်းဖွင့်ပွဲကို ဇန်နဝါရီ ၁၆ ရက် နံနက်ပိုင်းက သံတဲကျေးရွာအုပ်စု ကုန်းမုန့်ကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တောင်ကြီးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ဝင်းစန္ဒာက စိုက်ပျိုးရေးပညာပေးသင်တန်း ဖွင့်လှစ်ပေးရခြင်း၏ ရည်ရွယ်ချက်များနှင့်အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားကြောင်း သိရသည်။

ထို့နောက် တောင်ကြီးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်စိုးစံထိုက်က သင်တန်းတွင် သင်ကြားပို့ချမည့် စိုက်ပျိုးရေးဆိုင်ရာ ပညာပေးသင်ခန်းစာများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသည့် ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက စိုက်ပျိုးရေးဆိုင်ရာ ပညာပေးလက်ကမ်းစာစောင်များနှင့် သင်ထောက်ကူပစ္စည်းများကို သင်တန်းသား၊ သင်တန်းသူများထံ လွှဲပြောင်းပေးအပ်သည်။

အဆိုပါ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု စိုက်ပျိုးရေးပညာပေးသင်တန်းသို့ တောင်ကြီးမြို့နယ်အတွင်းရှိ ကန်တုန့်ကျေးရွာ၊ သံသေကျေးရွာ၊ သံလွန်းကျေးရွာ၊ သံတဲကျေးရွာနှင့် ကုန်းမုန့်ကျေးရွာတို့မှ သင်တန်းသား၊ သင်တန်းသူ ဦးရေ ၂၀ တက်ရောက်ကြပြီး သင်တန်းတွင် GAP စိုက်ပျိုးနည်း၊ အီးအမ်ဘိုကာရှီ မြေဩဇာပြုလုပ်သုံးစွဲနည်း၊ နေကြာစိုက်ပျိုးနည်းစနစ်နှင့်မျိုးစေ့ဥပဒေများ၊ အာလူး၊ ပြောင်းစိုက်ပျိုးနည်းစနစ်များ စသည့် စိုက်ပျိုးရေးဆိုင်ရာ ဘာသာရပ်များနှင့် နည်းစနစ်မှန်ကန်သော စိုက်ပျိုးရေး နည်းလမ်းများကို ကျွမ်းကျင်နည်းပြများက ဇန်နဝါရီ ၁၆ ရက်မှ ၂၂ ရက်ထိ စာတွေ့၊ လက်တွေ့ ခုနစ်ရက်ကြာ အခမဲ့ သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်ဝင်းစန္ဒာထံမှ သိရသည်။

**မောင်ခိုင်**

# ဝက်လက်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ ဧက ၃၀၁၅၀ စိုက်ပျိုးပြီးစီး

**ဝက်လက် ဇန်နဝါရီ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ ဧက ၃၀၁၅၀ စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဝက်လက်မြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ကုလားပဲ ၅၆၃၄၁ ဧက စိုက်ပျိုးရန် လျာထားပြီး ၂၀၂၂ ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ဧက ၃၀၁၅၀ စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

"ဝက်လက်မြို့နယ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ကုလားပဲ ဧက ၅၀၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားတယ်။ ဒီနေ့ထိ ဧက ၃၀၀၀၀ ကျော်စိုက်ပြီးပြီ။ ကျန်ဧကတွေကိုလဲ ဆက်လက်စိုက်ပျိုးနေကြပါတယ်။ ကုလားပဲစိုက်ပျိုးရာမှာလဲ ဒေသနဲ့ကိုက်ညီတဲ့ အထွက်နှုန်း ကောင်းတဲ့မျိုးတွေ ပြောင်းလဲစိုက်ပျိုးဖို့ ဆောင်ရွက်လျက်ရှိပါတယ်"ဟု ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြသည်။

ဝက်လက်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံသီးနှံ စိုက်ပျိုးရာ အထွက်နှုန်းနှင့်အရည်အသွေး ကောင်းမွန်ရေးအတွက် လိုအပ်သည့် မျိုးကောင်းမျိုးသန့်များ၊ သွင်းအားစုများ၊ ရိတ်သိမ်းချိန်လွန် နည်းပညာပေးခြင်းလုပ်ငန်းများကို တောင်သူများနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက တာဝန်ရှိသူများပူးပေါင်း၍ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဝက်လက်မြို့နယ်တွင် ကုလားပဲ တစ်ဧကစိုက်ပျိုးပါက ငွေကျပ် ၃၀၀၀၀၀ ကျော်ကုန်ကြပြီး တစ်ဧကလျှင် ၁၉ တင်းခန့်ထွက်ရှိကြောင်း ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ (၂၀၆)

စာအုပ်စာပေ လူ့မိတ်ဆွေ

# စိတ်ကူးအိပ်မက်များကို လက်တွေ့အကောင်အထည်ဖော်ဆောင်ကြပါစို့

လူတိုင်းလူတိုင်းတွင် စိတ်ကူးအိပ်မက်များရှိတတ်ကြပေသည်။ တချို့က ထိုအိပ်မက်များကို လက်တွေ့အကောင်အထည်ဖော်နိုင်ပြီး ဘဝနှင့်စိတ်ကူးတစ်ထပ်တည်းဖြစ်အောင် တည်ဆောက်နိုင်ကြသည်။ တချို့ကျတော့လည်း ငယ်ငယ်က စိတ်ကူးခဲ့သည့်အိပ်မက်များကို လက်လွှတ်ပြီး အဆင်ပြေသလို ဘဝကိုရှုန်းကန်ကြရပေသည်။ ကျွန်တော်တို့ငယ်ငယ်က "သားလေးကြီးလာရင် ဘာလုပ်မလဲ"ဟု လူကြီးမိဘများကမေးလျှင် ဆရာဝန်ကြီးလုပ်မည်၊ အင်ဂျင်နီယာကြီးလုပ်မည်၊ စစ်ဗိုလ်ကြီးလုပ်မည် စသည်ဖြင့် ဖြေတတ်ကြသည်။ လူကြီးများက သင်ထားခြင်းဖြစ်နိုင်သလို မိမိအိပ်မက်ကို အမှန်တိုင်းပြောခြင်းလည်း ဖြစ်နိုင်ပါသည်။ ဘယ်လိုပဲဖြစ်ဖြစ် လက်တွေ့ဘဝတွင်တော့ ငယ်ငယ်က ဖြေခဲ့သည့်အတိုင်း ဆရာဝန်၊ အင်ဂျင်နီယာ၊ စစ်ဗိုလ်များဖြစ်ခဲ့သည်တော့မဟုတ်ပေ။ မိမိရည်ရွယ်ချက်ပန်းတိုင်အိပ်မက်ကို ခိုင်မာသော ဇွဲ၊ လုံ့လတို့ဖြင့် ကြိုးစားသောကလေးငယ်တချို့သာလျှင် အောင်မြင်မှုကိုရရှိခဲ့ကြပေသည်။ ဘဝဆိုသည်မှာလည်း ထိုသို့ရည်ရွယ်ချက်ရှိရှိဖြင့် ကျော်ဖြတ်ရမည့်ခရီးရှည်ကြီးတစ်ခုဖြစ်သည်။

ဘဝဆိုသည်မှာ တောနက်ခရီးတစ်ခုကို သွားရသည်နှင့်အလားတူ၏။ တောနက်ခရီးတစ်ခုကိုသွားသောသူသည် မထင်မှတ်သောအချိန်တွင် မထင်မှတ်သော သားရဲတို့၏ဘေးအန္တရာယ်ကို အချိန်မရွေးကြုံတွေ့နိုင်ပေသည်။ အန္တရာယ်ရှိမှန်းသိပါလျက်ကြိုတင်ပြင်ဆင်မထားသူများသည် ဒုက္ခရောက်ကြရပေမည်။ ဘဝခရီးဆိုသည်မှာလည်း ထိုသို့ဖြစ်ပေ၏။ အခက်အခဲများ အချိန်မရွေး တွေ့နိုင်ပေသည်။ ထိုအခက်အခဲများကိုရင်ဆိုင်နိုင်ရန် ပြင်ဆင်မထားသည့်သူများသည် မိမိတို့ဖြစ်ချင်သော အိပ်မက်ပန်းတိုင်နှင့် ဝေးကွာသွားကြရသည်။ ဘဝကိုဖြစ်သလိုဖြန်သန်းကြရပေတော့သည်။ ဘဝကို ရည်ရွယ်ချက်ရှိရှိဖြင့် ကျော်ဖြတ်ပြီး မိမိအိပ်မက်ပန်းတိုင်တစ်ခုတည်းကိုသာ ကြိုးစားသောသူသည် အခက်အခဲများကို သတ္တိရှိရှိဖြင့် ရင်ဆိုင်နိုင်ပေသည်။ အကြောင်းကား "ငါဖြစ်ကိုဖြစ်ရမယ်"ဆိုသည့် အိပ်မက်တစ်ခုရှိနေသောကြောင့်ဖြစ်၏။ ထို့ကြောင့် အောင်မြင်လိုသောသူသည် မိမိဖြစ်ချင်သည့် အိပ်မက်တစ်ခုမဖြစ်မနေကို ရှိနေရပေမည်။ ဤနေရာတွင် အိပ်မက်များကို အကောင်ထည်ဖော်လိုသည့်သူများအတွက် မဖြစ်မနေရှိသင့်သောအချက်အလက်များကို ဖော်ပြသွားပါမည်။

အောင်မြင်ကျော်ကြားလိုသောသူအတွက် ပြည့်စုံရမည့်အချက်တစ်ချက်မှာ မိတ်ကောင်းဆွေကောင်းဖြစ်သည်။ မိတ်ကောင်းဆွေကောင်းမရှိလျှင် အောင်မြင်မှုရနိုင်မည်မဟုတ်ချေ။ မိမိတို့အိပ်မက်ကိုလည်း အကောင်အထည်ဖော်နိုင်မည်မဟုတ်ပေ။ မိတ်ဆွေကောင်းသည် များစွာအထောက်အကူပြုပေသည်။ မိတ်ဆွေကောင်းသည် မိမိမှားနေလျှင် အမှန်ကိုပြုပြင်ပေးနိုင်သလို မိမိမှန်နေရင်လည်း အားပေးချီးမြှောက်နိုင်ပေသည်။ ကမ္ဘာပေါ်ရှိ အောင်မြင်ကျော်ကြားသူတို့၏အကြောင်းကို လေ့လာလျှင် အခက်အခဲဒုက္ခများကို ကျော်ဖြတ်ပြီးမှသာ အောင်မြင်မှုရရှိခဲ့ခြင်းဖြစ်သည်။ ထိုအခက်အခဲဒုက္ခများကို ရင်ဆိုင်ကျော်ဖြတ်ရာတွင် မိတ်ဆွေကောင်းတို့၏ ကူညီဖေးမမှုများကိုလည်း တွေ့ရမည်ဖြစ်သည်။ စစ်မှန်သော မိတ်ဆွေကောင်းမရှိလျှင် အောင်မြင်မှုဆိုသည်မှာ ရှိနိုင်မည်မဟုတ်ပေ။ မိတ်ဆွေကောင်းဆိုသည်မှာ မိမိချော်လဲလျှင် တွဲထူပေးတတ်သလို မိမိအောင်မြင်မှုရလျှင်လည်း လက်ခုပ်တီးအားပေးရန် ဝန်မလေးတတ်သူမျိုးဖြစ်သည်။

အိပ်မက်များကို လက်တွေ့အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသည့်အခက်အခဲများသည် ကြမ်းတမ်းလှ၏။ ထိုကြမ်းတမ်းလှသောအခက်အခဲများစွာကို မိမိတစ်ယောက်တည်း ရင်မဆိုင်နိုင်သည့်အခါ မိတ်ဆွေကောင်းများ၏ အကူအညီကို ရယူကြရပေသည်။ ၎င်းတို့၏စောင့်ရှောက်မှုကိုလည်း မိမိကတန်ဖိုးထားတတ်ရန်လိုပေသည်။ တချို့မှာ မိတ်ဆွေများ၏အကူအညီဖြင့် အောင်မြင်မှုရသွားတတ်ကြသည်။ မိမိအောင်မြင်လာသည့်အခါမျိုးတွင် ပခုံးထမ်းတင်ပေးခဲ့ကြသော မိတ်ဆွေများကို မေ့သွားတတ်ကြပေသည်။ ထိုကဲ့သို့ ဘဝမြင့်အောက်ခြေလွတ်သွားသောသူများ၏ အောင်မြင်မှုသည် ရေရှည်တည်တံ့မှုမရှိတတ်ပေ။ ကောက်ရိုးမီးပမာ ခဏလေးနှင့် ကွယ်ပျောက်သွားတတ်ကြ၏။ မိမိအောင်မြင်မှုရေရှည်တည်တံ့နိုင်ရန် မိတ်ဆွေကောင်းများကို တန်ဖိုးထားကြရပေမည်။ သို့မှသာ မိမိတို့အိပ်မက်ကိုလည်း အကောင်အထည်ဖော်နိုင်ပြီး အောင်မြင်မှုကိုလည်း ရေရှည်တည်တံ့အောင် ထိန်းသိမ်းထားနိုင်မည်ဖြစ်ပေသည်။

အိပ်မက်များကို အကောင်အထည်ဖော်လိုသောသူ၏ ပြည့်စုံရမည့် အချက်ထဲတွင် လုံ့လဝီရိယရှိရန်လည်း လိုအပ်ပေသည်။ လုံ့လဝီရိယမရှိလျှင် မည်သည့်အလုပ်ကိုပင်လုပ်လုပ် အောင်မြင်နိုင်မည်မဟုတ်ပေ။ လုံ့လဝီရိယသည် အောင်မြင်သောသူတို့၏ အဓိကသော့ချက်တစ်ခုဖြစ်ပေသည်။ ကြိုးစားအားထုတ်မှုမရှိဘဲ အောင်မြင်မှုကိုလိုချင်၍မရပေ။ ကြိုးစားအားထုတ်သည့်နေရာတွင်လည်း ယုံကြည်မှုအပြည့်ဖြင့် ကြိုးစားကြရပေမည်။ မိမိတို့၏အိပ်မက်များကို ဖော်ဆောင်ရာ၌ တချို့သည် လမ်းတစ်ဝက်မှာတင် လက်လျှော့အရှုံးပေးသွားတတ်ကြသည်။ တစ်ခါလောက် လွဲချော်ရုံနှင့် "မဖြစ်နိုင်တော့ဘူး"ဆိုပြီး လက်ပြနောက်ဆုတ်သွားတတ်ကြ၏။

❖ မိမိအိပ်မက်များကို လက်တွေ့အကောင်အထည်ဖော်လိုသူသည် စိတ်ဆန္ဒပြင်းပြရပေမည်။ အောင်မြင်မှုကို အလိုရှိသောသူသည် အောင်မြင်ချင်သောဆန္ဒရှိရန် အထူးလိုအပ်ပေသည်။ ဆန္ဒရှိမှသာလျှင် ရည်ရွယ်ချက်ရှိပေမည်။ ရည်ရွယ်ချက်ရှိမှလည်း ဦးတည်ချက်ရှိပေမည်။ ထိုသို့ ဆန္ဒလည်းမရှိ၊ ရည်ရွယ်ချက်လည်းမရှိ၊ ဦးတည်ချက်လည်းမရှိလျှင် မိမိတို့၏အိပ်မက်များ ဝေဝါးပျောက်ကွယ်သွားတတ်ပေသည်။ အိပ်မက်များပျောက်ကွယ်သွားလျှင် အောင်မြင်မှုကိုလည်း ဆုံးရှုံးရမည်ဖြစ်သည်။ ❖

အောင်မြင်မှု၏လမ်းတိုင်းသည် ပန်းခင်းလမ်းကဲ့သို့ နူးညံ့သိမ်မွေ့သောလမ်းမျိုးမဟုတ်ပေ။ ဒုက္ခအခက်အခဲများ ဖြန့်ခင်းထားသော ကြမ်းတမ်းသောလမ်းမျိုးဖြစ်သည်။ ကြမ်းတမ်းသောလမ်းကိုလျှောက်လှမ်းရာတွင် တော်ရုံလုံ့လဝီရိယလောက်ဖြင့် မရနိုင်ပေ။ မဆုတ်မနစ်သော ကြိုးစားအားထုတ်မှုမျိုးရှိမှသာလျှင် ရင်ဆိုင်နိုင်မည်ဖြစ်သည်။ တစ်ကြိမ်မရလျှင် နှစ်ကြိမ်၊ နှစ်ကြိမ်မရလျှင် သုံးကြိမ် စသည်ဖြင့် ဇွဲမလျှော့သောစိတ်ဖြင့် ကြိုးစားကြရပေမည်။ ထိုသို့ကြိုးစားအားထုတ်မှုမျိုးရှိသူသာလျှင် အောင်မြင်မှုနှင့် ထိုက်တန်ပေမည်။ အောင်မြင်မှုပန်းတိုင်တံခါးများကလည်း အဆင်သင့်ဖွင့်လှစ်ပြီး လက်ကမ်းကြိုဆိုနေကြမည်ဖြစ်သည်။

လူတိုင်းလူတိုင်း အောင်မြင်ချင်သော စိတ်ဆန္ဒရှိတတ်ကြသည်။ သို့သော် ကြိုးစားအားထုတ်မှုအပိုင်းတွင် ပေါ့လျော့တတ်ကြပေသည်။ တချို့ကလည်း ဖြစ်မလားဆိုပြီး တစ်ခါလောက်ကြိုးစားကြည့်ကြသည်။ တစ်ခါ အခက်အခဲကြုံသည်နှင့် လက်လျှော့သွားတတ်ကြ၏။ တချို့ကျပြန်တော့လည်း ဖြစ်ချင်သောဆန္ဒသာရှိ၍ ကြိုးစားအားထုတ်မှုမရှိပေ။ ထိုသို့ကြိုးစားအားထုတ်မှုမရှိသောသူများ၏ အောင်မြင်မှုသည် စိတ်ကူးဖြင့်သာ အစပေါ်လာပြီး စိတ်ကူးဖြင့်သာ အဆုံးသတ်သွားတတ်ကြသည်။ ထို့ကြောင့် မိမိအိပ်မက်ကို အကောင်အထည်ဖော်ပြီး အောင်မြင်မှုကို လိုချင်သောသူသည် လုံ့လဝီရိယကိုမဖြစ်မနေထားရှိကြရမည်ဖြစ်သည်။

မိမိအိပ်မက်များကို လက်တွေ့အကောင်အထည်ဖော်လိုသူသည် စိတ်ဆန္ဒပြင်းပြရပေမည်။ အောင်မြင်မှုကို အလိုရှိသောသူသည် အောင်မြင်ချင်သောဆန္ဒရှိရန် အထူးလိုအပ်ပေသည်။ ဆန္ဒရှိမှသာလျှင် ရည်ရွယ်ချက်ရှိပေမည်။ ရည်ရွယ်ချက်ရှိမှလည်း ဦးတည်ချက်ရှိပေမည်။ ထိုသို့ဆန္ဒလည်းမရှိ၊ ရည်ရွယ်ချက်လည်းမရှိ၊ ဦးတည်ချက်လည်းမရှိလျှင် မိမိတို့၏အိပ်မက်များ ဝေဝါးပျောက်ကွယ်သွားတတ်ပေသည်။ အိပ်မက်များ ပျောက်ကွယ်သွားလျှင် အောင်မြင်မှုကိုလည်း ဆုံးရှုံးရမည်ဖြစ်သည်။

လူ့လောကထဲတွင် အချို့သောသူများသည် လုံ့လဝီရိယ အားကောင်းတတ်ကြသည်။ အလုပ်ဆိုလျှင် တက်တက်ကြွကြွဖြင့် ကြိုးစားအားထုတ်တတ်ကြသည်။ သို့သော် မိမိဖြစ်ချင်သည့်ဆန္ဒမှာ ပျောက်နေတတ်ကြသည်။ ထိုသူများသည် လုံ့လဝီရိယအကျိုးကိုခံစား၍ ဘဝတစ်ခုကို အဆင်ပြေပြေဖြတ်သန်းသွားနိုင်ကြသည်။ အောင်မြင်ကျော်ကြားသူတော့ ဖြစ်မလာကြပေ။ အကြောင်းမှာ ထိုသူတို့သည် လုံ့လဝီရိယရှိသော်လည်း ဆန္ဒမရှိသောကြောင့်ဖြစ်သည်။ မိမိတို့၏အိပ်မက်များ ပျောက်ကွယ်နေကြသောသူများဖြစ်ပေသည်။ ထိုသူများသာ အိပ်မက်ပန်းတိုင်တစ်ခုကို ရည်ရွယ်ချက်ရှိရှိဖြင့် လျှောက်လှမ်းပါက စောန်မုချအောင်မြင်ကြမည်ဖြစ်သည်။ လုံ့လဝီရိယသာရှိပြီး ဆန္ဒမရှိသောသူသည် တက်မပါ ရွက်မပါသည့် လှေငယ်တစ်စီးဖြင့် ပင်လယ်ခရီးသွားရသည်နှင့် တူပေသည်။ ရောင်ချင်ရာရောက်၊ မျောချင်ရာမျောနေမည်သာဖြစ်၏။ ဆန္ဒသည် မိမိ၏ဦးတည်ရာကို ဖြောင့်မတ်အောင် ပဲ့ကိုင်ပေးသော မာလိန်မှူးဖြစ်ပေသည်။ ဆန္ဒမပါလျှင် အောင်မြင်မှုပန်းတိုင်သို့မရောက်နိုင်ပေ။ ထို့ကြောင့် အိပ်မက်များကို အကောင်အထည်ဖော်ဆောင်ရာ၌ ဆန္ဒသည်လည်း မဖြစ်မနေရှိသင့်သော အရာတစ်ခုဖြစ်ပေသည်။

နောက်ဆုံးအနေဖြင့် ပြောလိုသည်မှာ ရိုးသားဖြောင့်မတ်ခြင်းဖြစ်သည်။ အလုပ်တစ်ခုသည် ရိုးရိုးသားသား မှန်မှန်ကန်ကန် ကြိုးစားမည်ဆိုပါလျှင် ရေရှည်အောင်မြင်နိုင်ပေသည်။ လူများသည်လည်း ရိုးသားဖြောင့်မတ်သူနှင့်သာ ကြာရှည်လက်တွဲချင်ကြပေသည်။ ရိုးသားဖြောင့်မတ်သူနှင့်သာ အလုပ်လုပ်ချင်ကြသည်။ ရိုးသားဖြောင့်မတ်မှုမရှိလျှင် လုပ်ဖော်ကိုင်ဖက်တို့၏ ယုံကြည်မှုကိုမရနိုင်ပေ။ ရိုးသားသူသာလျှင် အောင်မြင်မှုကို ရနိုင်ပေသည်။ မိမိတို့၏စိတ်ကူးယဉ်အိပ်မက်များကို လက်တွေ့အကောင်အထည်ဖော်ရာ၌ ရိုးသားဖြောင့်မတ်ခြင်းရှိရန်လည်း အထူးလိုအပ်လှပေသည်။ ထို့ကြောင့် ရိုးသားဖြောင့်မတ်ခြင်းဖြင့် မိမိတို့၏ စိတ်ကူးအိပ်မက်များကို လက်တွေ့ဖော်ဆောင်နိုင်ကြပါစေကြောင်း ရေးသားလိုက်ရပါသည်။

ဖျာပုံမောင်သုည

---

# ပေါက်ခေါင်းမြို့နယ် ဒလမဲကျေးရွာ၌ ဆိုလာမီးလင်းရေးလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**ပေါက်ခေါင်း ဇန်နဝါရီ ၁၇**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါက်ခေါင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ၊ ပြည်သူထည့်ဝင်ငွေများဖြင့် ဒလမဲကျေးရွာ၌ ဆိုလာမီးလင်းရေးလုပ်ငန်းဆောင်ရွက်နေမှုကို ယနေ့တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပေါက်ခေါင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခိုင်ခင်မြဝင်းနှင့် ဝန်ထမ်းများက ကျေးရွာမီးလင်းရေးကော်မတီဝင်များနှင့်အတူ ဒလမဲကျေးရွာ၌ တစ်အိမ်သုံး ဆိုလာမီးလင်းရေးလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးရာ တင်ဒါအောင်မြင်သည့် ကုမ္ပဏီမှ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုနှင့် လုပ်ငန်းတိုးတက်မှုကို ရှင်းလင်းတင်ပြပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာရပ်မိရပ်ဖများ၊ ကျေးရွာကော်မတီဝင်များ၊ ကုမ္ပဏီမှတာဝန်ရှိသူများနှင့်တွေ့ဆုံကာ လုပ်ငန်းများအားလုံး သတ်မှတ်ကာလအတွင်းအချိန်မီပြီးစီးရေး ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားခဲ့သည်။

ပေါက်ခေါင်းမြို့နယ် ဒလမဲကျေးရွာ၌ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေကျပ် ၆၄ ဒသမ ၅ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၇ ဒသမ ၄ သန်း စုစုပေါင်းကျပ် ၇၁ ဒသမ ၉ သန်းအသုံးပြုပြီး ၆၀ ဝပ်ရှိ ဆိုလာ ၁၃၉ လုံး၊ ၁၀၀ ဝပ်ရှိ ဆိုလာသုံးလုံး စုစုပေါင်း ဆိုလာ ၁၄၂ လုံး တပ်ဆင်ခြင်းလုပ်ငန်းကို တင်ဒါအောင်မြင်သည့်ကုမ္ပဏီက ဇန်နဝါရီ ၁၄ ရက်မှစတင်ပြီး တာဝန်ယူဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၉၀ ရာခိုင်နှုန်းကျော် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း ပေါက်ခေါင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ် ဦးစီးမှူး ဒေါ်ခိုင်ခင်မြဝင်းက ပြောပြ၍ သိရသည်။

ကိုညို




ရတနာပုံစာအုပ်စင်တွင် မန္တလေးမြို့၌ အသစ်ထွက်ရှိသော စာအုပ်များကို စာပေချစ်သူများ သိရှိနိုင်ရန်အတွက် စုစည်း ဖော်ပြပေးလိုက်ပါသည်။

# လူ့ဘောင်လမ်းပြ ငါးရာ့ငါးဆယ် ပုံနှိပ်ထုတ်ဝေ



အလင်းသစ်စာပေက စတုတ္ထ အကြိမ်ထုတ်ဝေသော ဝဏ္ဏသီရိ ၏ လူ့ဘောင်လမ်းပြငါးရာ့ငါးဆယ် (ငါးရာ့ငါးဆယ် ဇာတ်တော်ထဲက အသိအလိမ္မာ သင်ခန်းစာများ) စာအုပ် ထွက်ရှိလာသည်။

ယခုစာအုပ်တွင် ထပ်ဆင့်စကား ဦးနှင့် စကားဦးဟူ၍ အမှာစာများ ပါရှိပြီး စကားဦးမှကောက်နုတ်ဖော်ပြရလျှင် ဇာတ်တော်များတွင်ပါဝင်သော အလောင်းတော်အသီးသီးတို့၏ တရားစကားများ၊ အဆုံးအမများကို ကြားနာရသောအားဖြင့် လူငယ်လူရွယ်များအတွက် အသိအလိမ္မာတိုးတက်၍ ကြွယ်လာကြပါလိမ့်မည် စသည်ဖြင့် ဖော်ပြပါရှိသည်။

ယခုစာအုပ်တွင် ၁။ စည်းကမ်းဟူသည် လူ၏တန်ဖိုး၊ ၂။ ခေါင်းဆောင်ပီပီ အာဇာနည်စိတ်ဓာတ်၊ ၃။ ပြည်သူ့တာဝန် ကျေပွန်ပါစေ၊ ၄။ အများအကျိုးဆောင် ကိုယ့်အကျိုးအောင်၊ ၅။ မိဘတို့၏အနန္တဂုဏ်ရည်၊ ၆။ မြတ်ဆရာတို့၏ နာသုံးနာ၊ ၇။ ဌွဲ၊ လုံ့လရှိကြမှတော်မည်၊ ၈။ မဟော့ရမ်းသည့် ရဲစွမ်းသတ္တိ၊ ၉။ သတိတမန်ဉာဏ်မြေကတုတ်၊ ၁၀။ လောဘရမ္မက် ကိုယ်ကျိုးဖျက်၊ ၁၁။ အကောက်ကြံ၍ ဘေးဒဏ်ထိ၊ ၁၂။ လာမည့်ဘေးအဝေးကရှောင်၊ ၁၃။ အသက်ရှည်ရာ အနာမဲ့ကြောင်း စသည့် အခန်း ၂၀ ခန်းပါရှိပြီး အခန်းတစ်ခုချင်းစီတွင် ခေါင်းစဉ်ခွဲ အသီးသီးဖြင့် ရေးသားဖော်ပြထားကြောင်း တွေ့ရသည်။

ယခုစာအုပ်ပါ သူတော်စင်နှင့် မြက်တစ်မျှင်မှ ကောက်နုတ်ဖော်ပြရလျှင်"ဒါယကာ၊ သင်တို့အိမ်က ထွက်ခဲ့တုန်းမှာ အိမ်တံစက်မြိတ်က မြက်တစ်မျှင်ဟာ ငါ့ဆံကျစ်ကြားမှာ ညပ်ပါလာခဲ့တယ်။ သူ မပေးတဲ့ ပစ္စည်းဥစ္စာဆိုတာ မြက်တစ်မျှင်က စပြီး ငါတို့ရသေ့များနဲ့ မအပ်စပ်ဘူး။ ဒါကြောင့် သင်ဒါယကာတို့ ဥစ္စာဖြစ်တဲ့မြက်တစ်မျှင်ကို လာပြီး ပေးအပ်ပါတယ်" စာ-၅၄၇ မှ

ယခုစာအုပ်ကို အုပ်ရေ ၁၀၀၀ ပုံနှိပ်ထုတ်ဝေပြီး တန်ဖိုးငွေကျပ် ၁၂၀၀၀ ဖြင့် ဖြန့်ချိကြောင်း သိရသည်။

# တံငါအသည်း မာရဲသလားဟေ့ ထုတ်ဝေဖြန့်ချိ



ကောင်းဆုသာစာပေက ဒုတိယ အကြိမ်ထုတ်ဝေသော မောင်ခြိမ့်၏ တံငါအသည်း မာရဲသလားဟေ့ ဝတ္ထုတိုပေါင်းချုပ်စာအုပ် ထွက်ရှိလာသည်။

ယခုစာအုပ်သည် ၂၀၀၈ ခုနှစ်၊ ပခုက္ကူဦးအုံးဖေစာပေဆုနှင့် ၂၀၀၉ ခုနှစ်၊ အမျိုးသားစာပေဆုဆွတ်ခူး ရရှိခဲ့သည့်စာအုပ်ဖြစ်သည်။ ယခုစာအုပ်တွင် စာရေးသူ၏ အမှာစကားနှင့် ရင်တွင်းစကားများပါရှိပြီး အမှာစကားမှ ကောက်နုတ်ဖော်ပြရလျှင် တံငါတို့သည် သူတို့ကျင်လည်ရာ ဘဝပေးအခြေအနေအရ ကိုယ်အမှုအရာ၊ နှုတ်အမှုအရာများ ကြမ်းတမ်းကြလေ့ရှိပါသည်။ သို့သော် သူတို့၏စိတ်ထားနှလုံးသားများကတော့ ဖြူစင်ကြပါသည်။ စာနာတတ်ကြသည်။ ရိုးသားဖြောင့်မတ်ကြသည်။ ဘဝတူတံငါအချင်းချင်း ရိုင်းပင်းစာနာတတ်ကြ၏ စသည်ဖြင့် ဖော်ပြပါရှိသည်။

ယခုစာအုပ်တွင် တံငါအသည်း မာရဲသလားဟေ့၊ မယ့်ချစ်ခြင်းကို ကွင်းအောင်တစေ၊ ဇင်းရှော၊ ရေတက်ဦးမှာမြူးလေသည်၊ ထမ်းပိုး၏ အခြားတစ်ဖက်မှာ၊ သို့သော် အစဉ်ပူနွေးနေ စသည့်ဝတ္ထုတို ၁၃ ပုဒ် ပါဝင်ကြောင်း တွေ့ရသည်။

ယခုစာအုပ်ပါ ရေတက်ဦးမှာမြူးလေသည်မှ ကောက်နုတ်ဖော်ပြရလျှင် ဟိုး မြစ်မကြီးဆီကနေ တောင်ဘက်တန်းတန်းခွဲထွက်စီးဝင်လာခဲ့သော ချောင်းကလေးသည် အရိပ်အာဝါသကလည်းကောင်း ချောင်းစောက်ရေနေကလည်းကောင်းလှသဖြင့် ငါး၊ ပုစွန်တွေခိုအောင်းပျော်မြူးကြလေ့ရှိ၏။ ညက ရေတက်ဦးမှစ၍ ရေပြည့်ခါနီးအထိ အိမ်နားက ချောင်းအကွေ့တွင် ရေဦးတိုက်သံ တဟဲဟဲ၊ တရှဲရှဲနှင့်အတူ ရေပေါ်ရှပ်ပြေးကူးခပ်လေ့ရှိသော ငါးကလေးများကို လိုက်လံထိုးဟပ်နေကြသော ငါးကြီးတွေ၏ ဆူပွက်သံက သောသောညံမျှ ကျယ်လောင်လှ၏။ စာ-၅၆ မှ

ယခုစာအုပ်ကို အုပ်ရေ ၇၀၀ ပုံနှိပ်ထုတ်ဝေပြီး တန်ဖိုးငွေကျပ် ၅၅၀၀ ဖြင့် ဖြန့်ချိကြောင်းသိရသည်။

# လမ်း၏ခြေရာ ထွက်ရှိလာ




ကောင်းဆုသာစာပေက ထုတ်ဝေသော မောင်အေးကို(ပေါင်းတလည်)၏ လမ်း၏ခြေရာ လုံးချင်းဝတ္ထုစာအုပ် ထွက်ရှိလာသည်။

ယခုစာအုပ်တွင် စာရေးသူ၏ အမှာစာ လမ်း၏ခြေရာရဲ့လမ်းအစ ပါရှိပြီး ကောက်နုတ်ဖော်ပြရလျှင် တကယ်တော့ ကျွန်တော်ဟာ တစ်သက်လုံးတင်းခံထားခဲ့တဲ့ ဝတ္ထုတိုဘောင်ကနေ ကျော်လွန်လျှောက်လှမ်းလာပြီး လုံးချင်းဝတ္ထုရှည်နယ်မြေထဲကို မသိမသာရောက်နေပြီဖြစ်ကြောင်း၊ အဲဒီအချိန်ထိ ကိုယ့်ကိုယ်ကိုယ် သတိမပြုမိခဲ့သေးပါဘူး စသည်ဖြင့် ဖော်ပြပါရှိသည်။

ယခုစာအုပ်မှာ ဒေါ်မြင့်မြင့်မော်၊ ဦးစိုးမြင့်၊ အိပြည့်မွန်၊ လဲ့ရည်စသည့် ဇာတ်ဆောင်များဖြင့် ယှက်ဖွဲ့ထားသည့် ဇာတ်လမ်းတစ်ပုဒ်ဖြစ်ပြီး ကျောင်းဆင်းချိန် အခန်းထဲကထွက်လာကြသော ကျောင်းသား၊ ကျောင်းသူများကို သရုပ်ဖော်ထားသည်။ တစ်နေရာတွင်မူ "မသိဘူးလေ၊ လဲ့ရည်ပြောတဲ့အချိန် နင်ကငြိမ်ပြီး မုန့်ဟင်းခါးပဲ စားနေတာဆိုတော့ သိပ်ပြီးတော့များ အကျေနပ်ကြီး ကျေနပ်နေသလားလို့၊ ပြီးတော့လဲ လဲ့ရည်ကိုများ ကျိတ်ကြိုက်နေသလားလို့လေ" ခန့်ကို တစ်ချက်ပြုံးမိသည်။ အိပြည့်မွန်တစ်ယောက် လဲ့ရည်စကားနှင့်ပတ်သက်၍ ကျွဲမြီးတိုနေသည်ကိုး။ "ဖြစ်ရတယ် အိပြည့်မွန်ရယ်၊ ငါက လဲ့ရည်ကိုကြိုက်စရာလား၊ ငါကြိုက်မဲ့ရသူက ဟောဒီ လယ်ဝေးမြို့မှာ. . . အိုဟာ. . . လယ်ဝေးမြို့တင်မဟုတ်ဘူး။ ဟောဒီလောကကြီးမှာ တစ်ယောက်တည်းပဲရှိတယ်"။ "တစ်ယောက်တည်း ဟုတ်လား၊ အဲဒီတစ်ယောက်က ဘယ်သူလဲ" "ဘယ်သူရမလဲ. . . နင်ပဲပေါ့" အိပြည့်မွန်မျက်လွှာချရင်း ခေါင်းကို ချက်ချင်းငုံ့ပစ်သည်" စသည်ဖြင့် တွေ့ရသည်။

ယခုစာအုပ်တွင် ခန့်ကိုနှင့်အိပြည့်မွန်တို့မှာ ချစ်သူနှစ်ဦးဘဝရောက်ခဲ့သော်လည်း ဇာတ်လမ်းအဆုံးတွင် တစ်ဦးနှင့်တစ်ဦး ကွဲကွာသွားကြကာ ခန့်ကိုမှာ ထင်ယောင်မှားစိတ်ခံစားမှုများဖြင့် ဝရံတာမှ ပြုတ်ကျကာ ကွယ်လွန်သွားခဲ့ပုံကို တွေ့ရသည်။ လူမှုဘဝပညာပေးဝတ္ထုဇာတ်လမ်းတစ်ပုဒ်ဖြစ်သည်။

ယခုစာအုပ်ကို အုပ်ရေ ၇၀၀ ပုံနှိပ်ထုတ်ဝေပြီး တန်ဖိုးငွေကျပ် ၅၅၀၀ ဖြင့် ဖြန့်ချိကြောင်း သိရသည်။

# ရွှေပန်းကန်ပေါ်ကျတဲ့မျက်ရည် ထုတ်ဝေဖြန့်ချိ




ကောင်းဆုသာစာပေက ထုတ်ဝေသော သန်လျင်မောင်မောင်ဦး ၏ ရွှေပန်းကန်ပေါ်ကျတဲ့မျက်ရည် လုံးချင်းဝတ္ထုစာအုပ် ထွက်ရှိလာသည်။

ယခုစာအုပ်တွင် စာရေးသူ၏ အမှာစာ(အမုန်းကိုချစ်သည် တစ်ဖြစ်လဲ ဇာတ်လမ်း)ပါရှိပြီး ကောက်နုတ်ဖော်ပြရလျှင် အကြောင်းက သည်လို။ သည်ဇာတ်လမ်းသည် ကျွန်တော်တို့ သန်လျင်က မြင်းလှည်းမောင်း လှည်းသမားတစ်ဦး၏ ရင်နှင့်ဖွယ်ကောင်းသော တကယ့်ဖြစ်ရပ်မှန်ဇာတ်လမ်းဖြစ်လေသည် စသည်ဖြင့် တွေ့ရသည်။

ယခုစာအုပ်တွင် မြအိကို ရည်းစားစာ ပေးထားသူ ဖေထွန်းအောင်နှင့် မြအိတို့တွေ့ဆုံခန်းဖြင့် စတင်ထားသည်။ ဆက်လက်၍ မြအိအစ်ကို မြင်းလှည်းမောင်းသမား ဖိုးထောင်နှင့် ကားသမားသူငယ်ချင်းတို့ အရက်ဝိုင်းမှာ ဆုံနေကြပုံနှင့် ဖိုးထောင်အိမ်ပြန်လာပုံကို ဆက်လက်ဖော်ပြထားသည်။ "ကိုကြီးရယ် ဒီအရက်တွေမသောက်ပါနဲ့ဆိုတာ ပြောလို့လဲမရဘူး"ဟု မြအိက ပြောပုံနှင့် မောင်နှမသံယောဇဉ်ကို ဖော်ပြထားသည်။ ဆက်လက်၍ မြအိကို ဖေထွန်းအောင်က စောင့်ဆိုင်းနေပုံ မြအိက ဖေထွန်းအောင်ကို ချေးခြင်းထဲထည့်လာသော ဝတ္ထုစာအုပ်ထုတ်ပေးလိုက်ပုံ၊ ဖေထွန်းအောင်ပျော်ရွှင်သွားပုံကို တွေ့ရသည်။

မြအိနှင့် ဖေထွန်းအောင်တို့ ချစ်သူဘဝသို့ ရောက်ရှိသွားကြပြီး ဖိုးထောင် မြင်းလှည်းမောင်းသမားဘဝကျင်လည်ရပုံကိုလည်းကောင်း၊ ဗိုက်တစ်လုံးနှင့်ကျန်ရစ်သော မြအိဘဝကိုလည်းကောင်း၊ ဆေးရုံတွင် မီးဖွားနေသော မြအိကိုလည်းကောင်း၊ တစ်ကွက်ချင်းသရုပ်ဖော်သွားသည့် မြအိမှာ မီးတွင်းထဲတွင်ဆုံးသွားပြီး သမီးကလေးကို ဖိုးထောင်နှင့်ထားရစ်ခဲ့သည်ကိုလည်း ဇာတ်ရှိန်မြှင့်ဖော်ပြထားသည်။ ဖြစ်ရပ်မှန်ကို အခြေခံထားသည်ဟုဆိုသော ယခုဝတ္ထုဇာတ်သိမ်းမှာ နာကျင်ဖွယ်ဖြစ်သည်။

ယခုစာအုပ်ကို အုပ်ရေ ၇၀၀ ပုံနှိပ်ထုတ်ဝေပြီး တန်ဖိုးငွေကျပ် ၆၅၀၀ ဖြင့်ဖြန့်ချိကြောင်း သိရသည်။

# ကျေးလက်အမေနှင့် အခြားကဗျာများ ပုံနှိပ်ထုတ်ဝေ




ချင်းတွင်းဂုဏ်ရည်စာပေက ထုတ်ဝေသော ဖေသိန်းဦး(မုံရွာ)၏ ကျေးလက်အမေနှင့် အခြားကဗျာများစာအုပ် ထွက်ရှိလာသည်။

ယခုစာအုပ်တွင် နေမင်းသန်း (မဲခေါင်စာပေဆုရ)၏ အမှာစာ ပါရှိပြီး ကောက်နုတ်ဖော်ပြရလျှင် ဆရာဖေသိန်းဦး(မုံရွာ)၏ ကဗျာများသည် ဝါရင့်သမ္မာရင့် ကလောင်ရှင်ပီပီ "ကာရန်အသံ၊ စပ်နည်းမှန်၊ မြန်မာ့ဂန္ထဝင်ကဗျာစံနှင့်အညီ ရေးဖွဲ့ထားသည့်အတွက် မြန်မာကဗျာ စစ်စစ်များသာ ဖြစ်ပါသည်" စသည်ဖြင့် ဖော်ပြပါရှိသည်။

ယခုစာအုပ်တွင် ကျေးလက်အမေမှ ခွင့်ပန်လျှောက်ထားလွှာထိ ကဗျာပုဒ်ရေ ၁၀၀ ကျော်ပါဝင်ပြီး ကျေးလက်အမေကဗျာကို ဤသို့ ဖတ်ရှုနိုင်သည်။


**ကျေးလက်အမေ**

လျှပ်စစ်မီးဆိုတာ
အမေ့မှာ မရှိ။
လသာလျှင်သာ
လမသာမီးအိမ်ဝင်းလို့
လင်းရပါ၏။
ပန်ကာဆိုတာ
အမေ့မှာ မရှိ
လေလာလျှင်လာ
လေမလာနီးယပ်လေးနဲ့
အေးရပါ၏။
အခွေးထည်ဆွယ်တာ
အမေ့မှာ မရှိ
နေသာလျှင်သာ
နေမသာချည်စောင်လေးနဲ့
ကွေးရပါ၏။
ကိုယ့်ဓလေ့ ကိုယ့်စရိုက်
နှစ်ခြိုက်လို့ပျော်နေ
အရာရာတပ်မက်မှု
မပြုခဲ့ပေ။
ရှိတာနဲ့သင့်အောင်နေ
ချွေတာလို့ စိတ်မပန်း။
အမေ့ဘဝမှာဖြင့်
လောဘ သူမဝင်လို့
ဒေါသ သူမဝင်ဘူ
မောဟမြူအစဉ်ပတယ်
ထာဝရအေးချမ်း။

ယခုစာအုပ်ကို အုပ်ရေ ၅၀၀ ပုံနှိပ်ထုတ်ဝေပြီး တန်ဖိုးငွေကျပ် ၃၅၀၀ ဖြင့် ဖြန့်ချိကြောင်း သိရသည်။

နေမျိုး
စုစည်းသည်

# ကန့်ဘလူမြို့နယ်အတွင်း ရေလှောင်တမံ ငါးခုနှင့် လျှပ်စစ်ရေတင်တစ်ခုတို့မှ နွေစပါးဧက ၂၆၅၁၀ ကို စိုက်ပျိုးရေပေးဝေမည်



ကန့်ဘလူမြို့နယ်အတွင်း ကျေးပင်အက်ရေလှောင်တမံကို တွေ့ရစဉ်။

**ကန့်ဘလူ ဇန်နဝါရီ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်အတွင်းရှိ ရေလှောင်တမံငါးခုနှင့် လျှပ်စစ်ရေတင်လုပ်ငန်းတစ်ခုတို့မှ နွေစပါးဧက ၂၆၅၁၀ အတွက် ဖေဖော်ဝါရီလ ပထမပတ်တွင် စိုက်ပျိုးရေများ စတင်ပေးဝေသွားမည်ဖြစ်ကြောင်း ကန့်ဘလူမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

ကန့်ဘလူမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် မြို့နယ်အတွင်းရှိ ဒေသခံတောင်သူများ ရာသီအလိုက်သီးနှံများ အချိန်မီစိုက်ပျိုးနိုင်ရန်နှင့် စိုက်ပျိုးရေဖူလုံစေရန်အတွက် နှစ်စဉ်ရေလှောင်တမံများမှ စိုက်ပျိုးရေများကို ရေပေးမြောင်းများမှတစ်ဆင့် လယ်ယာမြေစိုက်ခင်းများအရောက် စနစ်တကျဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

"နိုင်ငံတော်ရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကကျတဲ့ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ စိုက်ပျိုးထုတ်ကုန်တွေတိုးတက်ရေးနဲ့ အထောက်အကူပြုစေဖို့အတွက် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနနဲ့ တည်ဆောက်ရေး လုပ်ငန်းဌာနတို့က မြစ်ချောင်းတွေ၊ ဆည်တွေ၊ တာတမံတွေ၊မြေအောက်ရေဖော်ထုတ်ရေး စီမံကိန်းတွေကို ဆောင်ရွက်ပေးနေပါတယ်။ ဒီနှစ် နွေစပါးစိုက်ပျိုးရာသီမှာ ကင်းတပ်လက်ဝဲတူးမြောင်း (OMC)မှ နွေစပါးဧက ၂၂၉၀၀၊ ကျေးပင်အက်ရေလှောင်တမံမှ ဧက ၁၂၀၀၊ လင်ပန်းရေလှောင်တမံမှ ဧက ၃၀၀၊ မင်းမြင်ရေလှောင်တမံမှ ဧက ၃၀၀၊ သိန်ရင်ရေလှောင်တမံမှ ဧက ၅၀၀ နဲ့ လျှပ်စစ်ရေတင်လုပ်ငန်းမှ ဧက ၁၃၁၀ စုစုပေါင်းဧက ၂၆၅၁၀ ကို ဆည်ရေများ ပေးဝေသွားမှာဖြစ်ပါတယ်"ဟု မြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးကျော်မိုးအောင်က ပြောပြသည်။

ကန့်ဘလူမြို့နယ်အတွင်းမှ ဒေသခံတောင်သူများ နွေစပါးစိုက်ပျိုးရေ အပြည့်အဝရရှိစေရန် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ရှိသူများက သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းပြီး မြောင်းအလိုက် ရေပေးဝေရေးလုပ်ငန်းများကို စနစ်တကျ လိုက်လံစစ်ဆေးခြင်း၊ ဆည်ရေအသုံးချရေးအဖွဲ့များ ဖွဲ့စည်းကာ ရေလိုအပ်သည့်မြောင်းလက်တံများတွင် ရေလှည့်စနစ်များပြုလုပ်၍ ရေပေးဝေခြင်းတို့ဖြင့် ဒေသတွင်း စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ပြီး စားနပ်ရိက္ခာဖူလုံရေး၊ တောင်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး လိုအပ်သည်များကို အလေးထား ဆောင်ရွက်ပေးနေကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

# မင်းပြားမြို့နယ် မြင်းကပ်ဆိပ်ကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှု စစ်ဆေး

**မင်းပြား ဇန်နဝါရီ ၁၇**

ရခိုင်ပြည်နယ် မြောက်ဦးခရိုင် မင်းပြားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ၏ ထုတ်ကုန်၊ ထွက်ကုန်များ ရာသီမရွေး ဈေးကွက်သို့အလွယ်တကူ သယ်ယူပို့ဆောင်နိုင်ရန် ရည်ရွယ်၍ မြင်းကပ်ဆိပ်ကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှုအခြေအနေများကို ဇန်နဝါရီ ၁၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မင်းပြားမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သိန်းနှင့် တာဝန်ခံအင်ဂျင်နီယာတို့က ကျေးရွာလမ်းကော်မတီဝင်များနှင့်အတူ မြင်းကပ်ဆိပ်ကျေးရွာ ကုန်ထုတ်လမ်း ဖောက်လုပ်နေမှုအခြေအနေများကို ကွင်းဆင်းစစ်ဆေးပြီး မင်းပြားမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သိန်းက သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးပြည့်မီစေရေး ဆောင်ရွက်သွားရန် ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။

၂၀၂၂- ၂၀၂၃ ဘဏ္ဍာနှစ်တွင် မင်းပြားမြို့နယ်အတွင်း မြင်းကပ်ဆိပ်ကျေးရွာ၌ ကုန်ထုတ်လမ်းအရှည် ၁ ဒသမ ၅ မိုင်၊ အကျယ် ၁၂ ပေ၊ အမြင့် နှစ်ပေကျော်လက်မရှိ ဖြုန်းကျောက် လမ်းခင်းခြင်းလုပ်ငန်းနှင့် အဆိုပါလမ်းပေါ်၌ Box Culvert ခြောက်စင်း တည်ဆောက်ခြင်းလုပ်ငန်းများကို ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေကျပ် ၁၀၁ သန်းဖြင့် ထူးအေးရိပ်ကုမ္ပဏီက ၂၀၂၂ ခုနှစ် ဇွန် ၃ ရက်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ဇန်နဝါရီ ၁၆ ရက်ထိ ၈၇ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ကျေးလက်ကုန်ထုတ်လမ်း ရာနှုန်းပြည့်ဖောက်လုပ်ဆောင်ရွက်ပြီးစီးပါက မြင်းကပ်ဆိပ်ကျေးရွာရှိ အိမ်ခြေ ၂၂၃၊ လူဦးရေ ၁၀၈၆ ဦးတို့အတွက် လမ်းပန်းဆက်သွယ်ရေးအဆင်ပြေလွယ်ကူ ချောမွေ့သွားမည်ဖြစ်ကြောင်း မင်းပြားမြို့နယ်ဦးစီးမှူး ဦးမောင်မောင်သိန်းက ပြောပြ၍ သိရသည်။

**ကိုသန်း**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်မြို့တော်များ၏ ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၈-၁-၂၀၂၃

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၁၅၅ | ၂၂၀၅ | ၂၂၀၀ | ၂၁၆၅ | ၂၂၀၅ | ၂၂၂၅ | ၂၂၁၀ | ၂၁၉၀ | ၂၂၈၅ | ၂၃၀၅ | ၂၁၉၅ | ၂၂၀၅ | ၂၂၄၀ | ၂၂၄၀ | ၂၂၄၅ | ၂၄၇၅ | ၂၉၀၀ |
| 95 Ron | ၂၂၁၅ | ၂၂၆၅ | ၂၂၆၅ | ၂၂၂၅ | ၂၂၆၅ | ၂၂၈၅ | ၂၂၇၀ | ၂၂၅၀ | ၂၃၅၀ | ၂၃၆၅ | ၂၂၅၅ | ၂၂၇၅ | ၂၃၀၀ | ၂၃၀၅ | ၂၃၀၅ | ၂၅၃၅ | ၂၉၈၀ |
| HSD (500 ppm) | ၂၄၃၅ | ၂၄၈၅ | ၂၄၈၀ | ၂၄၄၀ | ၂၄၈၀ | ၂၅၀၅ | ၂၅၀၀ | ၂၄၆၅ | ၂၅၈၅ | ၂၅၈၀ | ၂၄၇၅ | ၂၄၈၅ | ၂၅၂၀ | ၂၅၂၀ | ၂၅၂၅ | ၂၇၅၀ | ၃၅၀၀ |
| HSD (50 ppm) | ၂၅၁၅ | ၂၅၆၅ | ၂၅၆၀ | ၂၅၂၀ | ၂၅၆၀ | ၂၅၈၅ | ၂၅၈၀ | ၂၅၄၅ | ၂၆၆၅ | ၂၆၆၀ | ၂၅၅၅ | ၂၅၆၅ | ၂၆၀၀ | ၂၆၀၀ | ၂၆၀၅ | ၂၈၃၀ | ၃၅၃၀ |
| HSD (10 ppm) | ၂၅၁၅ | ၂၅၆၅ | ၂၅၆၀ | ၂၅၂၀ | ၂၅၆၀ | ၂၅၈၅ | ၂၅၈၀ | ၂၅၄၅ | ၂၆၆၅ | ၂၆၆၀ | ၂၅၅၅ | ၂၅၆၅ | ၂၆၀၀ | ၂၆၀၀ | ၂၆၀၅ | ၂၈၃၀ | ၃၅၃၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၀၄၆ | ၂၁၂၁ |
| 95 Ron | ၂၁၀၅ | ၂၁၈၁ |
| HSD (500 ppm) | ၂၃၁၉ | ၂၃၉၅ |
| HSD (50 ppm) | ၂၃၉၃ | ၂၄၇၁ |
| HSD (10 ppm) | ၂၃၉၃ | ၂၄၇၁ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ







မဟာမုနိဘုရားကြီး ဂေါပကအဖွဲ့

မန္တလေး

## ချိပ်ပိတ်ဈေးပြိုင်တင်ဒါခေါ်ယူခြင်း

မန္တလေးမြို့၊ မဟာမုနိဘုရားကြီးဘဏ္ဍာတော်ပိုင် အောက်ပါဆိုင်ခန်းများကို ချိပ်ပိတ်ဈေးပြိုင်တင်ဒါစနစ်ဖြင့် ငှားရမ်းမည်ဖြစ်ပါသည်-

**(၁) မြောက်စောင်းတန်းမုခ်ဦး ကျောက်ပြာသာဒ်ရှိ ဆိုင်ခန်းအမှတ်(၁၁)၊ (၁၂)**

**(၂) ဘဏ္ဍာတော်ပိုင် ကျောက်ဆစ်တန်းမြေညီထပ်ရှိ ဆိုင်ခန်းအမှတ် နှစ်ခန်းတွဲ (၄၁+၄၂)၊ (၄၃+၄၄)၊ (၄၅+၄၆) နှင့် ဆိုင်ခန်းအမှတ် (၄၇) တစ်ခန်း**

ဈေးပြိုင်လျှောက်လွှာနှင့် အသေးစိတ်သိလိုသည့် အချက်အလက်များပါဝင်သော လျှောက်လွှာတစ်စုံလျှင် **ငွေကျပ် (၂၀,၀၀၀/-)**နှုန်းဖြင့် မဟာမုနိဂေါပကအဖွဲ့ရုံး၊ အခွန်ဘဏ္ဍာဌာနတွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

တင်ဒါပိတ်ရက်မှာ (၃၀-၁-၂၀၂၃)ရက်၊ (တနင်္လာ)နေ့၊ ညနေ (၃း၀၀)နာရီတိတိဖြစ်ပါသည်။

– **စုံစမ်းရန်– ၀၉–၂၂၂၈၀၀၁၂၊ ၀၉–၄၄၄၀၄၄၄၇၅**

**မဟာမုနိဂေါပကအဖွဲ့**

## ကန့်ကွက်နိုင်ကြောင်းနှင့် အများသိစေရန် ကြေညာခြင်း

ဘုရင့်နောင်ရပ်ကွက်၊ တပ်ကုန်းမြို့၊ နေပြည်တော်နေ မအေးသန္တာ မှ **(1) ချမ်းသာ (2) ရှင်းသန့် (3) မွေ့ (4) ကြည်သန့်စင်** အမည်(၄)မျိုးအနက်မှ သင့်လျော်သော အမည်အမှတ်တံဆိပ်တစ်ခုဖြင့် သောက်ရေသန့် ထုတ်လုပ်ရောင်းချရန် စီစဉ်ထားရှိပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံတစ်ဝှမ်းတွင်ရှိသော သောက်ရေသန့်စက်ရုံများမှ အမည်တူရှိပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြေညာချက်ပါသည့်ရက်မှစ၍ (၇)ရက်အတွင်း မအေးသန္တာ ထံသို့ လူကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ ဖုန်းဖြင့်ဖြစ်စေ ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမပြုပါက သတင်းစာကြေညာချက်နှင့်အတူ အသုံးပြုလိုသော အမှတ်တံဆိပ်အမည်ဖြင့် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသို့ အမည်ထောက်ခံချက် ဆက်လက်လျှောက်ထားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မအေးသန္တာ (၉/တကန(နိုင်)၀၀၀၀၉၀)**

**ဘုရင့်နောင်ရပ်ကွက်၊ တပ်ကုန်းမြို့၊ နေပြည်တော်။ ၀၉–၆၉၁၉၄၀၉၉၈**

## အမည်ပြောင်း

ဦးမောင်မောင် (ခ) ဦးညွန့်မောင်မောင် ၏သမီး၊ မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ပင်မကိုယ်ပိုင်အထက်တန်းကျောင်း သတ္တမတန်း(အောင်)တွင် ပညာသင်ကြားခဲ့သော မသိမ့်ရွှေရည်မောင် အား မညိုရည်လင်းထက် ဟု ပြောင်းလဲခေါ်ပါရန်။ **မညိုရည်လင်းထက်**

“အဂတိပယ်ခွာ ပြည်သာယာ”

Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

---

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇–၈၁၀၃၃၄၇၊
၀၆၇–၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm။
Website Address – http://www.accm.gov.mm

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်**

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

**၂။ စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

**၃။ လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့်ပညာရည်မြင့်မားရေး။

❖ ပြည်ပပို့ကုန်တိုးမြှင့်တင်ပို့နိုင်ရန်အတွက် ရေးဆွဲအကောင်အထည်ဖော်လျက်ရှိသည့် **အမျိုးသားပို့ကုန်မဟာဗျူဟာ** ၏ ဦးစားပေးပို့ကုန်အမယ်ထဲတွင် ဆန်နှင့်ဆန်ထွက်ပစ္စည်းကဏ္ဍသည် ဦးစားပေးကဏ္ဍတစ်ရပ်အဖြစ်ပါဝင်...

❖ ဆန်စပါးတင်ပို့မှုမြှင့်တင်ရေးမဟာဗျူဟာ၏မျှော်မှန်းချက်သည် **ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဝင်ငွေတိုးပွားလာစေရေးအတွက် အရည်အသွေးမြင့်မားပြီး သဘာဝပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေဖြစ်မည့် ရေရှည်ဖွံ့ဖြိုးတိုးတက်သည့် ဆန်စပါးထုတ်လုပ်ရေးနှင့် တင်ပို့ရေး ဖြစ်...**

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ် အောက်တိုဘာ ၆ ရက်တွင် ကျင်းပပြုလုပ်သော မြန်မာ့ဆန်စပါးညီလာခံ-၂၀၂၂ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)**

# သံတောင်ကြီးမြို့နယ်၌ အကြမ်းဖက်သမားများက သပြေညွန့်-မုတ္တိမြောင်-ဇင်းတိုင်ကျေးရွာတို့သို့ ဆက်သွယ်ထားသည့် ယောက်တဝချောင်းကူးတံတားကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီး



ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ် သပြေညွန့်-မုတ္တိမြောင်-ဇင်းတိုင်ကျေးရွာတို့သို့ ဆက်သွယ်ထားသည့် ယောက်တဝချောင်းကူးတံတားအား အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့မှုကို တွေ့ရစဉ်။



အကြမ်းဖက်သမားများ၏ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့မှုကြောင့် ယောက်တဝချောင်းကူးတံတား ပျက်စီးမှုကို တွေ့ရစဉ်။

**နေပြည်တော် ဇန်နဝါရီ ၁၇**

ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ်၌ အကြမ်းဖက်သမားများက သပြေညွန့်-မုတ္တိမြောင်-ဇင်းတိုင်ကျေးရွာတို့သို့ ဆက်သွယ်ထားသည့် ယောက်တဝချောင်းကူးတံတားကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယနေ့နံနက် ၉ နာရီ မိနစ် ၅၀ ခန့်တွင် ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ် သပြေညွန့်-မုတ္တိမြောင်-ဇင်းတိုင်ကျေးရွာတို့သို့ ဆက်သွယ်ထားသည့် ယောက်တဝချောင်းကူးတံတားကို အကြမ်းဖက်အဖွဲ့က မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့ရာ ပေါက်ကွဲမှုကြောင့် အရှည်ပေ ၂၇၀၊ အကျယ် ၁၂ ပေ၊ အမြင့် ၁၅ ပေရှိ သံကူကွန်ကရစ်တံတား တစ်စင်းပြိုကျပျက်စီးခဲ့ပြီး လူနှင့်မော်တော်ယာဉ်များ ဖြတ်သန်းသွားလာ၍ မရကြောင်း သိရသည်။ **စာမျက်နှာ ၂၂ ကော်လံ ၁** ☆

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ချီးမြှင့်သည့် ဘွဲ့တံဆိပ်များ ချီးမြှင့်ပေးအပ်**

စာမျက်နှာ - ၁၇

**တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်) နှင့် မြစ်ရေယာဉ်(စကု)တို့ ဧရာဝတီတိုင်းဒေသကြီး ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ ကျေးရွာများ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ရန် ထွက်ခွာ**



စာမျက်နှာ - ၁၇

**၂၀၂၂ - ၂၀၂၃ ပညာသင်နှစ် အခြေခံပညာကျောင်းသားအားကစားပွဲတော် ဖွင့်ပွဲကျင်းပ**

စာမျက်နှာ - ၁၉



**ဗီယက်နမ်သမ္မတ ငုယင်ရွှန်ဖု ရာထူးမှ နုတ်ထွက်**

စာမျက်နှာ - ၆

OKKAN SUGAR MILL

ဥက္ကံ သကြားစက်၊ ရန်ကုန်တိုင်းဒေသကြီး

FDA ထောက်ခံချက်အမှတ်-စ၅/၂၁၃၄၆/ထလ
FDA Approved No. Sa 5/21346/Hta la











Phone; 09973037364(Office), 09971922346(Mill)

မြန်မာပြည်တွင်ထုတ်လုပ်သည်

သကြားဖြူ White Sugar